# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၂) ရက် ၊ သောကြာနေ့ ၊ (5-5-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၀၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# စင်ကာပူနှင့် အရှေ့တောင်အာရှ ဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး **His Eminence Sergiy** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် ရှေးယခင်ကတည်းက နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကောင်းမွန်ခဲ့မှုနှင့်တိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများ၊ **စာမျက်နှာ ၁၆ ကော်လံ ၅ ☞**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှ ဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**




ရတနာပုံ
၂၀၂၃ ခုနှစ် မေ ၅ ရက်
အယ်ဒီတာ့အာဘော်

# ၇၇ နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့

နှစ်စဉ် မေလ ၅ ရက်နေ့သည် မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာန၏ မီးသတ်တပ်ဖွဲ့နေ့ဖြစ်သည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကို ၁၉၄၆ ခုနှစ် မေလ ၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သောကြောင့် ၂၀၂၃ ခုနှစ် မေလ ၅ ရက်နေ့တွင် ၇၇ နှစ် ပြည့်မြောက်ပြီဖြစ်သည်။

မီးသတ်တပ်ဖွဲ့သည် နေ့စဉ်ကျင်လည်နေကြသော လူမှုဘဝများအတွင်း ပေါ့ဆမှုကြောင့်ဖြစ်စေ၊ အလိုအလျောက်လျှပ်ကူးမှုကြောင့်ဖြစ်စေ၊ သဘာဝအလျောက်ဖြစ်စေ၊ မသမာသူတို့၏ လှုံ့လပယောဂကြောင့်ဖြစ်စေ ပေါ်ပေါက်လာသော မီးလောင်ကျွမ်းမှုများကို ငြိမ်းသတ်၍ ကူညီမှုကယ်ဆယ်မှုပေးသည့် အဖွဲ့အစည်းဖြစ်သည်။

မြို့ပြလူနေမှုစနစ်ဖွံ့ဖြိုးမှုနှင့်အတူ မီးသတ်တပ်ဖွဲ့၏ အခန်းကဏ္ဍမှာ ပိုမိုအရေးပါလာခဲ့သည်။ ပလာဇာများ၊ ဈေးကြီးများ၊ အထပ်မြင့်လူနေအဆောက်အအုံများ ဆောက်လုပ်မည်ဆိုလျှင် မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်နိုင်မှု လွယ်ကူထိရောက်စေရန် ထည့်သွင်းတွက်ချက်ဆောက်လုပ်လာကြသည်။ မီးသတ်ရေငုတ်၊ စက်ရေတွင်း၊ အထပ်မြင့်အဆောက်အအုံများတွင် အရေးပေါ်ထွက်ပေါက် လူသွားလမ်းတို့ကို မီးလောင်မှုဖြစ်ပွားခဲ့ပါက ထိရောက်စွာငြိမ်းသတ်နိုင်ရန်အတွက် အဆောက်အအုံ ဗိသုကာဒီဇိုင်းတွင် ထည့်သွင်းတွက်ချက်၍ ဆောက်လုပ်လာကြသည်ကို တွေ့နိုင်သည်။

ထိုနည်းတူစွာပင် မီးငြိမ်းသတ်နည်းစနစ်နှင့် မီးသတ်ယာဉ်များမှာလဲ သမားရိုးကျငြိမ်းသတ်နည်းများမှ ခေတ်မီမီးသတ်ယာဉ်များ၊ ပြောင်းလဲတိုးတက်လာသော မီးငြိမ်းသတ်နည်းများဖြင့် ဆောင်ရွက်လျက်ရှိသလို အထူးလေ့ကျင့်မှုပြုလုပ်ထားသည့် မီးသတ်သမားများဖြင့် မီးဘေးအန္တရာယ်ကြုံတွေ့ရသူများကို သက်စွန့်ဆံဖျားကယ်ထုတ်ခြင်းဆောင်ရွက်နိုင်ရန် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ အထူးသဖြင့် အထပ်မြင့်အဆောက်အအုံများ မီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ပါက ခေတ်မီမီးသတ်ယာဉ်များ၊ ကိရိယာများကိုအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ အသက်ကယ်ခြင်းတို့ကို ပြုလုပ်နိုင်မည်ဖြစ်သည်။

မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးလောင်ကျွမ်းမှုဖြစ်ပွားလျှင် သွားရောက်ငြိမ်းသတ်ခြင်းအပြင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာရပါက ကူညီကယ်ဆယ်ပေးခြင်းလုပ်ငန်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့နိုင်သည်။ ရေကြီးနစ်မြုပ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ရေရှားမှုဖြစ်ပေါ်ခြင်းတို့တွင်လည်း မီးသတ်သမားများက လက်မနှေးဘဲ ဝင်ရောက်ကူညီဆောင်ရွက်ပေးနေသည်ကို တွေ့နိုင်ပေသည်။

မီးသတ်တပ်ဖွဲ့ကို မြို့တိုင်းနယ်တိုင်းတွင်ရှိနေရန် ဖွဲ့စည်းထားရှိပြီး ထိရောက်သော လူမှုကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် မီးလောင်မှုဖြစ်ပွားလွယ်သော ပူပြင်းခြောက်သွေ့သည့်ရာသီများတွင် အသင့်အနေအထားရှိနေရန် လိုအပ်သည်။

မီးသတ်တပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားဝံ့သော စွမ်းရည်သတ္တိ၊ မီးဘေးအန္တရာယ်ကြုံတွေ့နေရသည့်ပြည်သူများအပေါ် ကယ်ဆယ်ကူညီမှုပေးလိုသည့်စိတ်ဓာတ်နှင့် နိုင်ငံ၏အကျိုးစီးပွား၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်မှုပေးနိုင်သည့် လုပ်ရပ်များကို ယနေ့တွင် ကျရောက်သော ၇၇နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့၌ ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ၃၂ ကြိမ်ဖွင့်လှစ်ခဲ့



**မန္တလေး မေ ၄**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ၃၂ ကြိမ် ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများကို ၂၈ ကြိမ် လျာထားဖွင့်လှစ်ခဲ့ရာ ၃၂ ကြိမ် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၉၀၂ ဦးထိ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ သင်တန်းအကြိမ်ရေ လျာထားချက်ထက် ပိုမိုဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အဆိုပါသင်တန်းများကို ဆင်းရဲမှုလျှော့ချရေးနှင့် မြို့ပေါ်၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ဖွင့်လှစ်သင်ကြားပေးကြောင်း သိရသည်။

"အခုလို အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းတွေပေးနေတာဟာ တစ်နိုင်တစ်ပိုင်လုပ်ငန်းတွေ ထူထောင်နိုင်ဖို့အတွက် အဓိကထား သင်ကြားပေးနေတာပါ။ ပြီးခဲ့ဘဏ္ဍာနှစ်မှာတော့ သင်တန်းက လျာထားချက်ထက် ပိုမိုဖွင့်ပေးနိုင်ခဲ့ပါတယ်။ ဌာနက ကျွမ်းကျင်ပညာရှင်တွေက တတ်မြောက်တဲ့ထိ စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့ပါတယ်။ အသက်မွေးဝမ်းကျောင်းပညာ သင်တန်းတွေကို နှစ်စဉ် နယ်တွေကို ကွင်းဆင်းပြီး သင်ကြားပို့ချပေးနေတာတွေလဲ ရှိပါတယ်"ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

ထိုသို့ သင်ကြားပေးရာတွင် တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ လူသုံးကုန်၊ အလှကုန်ထုတ်လုပ်မှု သင်တန်း၊ အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်း၊ ရက်ကန်း စက်မောင်း၊ စက်ပြင်သင်တန်း၊ အခြေခံစက်ချုပ်သင်တန်း စသည့် သင်တန်းများကို သင်ကြားပို့ချပေးကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး မေ ၄**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ယခင်ပတ်များက အရောင်းအဝယ် အေးနေခဲ့သော်လည်း ယခုအခါ ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ်နိုင်ငံထုတ် နောက်ဆုံးမော်ဒယ်ဘီးများ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့် ဈေးရှိကြောင်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိနေကြောင်း ဆိုင်ကယ် အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

တစ်ပတ်ရစ်ဈေးကွက်တွင်လည်း ရောင်းချလိုသူများနေပြီး အော်တိုဂီယာ တရုတ်ဘီးများနှင့် Click၊ FZ ဘီးများ ရောင်းချလိုမှုများနေကာ ဘီးကြောကောင်းမွန်မှုနှင့် ဈေးနှုန်းအသင့်အတင့် ဘီးများသာ ဝယ်ယူမှုရှိနေကြောင်း သိရသည်။

ယခုတစ်ပတ် မန္တလေးကားဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်ရှိနေခဲ့သည့် မီနီထရပ် (ခွေးဘီလူး)ကားများ အရောင်းအဝယ် အေးသွားပြီး နံပါတ်ထွက်ပြီးသည့် ဖရီးပါမစ်ကားများတွင် ငွေကျပ် သိန်း ၄၀ ခန့်ထိ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

၆၆၀ စီစီပစ်ကပ် မီနီထရပ် (ခွေးဘီလူး) ကားများအနက် ဟိုက်ဂျက် Auto ငွေကျပ် သိန်း ၁၆၀ ခန့်၊ Manual ငွေကျပ် ၁၄၅ သိန်းခန့်ဈေးပေါက်နေပြီး အခြားသောခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၀၀ ခန့်၊ Auto ငွေကျပ် ၁၃၅ သိန်းခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ထို့ပြင် ဖရီးပါမစ်ကားများဖြစ်သည့် Honda Fit၊ Honda In-sight၊ Nissan March၊ Mazda Demio ကားလေးများ အရောင်းအဝယ်အနည်းငယ်ဖြစ်နေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ် သိန်း ၁၄၀၊ စလစ်အပ်ကား ငွေကျပ် သိန်း ၁၂၀၊ တိုက်ကြေစလစ် ငွေကျပ်သိန်း ၁၂၀ ခန့်တွင် ဈေးငြိမ်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

(၁၇၃)

# မန္တလေး ဈေးကွက်အတွင်း အိန္ဒိယနိုင်ငံသို့ တင်ပို့သည့်ပဲများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မေ ၄**

မန္တလေး ဈေးကွက်အတွင်း အိန္ဒိယနိုင်ငံသို့ တင်ပို့သည့်ပဲများ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်အတွင်း အိန္ဒိယဈေးကွက်ဝင် ပို့ကုန်များဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ မြေထောက်ပဲနှင့် ကုလားပဲများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ ပြီးခဲ့သည့် နှစ်ကာလတူအချိန်က မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀၊ ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀၊ ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀၊ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀၊ ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ရှိခဲ့သော်လည်း လက်ရှိတွင် မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀၊ ပဲစင်းငုံသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀၊ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀၊ ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀ ရှိကြောင်း သိရသည်။

"ဈေးကွက်ထဲမှာတော့ ပြီးခဲ့နှစ်နဲ့စာရင် အိန္ဒိယပို့ကုန်ဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ မြေထောက်ပဲ၊ ကုလားပဲတွေ ဈေးကောင်းရရှိနေတယ်။ ဒီနှစ်အတွက်ကတော့ အိန္ဒိယအနေနဲ့က လိုအပ်ချက်တွေရှိတယ်။ ဒီနှစ်မှာ ဖောက်သည်နိုင်ငံတွေကလဲ ဝယ်ယူမှုများပြားလာပါတယ်"ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

အဆိုပါပဲသီးနှံများကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သရက်ချောင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကျေးရွာများ ရွေးချယ်

**သရက်ချောင်း မေ ၄**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာများရွေးချယ်ပွဲကို မေ ၃ ရက် နံနက်ပိုင်းက သရက်ချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးထွေးဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သရက်ချောင်းမြို့နယ် ကျေးရွာလေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း၊ စီမံကိန်းကျေးရွာများ ရွေးချယ်ပေးရာတွင် အမှန်တကယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လိုသည့် ကျေးရွာများကို ဦးစားပေးရွေးချယ် စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သရက်ချောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမိုးထွေးဦး၊ သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်နှင့် တာဝန်ရှိသူများက သတ်မှတ်ထားသည့် ကျေးရွာရွေးချယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဆောင်ရွက်မည့် ကျေးရွာလေးရွာကို ရွေးချယ်ပေးခဲ့သည်။

အခမ်းအနားသို့ သရက်ချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးထွေးဦး၊ သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ကွမ်းလုံမြို့နယ် ၃၉ မိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွမ်းလုံ မေ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၃၉ မိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဥ္စမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေ ပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်နိုင်ပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများ၊ အတိုးနှုန်း သတ်မှတ်ချက်နှင့် ပြန်ဆပ်ရမည့် ကာလတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၅၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များက ၃၉ မိုင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၅၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့သို့ ယခုနှစ် ဧပြီလအတွင်း ရေထွက်ကုန်ပစ္စည်း တန်ချိန် ၇၁၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ပုသိမ် မေ ၄**

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့သို့ ယခုနှစ် ဧပြီလအတွင်း ရေထွက်ကုန်ပစ္စည်း တန်ချိန် ၇၁၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပုသိမ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ငါးတန်၊ ငါးမြစ်ချင်း၊ ကင်းမွန်များကို ရန်ကုန်မြို့သို့ ယခုနှစ် ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း တန်ချိန် ၇၁၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ ပြီးခဲ့သည့် မတ်လက အဆိုပါရေထွက်ကုန်ပစ္စည်း တန်ချိန် ၃၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဧရာဝတီတိုင်းဒေသကြီးကနေ ရန်ကုန်မြို့ကို ရေထွက်ကုန်ပစ္စည်းတွေ အဓိကတင်ပို့ရောင်းချနေပါတယ်။ ဧပြီလထဲမှာ တန်ချိန် ၇၁၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့ရတဲ့ ရေထွက်ကုန် ပစ္စည်းတွေထဲမှာ ငါးတန်၊ ငါးမြစ်ချင်းနဲ့ ကင်းမွန်တွေ အများဆုံး တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်ကနေ အဝယ်လိုက်နေတာကြောင့် တင်ပို့အားရှိနေတာပါ။ တင်ပို့ထားတဲ့ ရေထွက်ကုန်ပစ္စည်းတွေက ဈေးနှုန်းအနေနဲ့ သိသိသာသာဈေးတက်လာတာမျိုးတွေ မရှိသေးပါဘူး။ ရေထွက်ကုန်တွေကို ကုန်တင်ကားတွေနဲ့ အဓိကတင်ပို့ရောင်းချနေပါတယ်"ဟု ပုသိမ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျသန့်စင်စစ်ဆေးကာ ပုသိမ်မြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ အများဆုံးတင်ပို့ရောင်းချကြကြောင်း၊ အဆိုပါ တင်ပို့ရောင်းချသည့် ရေထွက်ကုန်ပစ္စည်းများ၏ တစ်ပိဿာချင်းပေါက်ဈေးအနေဖြင့် ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀၊ ကင်းမွန်တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ မှ ၁၈၅၀၀၊ ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ထိ ဈေးပေါက်နေကြောင်း ဒေါ်ရီရီထွန်းကပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကန့်ဘလူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၃၀၇၇ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၃၀၇၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၂၆၇၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလကစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေစပါး ၂၃၀၇၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကန့်ဘလူမြို့နယ်မှာ နွေစပါးဧက ၂၆၇၀၀ စိုက်ပျိုးဖို့ လျာထားခဲ့တာ ဒီနေ့ထိ နွေစပါး ၂၃၀၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ စိုက်ပျိုးထားတဲ့စပါးဟာ ဆည်ရေသောက်စနစ်နဲ့ ဧက ၂၂၃၆၀၊ လျှပ်စစ်မြစ်ရေတင်စနစ်နဲ့ ၅၂၅ ဧက၊ ပုဂ္ဂလိက စက်ရေတင်စနစ်နဲ့ ၁၁၄ ဧက၊ မြေအောက်ရေစနစ်နဲ့ ၆၃ ဧက၊ ချောင်းပိတ်၊ မြောင်းပိတ်စနစ်နဲ့ ၁၅ ဧကတို့ဖြစ်ပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက နွေစပါး အထွက်နှုန်းတိုးတက်ရေးအတွက် သဘာဝမြေဩဇာ အသုံးပြုရန်၊ ပိုးသတ်ဆေးသုံးရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မင်းလှမြို့နယ် စမ်းလယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ်ထုတ်ချေး

**မင်းလှ မေ ၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ စမ်းလယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်သူဇာအောင်က ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်သူဇာအောင်နှင့် ဝန်ထမ်းများက စီမံကိန်းချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ပြန်ဆပ်ရမည့်ကာလများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၆၅၂ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက စမ်းလယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၅၂ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ရိုး**



# (၂၉)ကြိမ်မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု

မောင်မြိုင်းသူ(ကြို့ပင်ကောက်)

**"စာပတ်ပရိသတ်ပြည်သူများအတွက် အကျိုးပြုစာပေများရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးရေးလိုအပ်ချက်များ ပြည့်ဆည်းဆောင်ရွက်ရန်"** ဟူသော ရည်ရွယ်ချက်ဖြင့် ပခုက္ကူမြို့ ဗိုလ်ချုပ်လမ်းနေ **"သိန်းတစ်ရာဆေးပေါင်းရုံပိုင်ရှင်ဦးအုံးဖေ"**က သူ၏စာပေဒါန မတည်လှူဒါန်းငွေများနှင့် ၁၉၉၄ ခုနှစ်မှစတင်၍ **"ပခုက္ကူစာပေဆု"**ကို နှစ်စဉ်ချီးမြှင့်ခဲ့ရာ ယခုနှစ် **"(၂၉)ကြိမ်မြောက် ပခုက္ကူစာပေဆု"** ချီးမြှင့်ပွဲ ဆုရရှိသူများစာရင်းကို ၂၀၂၃ ခုနှစ် မေ ၁၁ ရက်နေ့ထုတ် ရတနာပုံသတင်းစာတွင် ကြေညာသွားခဲ့သည်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် (၂၇)ကြိမ်မြောက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ၂၀၂၀ ပြည့်နှစ်တွင် ပုံမှန်အတိုင်းမကျင်းပနိုင်ခဲ့ဘဲ ၂၀၂၁ ခုနှစ် မေ ၂ ရက်နှင့် (၂၈)ကြိမ်မြောက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ၂၀၂၂ ခုနှစ် ဇူလိုင် ၈ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။

**စာပေဒါန–စာပေဆုအစ**

**"သိန်းတစ်ရာဆေးပေါင်းရုံပိုင်ရှင် ဦးအုံးဖေ"**သည် ဘဝသံသရာခရီးတွင် လောကဓံ၏အဖိအနှိပ်၊ အထုအထောင်းဒဏ်ကို အကြိမ်ကြိမ်ခံခဲ့ရရာမှအခါအခွင့်သင့်တိုင်း၊ လက်လှမ်းမီရာစာတိုပေစများကို ဖတ်ရှုမှတ်သားလိုက်နာကျင့်သုံးခဲ့သည်။ အနိမ့်ဆုံးအဆင့် နေ့စဉ်မှတ်တမ်း(ဒိုင်ယာရီ)များကို ရေးသားနေခဲ့ရာ ပြဿနာတချို့ကို အထောက်အထားများအဖြစ် ဖြေရှင်းနိုင်ခဲ့ပြီး ဘဝတက်လမ်းအတွက်လည်း ပံ့ပိုးမှုများစွာရခဲ့သည်။

ဦးအုံးဖေသည် စာဖတ်ခြင်းအကျိုးကျေးဇူးကြောင့် အသိအမြင်ကျယ်ပြန့်ဗဟုသုတတိုးပွားလာပြီး ရိုးရိုးသားသား ကြိုးစားလာခဲ့ရာ **"သိန်းတစ်ရာဆေးပေါင်းရုံပိုင်ရှင်ကြီးဘဝ"**သို့ ရောက်ရှိခဲ့သည်။ ၁၉၄၈ ခုနှစ်မှစ၍ ကွယ်လွန်ခဲ့သည့် ၂၀၀၈ ခုနှစ်ထိ နေ့စဉ်မှတ်တမ်းကို နေ့စဉ်မပြတ်ရေးသားခဲ့သော ဦးအုံးဖေသည် ကိုယ်ပိုင်ကားမစီးဘဲ စက်ဘီးဖြင့်သာ သွားလာနေခဲ့သည့်အပြင် လမ်းလျှောက်သွားလာသင့်ပါက လမ်းလျှောက်သွားလာခဲ့သည်။ အသုံးနှင့်အဖြုန်းကို ခွဲခြားချင့်ချိန်သုံးသပ်ပြီး သမ္မာအာဇီဝစီးပွားရေးလုပ်ငန်းကိုသာ စွဲစွဲမြဲမြဲရှိစွာ လုပ်ကိုင်ခဲ့သည်။ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားရှာဖွေ စုဆောင်းနိုင်ခဲ့သောကြောင့် ဆေးပေါင်းရုံပိုင်ရှင်ကြီးဖြစ်လာခဲ့သည်။

ငွေကြေးမနေပြည့်စုံကြွယ်ဝလာသော ဦးအုံးဖေသည် ဘဝ၏အတက်အကျကို ကိုယ်တွေ့ခံစားခဲ့ရသောကြောင့် ဘဝကိုမည်သည့်အခါမျှမမေ့ဘဲ ကြုံတွေ့ခဲ့ရသည်များကိုသံဝေဂရပြီး စာနာကူညီလိုစိတ်၊ သဒ္ဓါကြည်ဖြူစိတ်များ ပေါ်ပေါက်နေလေ့ရှိနေသည်။ ထို့ကြောင့် လူမှုရေးကိစ္စအဝဝတွင်လည်း စေတနာထက်သန်စွာ လှူဒါန်းလေ့ရှိခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ပခုက္ကူမြို့နယ် ခတင် ၁၀၀ ဆံ့တိုးချဲ့ဆေးရုံသစ်ကြီး ဆောက်လုပ်ရန်အတွက် ငွေကျပ် ငါးသိန်းနှင့် ၁၂၇၉ ကျပ်လှူဒါန်းခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ပခုက္ကူမြို့၌ **"ပခုက္ကူ ဦးအုံးဖေစာကြည့်တိုက်"**ကို ငွေကျပ် သိန်း ၆၀ ခန့်မတည်လှူဒါန်း၍ဆောက်လုပ်ခဲ့သည်။

စာပေကျေးဇူးအထူးထူးကို ကြည်နူးစွာခံစားနေရသော ဦးအုံးဖေသည် စာပေဒါနကို ဆက်လက်ဆောင်ရွက်လိုသောကြောင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးစိုးညွန့်(ထီလာစစ်သူ)ထံသို့ ၁၉၉၁ ခုနှစ် နိုဝင်ဘာလက နှုတ်ဖြင့်ရော စာဖြင့်ပါ ကမ်းလှမ်းခဲ့သည်။ သူ၏ အသက်(၇၅)နှစ်မြောက်မွေးနေ့တွင် စာပေဆု မတည်ငွေသားကျပ် ၇၅ သိန်း လှူဒါန်းလိုကြောင်း၊ စာပေဆုကိုလည်း **"ပခုက္ကူစာပေဆု"**ဟု ခေါ်တွင်စေလိုကြောင်း၊ စာပေဆုရန်ပုံငွေကို ထိန်းသိမ်းကြီးကြပ်စီမံခန့်ခွဲရန် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းစေလိုကြောင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကပင် စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းကာ စာပေဆုစည်းမျဉ်းများ ရေးဆွဲသတ်မှတ် ပြဋ္ဌာန်းပေးစေလိုကြောင်း မေတ္တာရပ်ခံ အကူအညီတောင်းခဲ့သည်။

ဦးအုံးဖေ၏ မေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ရာ ဦးအုံးဖေက နိုင်ငံတော်သို့ ငွေ ၇၆၀၁၂၇၉ ကျပ် လွှဲအပ်လှူဒါန်းပွဲကို ၁၉၉၂ ခုနှစ် မေ ၃၁ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီး၌ ကျင်းပခဲ့သည်။

ပခုက္ကူစာပေဆုပြိုင်ပွဲကိုလည်း ၁၉၉၃ ခုနှစ်တွင် စတင်ဖိတ်ခေါ်ခဲ့ပြီး ပထမဆုံးအကြိမ် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ၁၉၉၄ ခုနှစ်တွင် ကျင်းပနိုင်ခဲ့သည်။ မူလက ၇၅ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ငွေကျပ် ၇၅ သိန်းလှူဒါန်းရန် ရည်မှန်းထားသော်လည်း ၇၆ နှစ်ထဲရောက်သွားသဖြင့် ငွေကျပ် ၇၆ သိန်းအပြင် သူ၏မွေးခုနှစ်သက္ကရာဇ် ၁၂၇၉ ကိုပါရည်စူးကာ လှူဒါန်းသမျှတွင် ၁၂၇၉ ကျပ်ကိုပါ အမြဲတမ်းထည့်သွင်းလှူဒါန်းနေကြောင်း သိရသည်။ ထို့မျှသာမကသေးဘဲ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပခဲ့သော ၁၀ ကြိမ်မြောက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲတွင် ငွေကျပ် သိန်း ၅၀ ကို ထပ်မံလှူဒါန်းခဲ့သည်။

စာပေဆုအလှူရှင် ဦးအုံးဖေက သူ မတည်လှူဒါန်းထားသော အလှူငွေများကို ရန်ပုံငွေစည်းကမ်းအရ ဘဏ်တွင်အပ်နှံထားရပြီး အတိုးငွေတန်ဖိုး စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကို စာပေဆုအဖြစ် နှစ်စဉ်ခွဲဝေပေးရန်၊ ၃၀ ရာခိုင်နှုန်းကို အသုံးစရိတ်အဖြစ်သုံးစွဲရန်၊ ၁၀ ရာခိုင်နှုန်းကို အရင်းအနှီးတိုးပွားစေရန်အတွက် ဘဏ်တွင် ဆက်လက်ထားရှိရန် သတ်မှတ်ထားခဲ့သည်။ ဆိုလိုသည်သဘောမှာ နှစ်စဉ်ဘဏ်တိုး၏ ၉၀ ရာခိုင်နှုန်းကိုသာ သုံးစွဲခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ပခုက္ကူစာပေဆုအမျိုးအစား ခြောက်မျိုးသတ်မှတ်ထားရာ ၁။ ဝတ္ထုရှည်ဆု၊ ၂။ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ၃။ ကဗျာပေါင်းချုပ်ဆု၊ ၄။ ကျမ်းစာပေဆု၊ ၅။ သုတေသနစာပေဆုနှင့် ၆။ တစ်သက်တာစာပေဆုများဖြစ်ကြသည်။ စာပေဆုများအတွက် ဘာသာရပ်တစ်ခုချင်းစီအလိုက် စာမူများကို ဖိတ်ခေါ်ယှဉ်ပြိုင်စေခြင်းဖြစ်ပြီး တစ်သက်တာစာပေဆုအတွက် ဘဝတစ်သက်တာလုံး စာပေအကျိုးကိုရှုပ်ရှုပ်ချွံချွံ့ သယ်ပိုးထမ်းရွက်ခဲ့သူ၊ စာပေလောကသား သက်ရှိပုဂ္ဂိုလ်များထဲမှ စိစစ်ရွေးချယ်စေခြင်းဖြစ်သည်။ စာပေဆုအပြင် ၁၉၉၄ ခုနှစ်မှစ၍ **"ပညာသင်ဆုအဖြစ်"**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူ နှစ်ဦးစီကို ချီးမြှင့်ခဲ့ကြသည်။ ထို့ပြင် စာပေဆုကိုလည်း ဘာသာရပ်တစ်ခုချင်းတွင် တစ်ဆုစီသာချီးမြှင့်ခဲ့ရာမှ ၁၉၉၄ ခုနှစ်တွင် **"ဒုတိယဆုများ"**၊ ၁၉၉၆ ခုနှစ်တွင် **"တတိယဆုများ"**တိုးမြှင့်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏အမွေကို ဆက်ခံခဲ့သော မြန်မာနိုင်ငံ စာရေးဆရာအသင်းအနေဖြင့်လည်း ပခုက္ကူစာပေဆုစိစစ်ရွေးချယ်ခြင်းရန်ပုံငွေကြီးကြပ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်မပျက်ကြိုးပမ်းထမ်းရွက်နေပြီး ဆုချီးမြှင့်ပွဲများကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်မှတာဝန်ရှိကြသူများနှင့် ပူးတွဲလျက် အချိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

စာပေဒါနအလှူရှင်ကြီး ဦးအုံးဖေကွယ်လွန်သွားပြီးနောက် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပခဲ့သည့် ပခုက္ကူဦးအုံးဖေစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီက ရန်ပုံငွေတိုးပွားလာစေရေးနှင့် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် စာပေဆုအမည်ကို **"ပခုက္ကူဦးအုံးဖေတည်ထောင်သောပခုက္ကူစာပေဆု"**ဟူ၍ အမည်ပြောင်းလဲသတ်မှတ်ခဲ့သည်။

အလှူရှင်သတ်မှတ်ခဲ့သော ဘဏ်တိုးထဲတွင် ၆၀ ရာခိုင်နှုန်းကို စာပေဆုများအတွက်လည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို အသုံးစရိတ်အတွက်လည်းကောင်း စုစုပေါင်းဘဏ်တိုးထဲမှ ၉၀ ရာခိုင်နှုန်းသုံးစွဲခွင့်မှာ ခေတ်အမျိုးမျိုးအခြေအနေအရ လုံလောက်မှုတစ္စာ သုံးစွဲနိုင်ခြင်းမရှိသဖြင့် စာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီက အလှူရှင်များကို နှစ်စဉ်ရှာဖွေဖြည့်ဆည်းပေးနေခဲ့ရသည်။ အထူးသဖြင့် စာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင် ဒုတိယဥက္ကဋ္ဌ(၁)ဖြစ်သော ဦးတင့်ဆွေ(ယခုကွယ်လွန်)သည် စာပေဆုအတွက်ရော ပခုက္ကူမြို့ရှိ ဦးအုံးဖေစာကြည့်တိုက်အတွက်ပါ နှစ်စဉ်အလှူခံပေးခဲ့ရာ အထူးပင်ကျေးဇူးကြီးမားလှပေသည်။ အလှူရှင် ဦးအုံးဖေအတွက် ဦးတင့်ဆွေက အစွမ်းကုန်အကျိုးဆောင်ပေးခဲ့လေရာ ပခုက္ကူစာပေဆုနှင့် ပခုက္ကူမြို့ ဦးအုံးဖေစာကြည့်တိုက်ဆုအတွက် ဂုဏ်တက်စေခဲ့သည်။

ပခုက္ကူစာပေဆုကို ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာမှ မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ ၂၀၁၃ ခုနှစ်တွင် လွှဲပြောင်းပေးခဲ့မှုအခြေအနေကိုဖော်ပြလိုပါသည်။ ထိုအချိန်က လွှဲပြောင်းပေးခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေမှာ ငွေကျပ် ၁၆၈ သိန်းကျော်သာရှိခဲ့သည်။ ဘဏ်တိုးနှုန်းမှာ တစ်နှစ်လျှင် ငွေကျပ် သိန်း ၄၀ ခန့်သာရခဲ့ရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းက စာပေစေတနာရှင်၊ အလှူရှင်များကို နှစ်စဉ်ရှာဖွေ အကူအညီတောင်းခံခဲ့ရသည်။ စာပေဆုချီးမြှင့်ပွဲကုန်ကျစရိတ်က နှစ်စဉ်ငွေကျပ် သိန်း ၆၀ ကျော်၊ ၇၀ ကျော်ကုန်ကျခဲ့သည်။ ယခုဆိုလျှင် ငွေကျပ် သိန်း ၁၀၀ ကျော်ကုန်ကျနေသည်။ ထိုက်သင့်သောစာပေဆုချီးမြှင့်ငွေတိုးမြှင့်ပေးခြင်းနှင့် ကုန်ကျစရိတ်မြင့်တက်လာခြင်းကြောင့် စာပေဆုရန်ပုံငွေကို နှစ်စဉ်စိစစ်ချွေတာသုံးစွဲနေခဲ့ရသလို အလှူရှင်များကိုလည်း ရှာဖွေနေခဲ့ရသည်။ ထိုသို့ကုန်ကျငွေများပြားသည့်ကြားမှ ရန်ပုံငွေမလျော့နည်းအောင် မြန်မာနိုင်ငံစာရေးဆရာအသင်းက စွမ်းဆောင်နိုင်သမျှ ကြိုးပမ်းခဲ့ရာ ယခုဆိုလျှင် ရန်ပုံငွေထိုက်သင့်အားလျော်စွာ ရရှိနေပါသေးသည်။

**"ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု"** ၂၉ ကြိမ်အတွင်းတွင် တစ်သက်တာစာပေဆုရှင် ၃၅ ဦးပေါ်ထွက်ခဲ့ပြီး စာပေဆုပေါင်း ၃၅၁ ဆုကို ချီးမြှင့်နိုင်ခဲ့ပြီးဖြစ်သည်။ ပခုက္ကူစာပေဆုချီးမြှင့်ပွဲတွင် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ဆုကိုပါ ၂၀၀၃ ခုနှစ်မှစတင်၍ ပူးတွဲချီးမြှင့်ခဲ့ရာ ယခုအကြိမ်ထိ ၄၃ ဦး ချီးမြှင့်နိုင်ခဲ့ပြီဖြစ်သည်။

အလှူရှင် ဦးအုံးဖေသည် စာပေဆုများအပြင် ပညာရေးအတွက်ပါ လှူဒါန်းခဲ့ရာ ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၉ ရက်က ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆု ဆုပေးပွဲအခမ်းအနားတွင် ပညာရေးရန်ပုံငွေအဖြစ် ငွေကျပ် ၅၂၀၁၂၇၉(ငါးဆယ့်နှစ်သိန်းတစ်ထောင့်နှစ်ရာခုနစ်ဆယ့်ကိုးကျပ်တိတိ)နိုင်ငံတော်သို့ လှူဒါန်းခဲ့သည်။ ထိုလှူဒါန်းငွေကို ရင်းနှီးမြှုပ်နှံရာမှရရှိသော အတိုးအညွန့်များဖြင့် အခြေခံပညာအထက်တန်းတွင် ဘာသာရပ်တစ်ခုချင်းအလိုက် အမှတ်အများဆုံးရရှိသော ကျောင်းသား၊ ကျောင်းသူ သုံးဦးစီကို ချီးမြှင့်စေခဲ့သည်။ နှစ်စဉ်ကျင်းပခဲ့သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲများတွင် ပညာရေးဝန်ကြီးဌာနက စိစစ်ရွေးချယ်ပေးခဲ့ကြသော ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို အလှူရှင် ဦးအုံးဖေ၏ဆန္ဒနှင့်အညီ နှစ်စဉ်ချီးမြှင့်နိုင်ခဲ့ကြသော်လည်း ကိုဗစ်ရောဂါကြောင့် ပညာရည်ချွန်ဆုများကို ချီးမြှင့်နိုင်ခြင်းမရှိဘဲ ရပ်နားထားကြရသည်။

စေတနာရှင် ဦးအုံးဖေသည် သူနေထိုင်ကြီးပြင်းခဲ့ရာ **"ထနောင်းကုန်းရွာ အသိပညာစာကြည့်တိုက်"**သို့လည်း ငွေကျပ် ၂၄ သိန်း မတည်လှူဒါန်းခဲ့သေးသည်။ ဦးအုံးဖေသည် ၁၉၈၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်ထိ ဘာသာရေးနှင့်လူမှုရေးအတွက် ငွေကျပ် ၄၇၈၀၂၃၅၃ (၄၇၈သိန်းကျော်)လှူဒါန်းခဲ့သည်။ ထိုခေတ်ထိုအခါကာလက လှူဒါန်းခဲ့သော စုစုပေါင်း အလှူငွေကျပ် ၄၇၈ သိန်းကျော်မှာ လွန်စွာတန်ဖိုးရှိ ထူးမြတ်လှပါပေသည်။

လှူဒါန်းမှုရက်ရော၊ စေတနာဖြူစင်သော ဦးအုံးဖေသည် စာပေဒါနအဖြစ် စာပေဆုများ၊ စာကြည့်တိုက်များ၊ ပညာရည်ချွန်ဆုများကို လှူဒါန်းရုံဖြင့်အားမရသေးဘဲ သူကိုယ်တိုင်တွေ့ကြုံခဲ့ရသော ဘဝအတွေ့အကြုံအဖုံဖုံထဲမှ ကောင်းသည်ရော ဆိုးသည်ပါ မခြွင်းမချန်ဘဲ သူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်များကို ရေးသားထုတ်ဝေခဲ့ရာ စာချစ်သူများကို ဆွဲဆောင်နိုင်စွမ်းရှိခဲ့သည်။ မျိုးဆက်သစ်လူငယ်များအတွက် သင်ခန်းစာရယူဖွယ်၊ သံဝေဂရဖွယ်၊ အားကျအတုယူဖွယ်များပါဝင်သည်။ သူ့ဘဝအတွေ့အကြုံစာပေဒါနပေးဝေမှုခဲ့သည့်စာအုပ်သုံးအုပ်မှာ **"တွေ့ရကြုံရကျွန်တော့်ဘဝ"** (ပထမတွဲ)၊ (ဒုတိယတွဲ)၊ (တတိယတွဲ)များဖြစ်ကြသည်။

ဦးအုံးဖေ၏ ဘဝတစ်စိတ်တစ်ပိုင်းအမှန်များကို ဦးအုံးဖေ၏ဆန္ဒနှင့်အညီ ဆရာတက္ကသိုလ်စိန်တင်က **"ပခုက္ကူဦးအုံးဖေ ဘဝစရိုးနှင့်အောင်မြင်နည်းအတွေ့အကြုံများ"**စာအုပ်ကို ရေးသားထုတ်ဝေခဲ့ရာ ၁၉၉၃ ခုနှစ်တွင် အမျိုးသားစာပေဆုကိုရရှိခဲ့သည်။ ထို့နည်းတူ ဦးအုံးဖေကလည်း သူရေးသားခဲ့သည့် **"တွေ့ရကြုံရ**

စာမျက်နှာ ၅ သို့ ➤

> ❖ ဦးအုံးဖေသည် စာပေဒါနကို ဆက်လက်ဆောင်ရွက်လိုသောကြောင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးစိုးညွန့်(ထီလာစစ်သူ)ထံသို့ ၁၉၉၁ ခုနှစ် နိုဝင်ဘာလက နှုတ်ဖြင့်ရော စာဖြင့်ပါ ကမ်းလှမ်းခဲ့သည်။ သူ၏အသက်(၇၅)နှစ်မြောက်မွေးနေ့တွင် စာပေဆု မတည်ငွေသားကျပ် ၇၅ သိန်း လှူဒါန်းလိုကြောင်း၊ စာပေဆုကိုလည်း "ပခုက္ကူစာပေဆု"ဟု ခေါ်တွင်စေလိုကြောင်း၊ စာပေဆုရန်ပုံငွေကို ထိန်းသိမ်းကြီးကြပ်စီမံခန့်ခွဲရန် ကော်မတီတစ်ရပ်ကိုဖွဲ့စည်းစေလိုကြောင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကပင် စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကိုဖွဲ့စည်းကာ စာပေဆုစည်းမျဉ်းများ ရေးဆွဲသတ်မှတ်ပြဋ္ဌာန်းပေးစေလိုကြောင်း မေတ္တာရပ်ခံ အကူအညီတောင်းခဲ့သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပျားရည်တန်ချိန် ၁၉၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့မှုမှ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်ရရှိခဲ့

**နေပြည်တော် မေ ၄**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပျားရည်တန်ချိန် ၁၉၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့မှုမှ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်ရရှိခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် ဆီး(ဇီး)ပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ လဲမှိုပျားရည်၊ ပဲစင်းငုံပျားရည်၊ လိုင်ချီးပျားရည်၊ ပင့်ကူထိပ်ပိတ်(ပန်းသုံးဆင့်)ပျားရည်၊ ရော်ဘာပျားရည်၊ မိုးနှမ်းပျားရည်၊ ပြောင်းပျားရည် စသည်ဖြင့် ပျားရည်အမျိုးအစားများစွာ ရှိနေသော်လည်း ပန်းနှမ်းပျားရည်၊ ဆီးပျားရည်နှင့် နေကြာပျားရည်များသာ စျေးကွက်ဝင် ပျားရည်များဖြစ်ပြီး ပြည်တွင်း၊ ပြည်ပစျေးကွက်များသို့ ဖြန့်ဖြူးရောင်းချပေးနေကြောင်း၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့်ပျားရည်များကို ထိုင်း၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ စင်ကာပူနှင့် တောင်ကိုရီးယား စသည့် ဖောက်သည်စျေးကွက် နိုင်ငံများသို့ အဓိကတင်ပို့ရောင်းချပေးနေကြောင်း၊ ပျားရည်များကို နှစ်စဉ်တန်ချိန် ၃၀၀၀ ခန့် တင်ပို့ရောင်းချပေးနေခဲ့သော်လည်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်မူ ပျားရည်တန်ချိန် ၁၉၀၀ ကျော်သာတင်ပို့ရောင်းချပေးခဲ့ပြီး အဆိုပါပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

မြန်မာ့ပျားရည်များကို ပြည်ပဖောက်သည် စျေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင် မြန်မာ့ပျားရည်သည် ဥရောပပျားမျိုးစိတ်(အီတလီပျားမျိုးApis mellifera)မှရရှိကြောင်း ထောက်ခံချက်ဖြင့် တင်ပို့ရောင်းချပေးလျက်ရှိကြောင်း၊ အဆိုပါထောက်ခံချက်နှင့် ပျားရည်၏ အရည်အသွေး (Sucrose, Fructose, Glucose, Total Sugar Content) ကို စစ်ဆေးထားသည့် ဓာတ်ခွဲခန်းလက်မှတ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပျားလုပ်ငန်းဌာနက စိစစ်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်ပဖောက်သည် စျေးကွက်နိုင်ငံများတွင် မြန်မာ့ပျားရည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၇၀၀ မှ ဒေါ်လာ ၁၉၀၀ ထိ စျေးနှုန်းရရှိကာ လက်ရှိပြည်တွင်းစျေးကွက်များတွင် ဆီး(ဇီး)ပျားရည် တစ်ပိဿာကို ငွေကျပ် ၃၀၀၀ မှ ၄၅၀၀ ထိ စျေးရရှိကြောင်း သိရသည်။

SKL



➤ စာမျက်နှာ ၄ မှအဆက်

**ကျွန်တော့်ဘဝ"** စာအုပ်များဖြင့် **"၂၀၀၁ ခုနှစ် ဆရာဝန်တင်ရွှေ"** စာပေဆုကို ထိုက်တန်စွာရရှိခဲ့သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သက်ကြီးကန်တော့ခံ စာပေပညာရှင်ကြီးလည်းဖြစ်ခဲ့သည်။

အသက် ၈၁ နှစ်အရွယ်တွင် ကွယ်လွန်သွားရာ သောသူ၏မိခင်ကို တမ်းတပြီး "ကျုပ်အမေလောက် အသက်ရှည်ရင် ကျေနပ်ပါပြီဗျာ။ လုပ်စရာရှိတဲ့စာပေ တာဝန်ကလေးတွေ ပြီးပြတ်အောင်လုပ်သွားချင်လို့ပါ။ လျှချင်တာလေးတွေလှူပြီးရင် သေဆိုသေပါ့မယ်ဗျာ။ အဆင်သင့်ပါပဲ"ဟု ဆရာတက္ကသိုလ်စိန်တင်ကိုပြောကြားခဲ့သော ဦးအုံးဖေသည် မြန်မာသက္ကရာဇ် ၁၂၇၉ ခုနှစ်တွင် ပခုက္ကူမြို့ ရှားတောကျေးရွာ၌မွေးဖွားခဲ့ပြီး ၂၀၀၈ ခုနှစ် ဧပြီ ၁၃ ရက် မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် အသက် ၉၁ နှစ်အရွယ်တွင် ပခုက္ကူမြို့၌ ကွယ်လွန်သွားခဲ့သည်။

ထို့ကြောင့် ဦးအုံးဖေအား နိုင်ငံတော်က ၁၉၉၃ ခုနှစ်တွင် **"လူမှုထူးချွန်(ပထမအဆင့်)"**နှင့် ၂၀၂၂ ခုနှစ်တွင် **"သီပွကျော်စွာ"**ဘွဲ့ပေးအပ်ချီးမြှင့်ခဲ့သည်။ ကွယ်လွန်သွားရှာသော ဦးအုံးဖေသည် မြန်မာစာပေနှင့်အတူ ဘယ်သောအခါမျှ နာမည်မသေဘဲ သားအစဉ်မြေးအဆက် မြစ်အညွန့် အဖွန့်ရှည်ကြာတည်တံ့ခိုင်မြဲနေမည်မှာ မလွဲကေန်ပါတည်း။

ပခုက္ကူဦးအုံးဖေစာပေဆုသည် သူ၏ရည်ရွယ်ချက်နှင့်အညီ မြန်မာစာပေတိုးတက်မြင့်မားရေးနှင့် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးအတွက် စံပြုအတုယူထိုက်သည့်စာပေဆုပင်ဖြစ်သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ရည်ရွယ်ချက်များနှင့်လည်း ကိုက်ညီနေလေရာ မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့်လည်း အခြေအနေပေးလျှင် ပေးသည့်အလျောက် **"ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု"**ကို ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းထမ်းရွက်သွားရန် သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

**ကိုးကား**

- **တက္ကသိုလ်စိန်တင်၏ ပခုက္ကူဦးအုံးဖေဘဝစရိုးနှင့် အောင်မြင်နည်းအတွေ့အကြုံများစာအုပ်၊**
- **ဆုချီးမြှင့်ပွဲတိုင်းတွင် ဖြန့်ဝေခဲ့သော ပခုက္ကူစာပေဆုအကြောင်းအရာစာအုပ်များ။**

## မီးသတ်သမား တို့အလေးထား

- ပရဟိတ စိတ်ရှိကြ၍
  များလှသူငါ စိတ်ချမ်းသာပြီး
  အေးရာဝေးကြောင်း ဘေးအပေါင်းမှ
  ကင်းကြောင်းကူညီ သဘောတည်ဖြင့်
  ကူညီသင့်ရာ လုပ်ဆောင်ပါ၏
  သူဟာလုံးဝ ပရဟိတပီလေစွ။

- ရေဘေးမီးဘေး သဘာဝဘေးမှ
  ပြေးမလွတ်နိုင် ကိုယ်တိုင်ချည့်နဲ့
  အားနွဲ့သူများ ကူဖေးသွားမည့်
  လူသားမွန်မြတ် မီးသတ်သမား
  ရှိရငြားသည် ဤကားမွန်မြတ်သူ့လုပ်ရပ်။

- မီး၏အပူ သူလျစ်လျူရှု
  ဝိုင်းကူဖို့သာ စိတ်မှာဝင်စား
  မီးသတ်သမားတို့ ဝင်သွားမီးထဲ
  အတင်းဆွဲထုတ် ဒုက္ခရောက်နေ
  ပစ္စည်းတွေနှင့် လူတွေလွတ်ရာ
  ကယ်ထုတ်ပါသည် ကြီးစွာအသက်စွန့်ရက်သူ။

- ထိုထိုအများ ပရဟိတသမားတို့
  ဝင်စားစိတ်တွင် ကယ်ဖို့ပင်သိ
  သူ့ထိရင်လဲ မရှောင်လွှဲ
  စဉ်မြဲကယ်ဖို့ ကြိုးစားသူ။

- ဂုဏ်ပြုထိုက်သူ ထိုလူမီးသတ်
  မြင့်မြတ်စိတ်ထား ရှိသူများမို့
  သူ့အားအမြဲ ကျေးဇူးလဲတင်
  ဂုဏ်အင်ချီးမြှောက်ကြပါစို့။ ။

(မေ ၅ ရက်တွင်ကျရောက်မည့် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုလျက်)

**ဘိုမျိုး(ရွှေဘို)**

# မလှိုင်မြို့နယ် အိုင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် မေ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှစ်ရှာ တစ်ယူနစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သိမ်ကုန်းကျေးရွာအုပ်စု သိမ်ကုန်းတောင်-အိုင်သာကျေးရွာအတွက် စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အိုင်သာကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သိမ်ကုန်းတောင်-အိုင်သာကျေးရွာအတွက် ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ် ၂၂ ဒသမ ၄ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၂၁ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား ၈၆ဦးကို ငွေကျပ် ၄၄ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်နိုး(မလှိုင်)**

# နိုင်ငံတကာ သတင်းများ

## ကရင်မလင်နန်းတော် မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခံရမှု လက်တုံ့ပြန်မည်ဟု ရုရှားသတိပေး



**မော်စကို မေ ၄**

ကရင်မလင်နန်းတော်ကို မောင်းသူမဲ့လေယာဉ်နှစ်စင်းဖြင့်တိုက်ခိုက်၍ သမ္မတပူတင်၏ အသက်ကို လုပ်ကြံရန် ယူကရိန်းနိုင်ငံက ကြိုးပမ်းခဲ့ကြောင်း ရုရှားအစိုးရက မေ ၃ ရက်တွင် ပြောကြားလိုက်သည်။

မေ ၃ ရက် ညပိုင်းတွင် ကရင်မလင်နန်းတော်ကို မောင်းသူမဲ့လေယာဉ်နှစ်စင်းက တိုက်ခိုက်ရန် ကြိုးပမ်းခဲ့ရာ ရုရှားတပ်များက ရေဒါစစ်ဆင်ရေးစနစ်ဖြင့် တားဆီးခဲ့ရကြောင်း ရုရှားတာဝန်ရှိသူများ၏ အဆိုကိုကိုးကား၍ ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်နှစ်စင်းအနက် တစ်စင်းမှာ ပျက်စီးခဲ့ရပြီး ကျန်တစ်စင်းမှာ ကရင်မလင်နန်းတော်ဝင်းအတွင်းရှိရုရှားအထက်လွှတ်တော်အဆောက်အအုံအမိုးခုံးပေါ်၌ ပေါက်ကွဲပျက်ကျခဲ့သည်။

မောင်းသူမဲ့လေယာဉ်များဖြင့် ကရင်မလင်နန်းတော် တိုက်ခိုက်ခံရမှု ကြိုတင်ပြင်ဆင်ထားသည့် အကြမ်းဖက်လုပ်ရပ်အဖြစ် ရုရှားနိုင်ငံကသတ်မှတ်ထားပြီးသင့်လျော်သည့်နေရာ၊သင့်လျော်သည့်အချိန်တွင် လက်တုံ့ပြန်မည်ဖြစ်ကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က သတိပေးထားသည်။

ကရင်မလင်နန်းတော်ကို မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ရန်ကြိုးစားချိန်တွင် သမ္မတပူတင်မှာ ကရင်မလင်နန်းတော်တွင်မရှိဘဲ မော်စကိုမြို့ပြင်ရှိ နိုဗိုအိုဂါယိုဗို သမ္မတအိမ်တော်သို့ ရောက်ရှိနေကြောင်း သိရသည်။

မောင်းသူမဲ့လေယာဉ်များဖြင့် ကရင်မလင်နန်းတော်တိုက်ခိုက်ခံခဲ့ရကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီး မကြာမီမှာပင် ရုရှားနိုင်ငံသည် ဗုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များဖြင့် ယူကရိန်းပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ KKO

## ယူဂန္ဓာအငယ်တန်းအလုပ်သမားဝန်ကြီး သက်တော်စောင့်၏ ပစ်ခတ်မှုကြောင့် သေဆုံး

**ကမ်ပါလာ မေ ၄**

သက်တော်စောင့် တစ်ဦး၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ယူဂန္ဓာနိုင်ငံ၌ မေ ၂ ရက် နံနက်ပိုင်းက အစိုးရအဖွဲ့ဝင်ဝန်ကြီး တစ်ဦး သေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

သက်တော်စောင့်၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသူမှာ လက်ရှိသမ္မတ ဖူစီဗီနီအစိုးရအဖွဲ့၌ အငယ်တန်း အလုပ်သမားဝန်ကြီးအဖြစ် တာဝန်ယူထားသည့် ဝန်ကြီးချားလ်အင်ဂိုလာ ဖြစ်ကြောင်း ယူဂန္ဓာ ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သက်တော်စောင့် လုပ်ခလစာနှင့်ပတ်သက်၍ အငြင်းအခုံဖြစ်ပွားခဲ့ပြီးနောက် ဝန်ကြီးချားလ်အင်ဂိုလာကို သက်တော်စောင့်ဖြစ်သူက သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ယူဂန္ဓာမီဒီယာများ၏ အဆိုအရ သိရသည်။

ဝန်ကြီးအင်ဂိုလာကို ပစ်ခတ်ခဲ့ပြီးနောက် ၎င်းသက်တော်စောင့်ကိုယ်တိုင်သည်လည်း ကိုယ့်ကိုယ်ကိုယ် သေနတ်ဖြင့် ပစ်ခတ်အဆုံးစီရင်ခဲ့ကြောင်း ယူဂန္ဓာစစ်ဘက်၏ အဆိုအရ သိရသည်။

အဆိုပါ သေနတ်ပစ်ခတ်မှုသည် ကမ်ပါလာမြို့အစွန်ရှိ ဝန်ကြီးအင်ဂိုလာ၏ နေအိမ်ထဲမှာပင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးအင်ဂိုလာ သေနတ်ဖြင့် ပစ်ခတ်ခံရမှုကို စုံစမ်းစစ်ဆေးပြီးပါက အသေးစိတ်အချက်အလက်များ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ယူဂန္ဓာစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။ KKO




## နေတိုးအုပ်စုအရှေ့ဘက်သို့ နယ်မြေချဲ့လာမှု နိုးကြားစွာစောင့်ကြည့်ရန်လိုကြောင်း တရုတ်အစိုးရပြောကြား

**ပေကျင်း မေ ၄**

မြောက်အတ္တလန်တစ် စာချုပ်အဖွဲ့(နေတိုး) အရှေ့ဘက်သို့ နယ်မြေချဲ့လာချိန်တွင် ဒေသတွင်းနိုင်ငံများအနေဖြင့် နိုးနိုးကြားကြား စောင့်ကြည့်ရန်လိုကြောင်း တရုတ်အစိုးရက ယနေ့တွင် ပြောကြားခဲ့သည်။

ပထမဆုံးအာရှဆက်ဆံရေးရုံးကို ဂျပန်နိုင်ငံ၌ဖွင့်လှစ်ရန် နေတိုးအုပ်စုက စီစဉ်နေသည်ဆိုသော သတင်းများ ထွက်ပေါ်လာပြီးနောက် တရုတ်အစိုးရ၏အဆိုပါ တုံ့ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အာရှ-ပစိဖိတ် ဒေသတွင်းသို့ နေတိုးအုပ်စုနယ်မြေချဲ့လာမှု၊ဒေသတွင်းပြဿနာများ၌ ကြားဝင်စွက်ဖက်မှု၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးတို့အား ဖျက်ဆီးရန် ကြိုးပမ်းလာမှုများမှာ ဒေသတွင်းနိုင်ငံများ နိုးနိုးကြားကြား စောင့်ကြည့်ရမည့်ကိစ္စများဖြစ်လာကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အာရှဒေသသည် ပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးမှုတို့အတွက် အလားအလာကောင်းသည့် ဒေသသာဖြစ်သင့်ပြီး ပထဝီနိုင်ငံရေး စစ်မြေပြင်တစ်ခုမဖြစ်သင့်ကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက သုံးသပ်ခဲ့သည်။

နေတိုးအုပ်စုသည် ၎င်း၏ ပထမဆုံး အာရှဆက်ဆံရေးရုံးကို ဂျပန်နိုင်ငံ၌ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း ဂျပန်အခြေစိုက်နစ်ကိုင်းအေးရှားသတင်းစာက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဆက်ဆံရေးရုံးသည် နေတိုးအုပ်စုနှင့် အာရှ-ပစိဖိတ် မိတ်ဖက်များကြား ဆွေးနွေးပွဲများကို စီစဉ်ပေးမည်ဖြစ်ကြောင်း နစ်ကိုင်းအေးရှား သတင်းစာ၏ အဆိုအရ သိရသည်။

KKO

## ဥရောပနိုင်ငံများ မာဖီးယားစစ်ဆင်ရေးပြုလုပ် လူပေါင်း ၁၀၀ ကျော် ဖမ်းဆီးနိုင်ခဲ့

**ဘာလင် မေ ၄**

ဥရောပတိုက်တစ်လွှားမှ ရဲတပ်ဖွဲ့များသည် မေ ၃ ရက်တွင် နာမည်ကျော် အီတလီမာဖီးယားဂိုဏ်းတစ်ခုကို ပစ်မှတ်ထား၍ စစ်ဆင်ရေးများ ပြုလုပ်ခဲ့ပြီး လူပေါင်း ၁၀၀ ကျော်ကို ဖမ်းဆီးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အင်န်ဒရန်ဂီတာ အမည်ရှိ အီတလီမာဖီးယားဂိုဏ်းကို ပြုလုပ်ခဲ့သော စစ်ဆင်ရေးသည် ဥရောပရဲတပ်ဖွဲ့များ ပူးပေါင်းပြုလုပ်ခဲ့ဖူးသော အကြီးမားဆုံးမာဖီးယားဂိုဏ်းစစ်ဆင်ရေးများထဲတွင် ပါဝင်ကြောင်း ဂျာမနီပြည်ထဲရေးဝန်ကြီးနန်စီဖေဆာက မေ ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အင်န်ဒရန်ဂီတာ မာဖီးယားဂိုဏ်း နှိမ်နင်းမှုစစ်ဆင်ရေးကို အီတလီ၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ ပေါ်တူဂီ၊ စပိန်၊ ဆလိုဗေးနီးယားနှင့် ရိုမေးနီးယားတို့၌ ဖြန့်ကြက်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါ စစ်ဆင်ရေးအတွင်း တောင်အမေရိကနိုင်ငံများဖြစ်ကြသည့် ဘရာဇီးနှင့်ပနားမားနိုင်ငံတို့လည်း ပူးပေါင်းပါဝင်ခဲ့ကြောင်း ဂျာမနီပြည်ထဲရေးဝန်ကြီး၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အင်န်ဒရန်ဂီတာ မာဖီးယားအုပ်စုသည် နိုင်ငံတကာ မူးယစ်မှောင်ခိုလုပ်ငန်းများ၊ လက်နက်မှောင်ခိုလုပ်ငန်းများ၌ ပါဝင်ပတ်သက်နေသော အီတလီမာဖီးယားဂိုဏ်းဖြစ်သည်။

အင်န်ဒရန်ဂီတာ မာဖီးယားဂိုဏ်း စစ်ဆင်ရေးအတွင်း အီတလီနှင့် အခြားဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ လူပေါင်း ၁၀၈ ဦးကို ဖမ်းဆီးခဲ့သည်။ KKO

## နှစ်ပေါင်း ၄၀ ကြာကျင်းပခဲ့ခြင်းမရှိသည့် ချစ်ကြည်ရေးအားကစားပွဲတော်ကို လာမည့်နှစ်တွင်ပြန်လည်ကျင်းပရန် ရုရှားနိုင်ငံစီစဉ်

**မော်စကို မေ ၄**

နှစ်ပေါင်း ၄၀ ကြာ ကျင်းပခဲ့ခြင်းမရှိသော ချစ်ကြည်ရေးအားကစားပွဲတော်ကို လာမည့်နှစ်တွင် ပြန်လည်ကျင်းပရန် ရုရှားနိုင်ငံက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အားကစားနည်းမျိုးစုံ ပါဝင်သော ချစ်ကြည်ရေးအားကစားပွဲတော်အား လာမည့်နှစ်တွင် ပြန်လည်ကျင်းပမည့်အစီအစဉ်ကို ရုရှားအစိုးရ အားကစားဝန်ကြီးမာတီစင်က သမ္မတပူတင်ကို အသိပေးတင်ပြထားကြောင်း သိရသည်။

ဝန်ကြီး မာတီစင်၏ အဆိုအရ ပြိုင်သစ်နိုင်ငံ၌ ပဲရစ်အိုလံပစ်အားကစားပွဲတော် ကျင်းပပြီးချိန်တွင် ချစ်ကြည်ရေးအားကစားပွဲတော်ကို ကျင်းပမည်ဖြစ်သည်။

ကမ္ဘာ့ချစ်ကြည်ရေးအားကစားပွဲတော်ဟူ၍ အမည်ပေးထားသည့် ၎င်းအားကစားပွဲတော်ကို ၂၀၂၄ ခုနှစ် ဆောင်းဦးရာသီတွင် ကျင်းပရန် ရုရှားသမ္မတပူတင်ကညွှန်ကြားထားသည်။

ကမ္ဘာ့ချစ်ကြည်ရေးအားကစားပွဲတော်ကို ဆိုဗီယက်ပြည်ထောင်စုနှင့် လော့စ်အိန်ဂျလိစ် နွေရာသီအိုလံပစ်ကို သပိတ်မှောက်ခဲ့ကြသော အခြားဆိုရှယ်လစ်နိုင်ငံရစ်နိုင်ငံတို့၌ ၁၉၈၄ ခုနှစ်တွင် ကျင်းပခဲ့သည်။




အဆိုပါ ကမ္ဘာ့ချစ်ကြည်ရေး အားကစားပွဲတော်တွင် နိုင်ငံပေါင်း ၅၀ ခန့်မှ အားကစားသမားများ ပါဝင်ခဲ့ကြကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ရုရှားအာကာသယာဉ်မှူးနှစ်ဦးက နိုင်ငံတကာအာကာသစခန်းပြင်ပသို့ထွက်ခွာ၍ လေလုံခန်းတစ်ခုကို အောင်မြင်စွာ နေရာရွှေ့ပြောင်းပေးခဲ့



**မော်စကို မေ ၄**

ရုရှားအာကာသယာဉ်မှူးနှစ်ဦးသည် ယနေ့တွင် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ လေလုံခန်းတစ်ခုကို အောင်မြင်စွာ နေရာရွှေ့ပြောင်းပေးခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားကြောင်း သိရသည်။

ရုရှားအာကာသယာဉ်မှူး ပရိုကိုယက်ဗ်နှင့် ဒီမီထရီပီတီလင်တို့သည် နိုင်ငံတကာအာကာသစခန်းပြင်ပသို့ ရောက်ရှိခဲ့ပြီးနောက် ရက်စ်ဗက်အမည်ရှိ ပင်မကိုယ်ထည်၌ တပ်ဆင်ထားသည့် လေလုံခန်းကို နော်ကာအမည်ရှိ ရုရှားပင်မကိုယ်ထည်ဆီသို့ ရွှေ့ပြောင်းတပ်ဆင်နိုင်ခဲ့သည်။

ရုရှားအာကာသယာဉ်မှူးနှစ်ဦးတို့သည် အလေးချိန် ၈၀၆ ဒသမ ၅ ကီလိုဂရမ်ရှိ အဆိုပါလေလုံခန်းကို နေရာရွှေ့ပြောင်းရာတွင် ဥရောပ အာကာသအေဂျင်စီ၏ စက်ရုပ်လက်တံ၏ အကူအညီကို ရယူခဲ့ကြသည်။

ရုရှားအာကာသယာဉ်မှူး ပရိုကိုယက်စ်နှင့် ပီတီလင်တို့၏ နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာချိန်မှာ ခုနစ်နာရီနှင့် ၁၀ မိနစ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရုရှားအာကာသယာဉ်မှူး နှစ်ဦးသည် ဧပြီ ၁၈ ရက်နှင့် ၁၉ ရက်ကလည်း ရက်စ်ဗက်ပင်မကိုယ်ထည်မှ အပူထုတ်စနစ်ကို နော်ကာပင်မကိုယ်ထည်သို့ ရွှေ့ပြောင်းတပ်ဆင်ခဲ့ပြီးဖြစ်သည်။

အဆိုပါရုရှားအာကာသယာဉ်မှူး နှစ်ဦးသည် လာမည့် မေ ၁၂ ရက်တွင် နိုင်ငံတကာအာကာသစခန်းပြင်ပသို့ ထပ်မံထွက်ခွာရန် စီစဉ်ထားသည်။

KKO

# HEALTH

## လေထုညစ်ညမ်းမှုနှင့်ထိတွေ့မှုများပါက နာရီပိုင်းအတွင်း နှလုံးကျန်းမာရေးပြဿနာများရှိလာနိုင်

**ပေကျင်း မေ ၄**

လေထုညစ်ညမ်းမှုနှင့် ထိတွေ့မှုများပါက နာရီပိုင်းအတွင်း နှလုံးကျန်းမာရေးပြဿနာများရှိလာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မေ ၃ ရက်တွင် ရေးသားတင်ပြထားသည်။

လေထုညစ်ညမ်းမှုပြဿနာကြောင့် နှလုံးခုန်နှုန်းမမှန်မှုပြဿနာ(Cardiac Arrhythmia) ဖြစ်ပွားနိုင်ကြောင်း တရုတ်နိုင်ငံ ဖူအန်တက္ကသိုလ်မှသုတေသနပညာရှင်များက ပြောကြားသည်။

ညစ်ညမ်းနေသောလေထုနှင့် တစ်နာရီကြာ ထိတွေ့မိတိုင်း နှလုံးခုန်နှုန်းမမှန်မှုပြဿနာပေါ်လာနိုင်ခြေမြင့်မားလာနိုင်ကြောင်း တရုတ်ပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် ညစ်ညမ်းလေထုနှင့် အထိအတွေ့များလေလေ နှလုံးခုန်နှုန်းမမှန်မှုပြဿနာများ ပေါ်လာနိုင်ခြေလည်း ပိုမိုမြင့်မားလာလေလေဖြစ်ကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း သိရသည်။

လေထုညစ်ညမ်းရုပ်မှုန်ခြောက်မျိုးအနက် ရုပ်ကြွင်းလောင်စာလောင်ကျွမ်းမှုများမှ ထွက်ပေါ်လာသည့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် (NO 2) များမှာ နှလုံးကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုအများဆုံး ရုပ်မှုန်ဖြစ်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

တရုတ်သုတေသနပညာရှင်များသည် တရုတ်မြို့တော်ကြီး ၃၂၂ မြို့တို့မှ ဆေးရုံပေါင်း ၂၂၀၅ ရုံတို့၏ သတင်းအချက်အလက်များ လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ KKO

## နေအဖွဲ့အစည်းပြင်ပ အကြီးစားကျောက်သားဂြိုဟ်နှစ်စင်းကို နိုင်ငံတကာ နက္ခတ္တရူပသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် မေ ၄**

နေအဖွဲ့အစည်းပြင်ပ အကြီးစားကျောက်သားဂြိုဟ်နှစ်စင်းကို နိုင်ငံတကာ နက္ခတ္တရူပသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Phys Org သတင်းဝက်ဘ်ဆိုက်က မေ ၃ ရက်တွင် ရေးသားတင်ပြထားကြောင်း သိရသည်။

အဆိုပါအကြီးစားကျောက်သားဂြိုဟ်နှစ်စင်းသည် TDI-2045 အမည်ရှိ ကြယ်သိမ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေကြောင်း အမေရိကန်သိပ္ပံပညာရှင်များ ဦးဆောင်သော နိုင်ငံတကာသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

TDI-2045 b နှင့် TDI-2045 c ဟူ၍ အမည်ပေးထားသည့် ၎င်းဂြိုဟ်နှစ်စင်းကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသော တက်စ်ဂြိုဟ်သစ်ရှာဖွေရေးဂြိုဟ်တု အကူအညီဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



TDI-2045 b ဂြိုဟ်သည် အရွယ်အစားအားဖြင့် ကမ္ဘာမြေထက် ၂၅ ရာခိုင်နှုန်းပိုကြီးမားပြီး မိခင်ကြယ်ကို ၁၇ ဒသမ ၆၆ ရက်လျှင် တစ်ကြိမ်ကျ လှည့်ပတ်လျက်ရှိသည်။

TDI-2045 c ဂြိုဟ်မှာ အရွယ်အစားအရ ကမ္ဘာမြေအချင်းဝက်ထက် ၃ ဒသမ ၃၃ ဆ အချင်းဝက်ပိုကြီးပြီး မိခင်ကြယ်ကို ၂၈ ဒသမ ၁၇ ရက်လျှင် တစ်ကြိမ်ကျလှည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

လက်ရှိအချိန်တွင် တက်စ်ဂြိုဟ်သစ်ရှာဖွေရေးဂြိုဟ်တုသည် နေအဖွဲ့အစည်း ပြင်ပဂြိုဟ်များကို ရှာဖွေရေးအတွက် နေအဖွဲ့အစည်းဝန်းကျင်ရှိ ကြယ်ပေါင်း ၂၀၀၀၀၀ ခန့်ကို လေ့လာလျက်ရှိကြောင်း သိရသည်။

KKO

## အဆုတ်ရောင်ရမ်းမှုကိုကုသသည့် ဆေးတစ်မျိုးက အရေပြားရောဂါကုသရာတွင် အထောက်အကူပေးနိုင်

**နယူးယောက် မေ ၄**

အဆုတ်ရောင်ရမ်းမှုကို ကုသရာတွင်အသုံးပြုသည့် ဆေးတစ်မျိုးသည် ဆာရိုက်ဆစ် (Psoriasis) ခေါ် အရေပြားရောဂါတစ်မျိုးကို ကုသရာတွင်လည်း အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက မေ ၃ ရက်တွင် ရေးသားတင်ပြထားသည်။

Roflumilast အမည်ရှိ အဆိုပါအဆုတ်ရောဂါဆေးသည် ဆာရိုက်ဆစ်လူနာ လေးပုံသုံးပုံတို့၌ အရေပြားအနာကွက်များ ထွက်ပေါ်မှုကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

Roflumilast ဆေးသည် Phosphodiesterase ခေါ် အင်ဇိုင်းတစ်မျိုးကို ထိန်းချုပ်ပေးခြင်းဖြင့် ဆာရိုက်ဆစ်ရောဂါ အရေပြားအနာကွက်များ ထွက်ပေါ်မှုကို လျှော့ချပေးနိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် အဆိုပါဆေးကို အသက် ကိုးနှစ်နှင့်အထက် ဆာရိုက်ဆစ်လူနာများအား အသုံးပြုခွင့်ပေး၍ အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) က အတည်ပြုချက်ပေးထားပြီးဖြစ်သည်။

အဆိုပါဆေးကြောင့် ဆာရိုက်ဆစ်လူနာများအနေဖြင့် အရေပြားပါးလွှာခြင်းကဲ့သို့ ဘေးထွက်ဆိုးကျိုးများရှိသော စတီးရွိုက်အရေပြားလိမ်းဆေးများ သုံးစွဲနေမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

ဆာရိုက်ဆစ်အရေပြားရောဂါသည် အရေပြားဆဲလ်များထွက်ပေါ်မှုလွန်ကဲချိန်တွင် ဖြစ်ပွားတတ်သည့် အရေပြားရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

KKO



## မေ ၅ ရက်တွင် လကြတ်မှုဖြစ်စဉ်တစ်ရပ် ပေါ်ထွက်မည်

**ဝါရှင်တန် မေ ၄**

လာမည့်မေ ၅ ရက်တွင် လကြတ်မှုဖြစ်စဉ်တစ်ရပ် ပေါ်ထွက်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က မေ ၃ ရက်တွင် ရေးသားတင်ပြထားကြောင်း သိရသည်။

မေ ၅ ရက်တွင် လသည် ကမ္ဘာ၏အပြင်ပိုင်းအရိပ်အတွင်းသို့ တိုးဝင်မည်ဖြစ်ရာ Penumbral Eclipse ခေါ် လကြတ်မှုပုံစံတစ်မျိုးဖြစ်ပွားမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

Penumbral Eclipse လကြတ်မှုဖြစ်စဉ်အတွင်း လသည် မြင်ကွင်းမှလုံးဝကွယ်ပျောက်သွားမည်မဟုတ်ဘဲ ကမ္ဘာမြေ၏အရိပ်ထိုးမှုကြောင့် ပို၍ မှောင်မိုက်သွားလိမ့်မည်ဖြစ်သည်။

မေ ၅ ရက် လကြတ်မှုဖြစ်စဉ်ကို အန္တာတိက၊ အာရှ၊ ရုရှား၊ သမုဒ္ဒရာနိုင်ငံများ၊ အာဖရိကအရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသနိုင်ငံများမှ ပြည်သူများတွေ့မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Penumbral Eclipse လကြတ်မှုဖြစ်စဉ်သည် ပို၍အရောင်ဖျော့သော ကမ္ဘာဂြိုဟ်အပြင်ဘက်အရိပ်အောက်သို့ လတိုးဝင်ချိန်တွင် ဖြစ်ပွားတတ်ကြောင်း သိရသည်။

Penumbral Eclipse ဟုခေါ်သည့် ကမ္ဘာမြေ၏ အပြင်ဘက်အကျဆုံး အရိပ်နယ်မြေအတွင်းသို့ လဝင်ရောက်ချိန်တွင် နေရောင်ခြည်ရရှိမှု လျော့ပါးလာမှုကြောင့် လမျက်နှာပြင် အလင်းအားလုံး ပုံမှန်ထက် မှေးမှိန်သွားတတ်ကြောင်း သိရသည်။

KKO

နိုင်ငံတကာ

# အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၃၅) ပွဲကြိုသုံးသပ်ချက်များ

ML

### ဝုဗ် Vs အေဗီလာ

**ကစားမည့်ရက်/အချိန် ၆-၅-၂၀၂၂ (ည ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေဗီလာ ၁ - ၁ ဝုဗ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဝုဗ် | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |
| အေဗီလာ | - | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(ရှုံး) |

ဝုဗ်အသင်းဟာ နောက်ဆုံးအိမ်ကွင်းသုံးပွဲဆက် နိုင်ပွဲရခဲ့ပြီး တန်းဆင်းဇုန်က လွတ်မြောက်ဖို့ ရမှတ်လိုအပ်ချက်ရှိနေတာကြောင့် အခုပွဲစဉ်ကို အနိုင်ရဖို့ ပြင်ဆင်လာမှာပါ။ အေဗီလာအသင်းကတော့ ကစားပုံကောင်းပေမဲ့ အဝေးကွင်းခံစစ်မတည်ငြိမ်တာကြောင့် အခုပွဲစဉ်မှာ ရှုံးကန်ရမှာပါ။ ဒါကြောင့် ဝုဗ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဝုဗ် ၂ - ၁ အေဗီလာ**

### လီဗာပူး Vs ဘရန့်ဖို့ဒ်

**ကစားမည့်ရက်/အချိန် ၆-၅-၂၀၂၂ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘရန့်ဖို့ဒ် ၃ - ၁ လီဗာပူး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | - | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |
| ဘရန့်ဖို့ဒ် | - | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |

နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းတည်ငြိမ်လာတဲ့ လီဗာပူးဟာ ဉရောပဝင်ခွင့်သေချာဖို့ အခုပွဲစဉ်ကိုလဲ တိုက်စစ်မြှင့်နိုင်ပွဲရှာရမှာပါ။ လက်ရှိ ဘရန့်ဖို့ဒ်အသင်းကတော့ အသင်းလိုက်ကစားအားကောင်းပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့ အဝေးကွင်းခြေစွမ်းမတည်ငြိမ်တာကြောင့် လီဗာပူးအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်မှာပါ။ ဒါကြောင့် လီဗာပူးအသင်းပဲ နိုင်ပွဲဆက်အုံးမှာပါ။

**အင်တာနက်ခန့်မှန်း - လီဗာပူး ၃ - ၁ ဘရန့်ဖို့ဒ်**

## အီတလီစီးရီးအေ ပွဲစဉ် (၃၄) ပွဲကြိုသုံးသပ်ချက်

ML

### ရိုးမား Vs အင်တာမီလန်

**ကစားမည့်ရက်/အချိန် ၆-၅-၂၀၂၂ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အင်တာမီလန် ၁ - ၂ ရိုးမား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရိုးမား | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(သရေ) |
| အင်တာမီလန် | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |

ရိုးမားအသင်းဟာ နောက်ဆုံးအိမ်ကွင်းသုံးပွဲဆက် မရှုံးသေးပေမဲ့ တိုက်စစ်ပိုင်းက ဂိုးရဖို့ခက်ခဲနေပြီး အသင်းကြီးတွေနဲ့ဆို ခံစစ်ပိုင်းက ပေးဂိုးများနေတာကို တွေ့ရမှာပါ။ အင်တာမီလန်ကတော့ အသင်းလိုက်ကစားအားကောင်းလာပြီး တိုက်စစ်ပိုင်းထက်မြက်လာတာကြောင့် အခုပွဲကို အနည်းဆုံးသရေကစားပြီး ရမှတ်ရှာဖွေမှာပါ။ ဒါကြောင့် အနည်းဆုံး သရေကစားလာမဲ့ အင်တာမီလန်နဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - ရိုးမား ၁ - ၂ အင်တာမီလန်**

## အားကစားသတင်း အတိုအထွာများ

- မန်စီးတီးအသင်းက လူငယ်ကစားသမား လီဝစ်ကို စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းသည် မက်ဆီကို ခေါ်ယူလိုသော်လည်း လုပ်ခလစာ ၇၅ ရာခိုင်နှုန်းထိ လျှော့ချပေးသွားရန် ဆန္ဒရှိနေကြောင်း သိရသည်။
- အာဆင်နယ်အသင်း၏ ကနဦးစာချုပ်သစ်ကမ်းလှမ်းမှုကို တိုက်စစ်မှူးနယ်လ်ဆင်က ငြင်းပယ်ခဲ့ကြောင်း သိရသည်။

ML

# ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲတက်ရောက်ခဲ့သည့် ဖရန့်ဖတ်အသင်း လိုက်ပ်ဇစ်အသင်းနှင့်တွေ့ဆုံ



**ဘာလင် မေ ၄**

ဂျာမန်ပိုကယ်ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် စတုဂတ်အသင်းနှင့် ဖရန့်ဖတ်အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာတွင် ဖရန့်ဖတ်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး လက်ရှိချန်ပီယံ လိုက်ပ်ဇစ်အသင်းနှင့် တွေ့ဆုံနေကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဖရန့်ဖတ်အသင်းသည် ပိုကယ်ဖလားပြိုင်ပွဲ (၁၆) သင်းအဆင့်တွင် ဒမ်းစတက်အသင်းကို လေးဂိုး နှစ်ဂိုး၊ ကွာတားဖိုင်နယ်အဆင့်တွင် ယူနီယံဘာလင်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ယခုပွဲစဉ်တွင်လည်း စတုဂတ်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် ထပ်မံအနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး လိုက်ပ်ဇစ်အသင်းကလည်း ဟော်ဖန်ဟိမ်းအသင်း၊ ဒေါ့မွန်အသင်း၊ ဖရိုင်းဘတ်အသင်းတို့ကို အနိုင်ယူ၍ ဗိုလ်လုပွဲတက်ရောက်ခဲ့သဖြင့် ဖရန့်ဖတ်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေသည်။

ဖရန့်ဖတ်အသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် စတုဂတ်အသင်း အိမ်ကွင်းတွင် ကစားရခဲ့သဖြင့် ပြိုင်ဘက်၏ ဦးဆောင်ခြင်းကိုခံခဲ့ရပြီး အခက်အခဲရှိခဲ့သော်လည်း အန်ဒစ်ကာ၊ ကာမာဒါ၊ မူအာနီတို့၏ သွင်းဂိုးများဖြင့် စတုဂတ်အသင်းကို ပြန်လည်ဦးဆောင်၍ သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ကာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သကဲ့သို့ ပိုကယ်ဖလားသမိုင်းတွင် ရှစ်ကြိမ်ထိ ဗိုလ်လုပွဲတက်ရောက်ခဲ့ရာတွင် ငါးကြိမ်ချန်ပီယံဆုဖလားရယူနိုင်ခဲ့သည့် မှတ်တမ်းကောင်းကို ပိုင်ဆိုင်ထားပြီး ယခုဗိုလ်လုပွဲစဉ်တွင်လည်း လက်ရှိချန်ပီယံ လိုက်ပ်ဇစ်အသင်းကို အနိုင်ယူ၍ ခြောက်ကြိမ်မြောက် ချန်ပီယံဆုဖလားရရှိရန် ပြင်ဆင်လျက်ရှိသည်။

လိုက်ပ်ဇစ်အသင်းနှင့်ဖရန့်ဖတ်အသင်းတို့သည် ပိုကယ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပထမဆုံးအကြိမ်တွေ့ဆုံခဲ့ပြီး လိုက်ပ်ဇစ်အသင်းက ချန်ပီယံဆုကာကွယ်နိုင်ရန် ရေပန်းစားနေသကဲ့သို့ အဆိုပါပွဲစဉ်ကို လာမည့် ဇူလိုင် ၄ ရက်တွင် ဘာလင်မြို့ရှိ အိုလံပစ်အားကစားကွင်းတွင် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ML

# DP World Tour အဖွဲ့ဝင်အဖြစ်မှ အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား လီဝက်စ်ဝုဒ်နုတ်ထွက်

**လန်ဒန် မေ ၄**

အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား လီဝက်စ်ဝုဒ်သည် ဒူဘိုင်းအခြေစိုက် DP World Tour တွင် ပါဝင်ယှဉ်ပြိုင်တော့မည်မဟုတ်ဘဲ အဖွဲ့ဝင်အဖြစ် မှတ်ပုံတင်ထားခြင်းမှလည်း နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လီဝက်စ်ဝုဒ်နှင့်အတူ Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဉရောပအသင်းအတွက် အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ကြသော ဂါစီယာနှင့် အီယန်ပေါလ်တာတို့ကလည်း DP World Tour အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုက်ကြောင်း ထုတ်ပြန်ခဲ့ကြသည်။

လီဝက်စ်ဝုဒ်၊ ဂါစီယာနှင့် အီယန်ပေါလ်တာတို့သည် ၂၀၂၂ ခုနှစ်တွင် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲ၌ DP World Tour မှ တာဝန်ရှိသူများ၏ ခွင့်ပြုချက်မရဘဲ ပြိုင်ပွဲဝင်ခဲ့ကြသည့်အတွက် ၎င်းတို့သုံးဦးစလုံးအား ဒဏ်ကြေးငွေအဖြစ် စတာလင်ပေါင် ၁၀၀၀၀၀ စီ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

လီဝက်စ်ဝုဒ်က "ကျွန်တော့်အနေနဲ့ DP World Tour နဲ့ PGA Tour မှာပါ အဖွဲ့ဝင်အဖြစ်မှတ်ပုံတင်ထားပါတယ်။ ကျွန်တော်အထင်တော့ DP World Tour ဟာ PGA Tour ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်သွားပြီ။ ကျွန်တော်တို့အနေနဲ့ လွတ်လွတ်လပ်လပ် ပြိုင်ပွဲဝင်လို့မရသလို အနိုင်ကျင့်ခံနေရတယ်လို့လဲ ခံစားမိတယ်။ ကျွန်တော်တို့ရဲ့ စွမ်းဆောင်ရည်ကိုလဲ ကန့်သတ်ထားတယ်လို့ ခံစားရတယ်။ DP World Tour ဟာ PGA Tour ကို အလုပ်အကျွေးပြုနေတဲ့ Tour တစ်ခုအဖြစ်မြင်မိတယ်။ ကျွန်တော်ဒီလိုစကားမျိုးပြောမှာကို DP World Tour က တာဝန်ရှိသူတွေ မကြိုက်ဘူးဆိုတာတော့ ကျွန်တော်သိပါတယ်။ မူဝါဒတွေက ပြိုင်ပွဲဝင်တွေရဲ့စွမ်းဆောင်ရည်တွေကို ဖြုန်းတီးနေသလိုဖြစ်နေတဲ့အတွက် အဖွဲ့ဝင်အဖြစ်ကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်" ဟု ပြောကြားခဲ့သည်။ AZL

# Mutua Madrid Open တင်းနစ်ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်သို့ အယ်ကာရက်ဇ် တက်ရောက်

**မက်ဒရစ် မေ ၄**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပနေသည့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၂) နေရာ၌ ရပ်တည်နေသည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ရုရှားတင်းနစ်ကစားသမား ကာချန်နော့တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၄၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း CGTN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ပြိုင်ပွဲတွင် နိုင်ခြေအဆင့် (၁) အဖြစ် သတ်မှတ်ခံထားရသည့် ကစားသမားဖြစ်သလို ဗိုလ်စွဲရန်ရေပန်းစားနေသည့်အတိုင်း အကောင်းဆုံး လက်စွမ်းပြထားနိုင်ခဲ့သည်။

အယ်ကာရက်ဇ်သည် ပထမပွဲငယ်တွင် တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့ပြီး ကာချန်နော့၏ စပေးဘောများကိုလည်း အကောင်းဆုံးတုံ့ပြန်သွားနိုင်ခဲ့သည်။

ဒုတိယပွဲငယ်တွင် ပုံမှန်လက်စွမ်းပြန်ရလာခဲ့သည့် ကာချန်နော့က အယ်ကာရက်ဇ်ကို ဖိအားပေး ကစားနိုင်ခဲ့သော်လည်း အယ်ကာရက်ဇ်ကပင် Tie-Break ၌ အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။



အယ်ကာရက်ဇ်က "ကာချန်နော့လို ကစားသမားမျိုးကိုအနိုင်ရခဲ့တာဟာ စိတ်ဓာတ်ပိုင်းဆိုင်ရာအတွက် အပေါင်းလက္ခဏာဖြစ်စေပါတယ်။ ခက်ခဲတဲ့ပြိုင်ဘက်ကောင်းတစ်ယောက်ကို အနိုင်ရပြီးဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်လာခဲ့တဲ့အတွက် ဆီမီးဖိုင်နယ်အဆင့်မှာ ရင်ဆိုင်ရမဲ့ပွဲစဉ်အတွက် စိတ်ဓာတ်ခွန်အားလဲ ဖြစ်စေပါတယ်။ ကာချန်နော့ဟာ ပြိုင်ပွဲအတွက် ပြင်ဆင်ရာမှာ တော်တော်လေး အသေးစိတ်တယ်။ သူ့ရဲ့ နည်းစနစ်ပိုင်းနဲ့ ကျွမ်းကျင်မှုက ထိပ်တန်းအဆင့်မှာ ရှိနေပါတယ်။ ကမ္ဘာ့အဆင့် လယ်ဗယ်မှာရှိတဲ့ ပြိုင်ဘက်ကောင်း တစ်ယောက်လဲ ဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်အတွက် အကောင်းဆုံးပြင်ဆင်သွားမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ယခုနှစ်အတွက် Hall of Fame စာရင်းတွင် အာဆင်နယ်အသင်း ကစားသမားဟောင်းများဖြစ်သည့် တိုနီအဒမ်နှင့် ပီတာဆက်တို့ ဂုဏ်ပြုခံရ




**လန်ဒန် မေ ၄**

ပရီးမီးယားလိဂ် ဘောလုံးအဖွဲ့ချုပ်၏ ယခုနှစ် Hall of Fame စာရင်းတွင် အာဆင်နယ်အသင်း ကစားသမားဟောင်း နှစ်ဦးဖြစ်သည့် တိုနီအဒမ်နှင့်ပီတာဆက်တို့ ပါဝင်လာခဲ့ကြကြောင်း ANT News.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်မှ စတင်ကာ ပြိုင်ပွဲသမိုင်းတစ်လျှောက် ထူးထူးချွန်ချွန်စွမ်းဆောင်နိုင်ခဲ့ကြသည့်ကစားသမားများကို ရွေးချယ်ဂုဏ်ပြုရန်အတွက် Hall of Fame အမည်ရှိ ပြတိုက်တစ်ခုတည်ဆောက်ပြီး ကစားသမားများကို ရွေးချယ်ဂုဏ်ပြုခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းနှင့်ချဲလ်ဆီးအသင်းကစားသမားဟောင်း ပီတာဆက်သည် ချဲလ်ဆီးအသင်းနှင့်အတူ ဆုဖလားများရယူနိုင်ခဲ့သကဲ့သို့ အာဆင်နယ်အသင်းတွင်လည်း အကောင်းဆုံး လက်စွမ်းပြသနိုင်ခဲ့ကာ ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် အကောင်းဆုံးဂိုးသမားများတွင် တစ်ဦးအပါအဝင်ရပ်တည်နိုင်ခဲ့သည့်အတွက် Hall of Fame စာရင်းတွင်ထည့်သွင်းဂုဏ်ပြုခံခဲ့ရသူဖြစ်သည်။

ထို့အတူ အာဆင်နယ်အသင်းဂန္ထဝင်ကစားသမား တိုနီအဒမ်သည်လည်း အာဆင်နယ်အသင်းသမိုင်းတစ်လျှောက် တစ်ရာသီလုံးရှုံးပွဲမရှိဘဲ ပရီးမီးယားလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည့်အတွက် Hall of Fame စာရင်းတွင် ထည့်သွင်းခံခဲ့ရခြင်းဖြစ်သည်။ STA


# ပရီးမီးယားလိဂ်ဘောလုံးရာသီတစ်ရာသီအတွင်း ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် တိုက်စစ်မှူးဟာလန်း စံချိန်သစ်တင်

**မန်ချက်စတာ မေ ၄**

တိုက်စစ်မှူး ဟာလန်းသည် မန်စီးတီးအသင်းက ဝက်စ်ဟမ်းအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဘောလုံးရာသီတစ်ခုအတွင်း ဂိုးသွင်းအများဆုံးကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးတိုက်စစ်မှူး ဟာလန်းသည် အသင်းနှင့်အတူ အမှတ်ပေးပြိုင်ပွဲ ၃၁ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၃၅ ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် မန်ယူအသင်း တိုက်စစ်မှူးဟောင်း အင်ဒီကိုးလ်နှင့်နယူးကာဆယ်တိုက်စစ်မှူးဟောင်း အလန်ရှီးယားတို့၏ တစ်ရာသီအတွင်း သွင်းဂိုး ၃၄ ဂိုးစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီး ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်ပရီးမီးယားလိဂ်သမိုင်းတွင် ၁၉၉၃-၁၉၉၄ ဘောလုံးရာသီ၌ အင်ဒီကိုးလ်က အမှတ်ပေးပွဲ ၄၂ ပွဲတွင် သွင်းဂိုး ၃၄ ဂိုးသွင်းယူနိုင်ခဲ့သည့် မှတ်တမ်းကောင်းကို ပိုင်ဆိုင်ခဲ့ပြီး အလန်ရှီးယားက ၁၉၉၄-၁၉၉၅ ဘောလုံးရာသီတွင် အမှတ်ပေးပွဲ ၄၂ ပွဲ၌ သွင်းဂိုး ၃၄ ဂိုးထိ သွင်းယူကာ အင်ဒီကိုးလ်နှင့် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ပူးတွဲရပ်တည်နိုင်ခဲ့သော်လည်း နှစ်ပေါင်း ၂၈ နှစ်အကြာတွင် တိုက်စစ်မှူးဟာလန်းက အမှတ်ပေးပွဲ ၃၁ ပွဲကစားပြီးချိန်တွင် ၃၅ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ၎င်းတို့၏ ဂိုးသွင်းအများဆုံး စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သည်။



ထို့ပြင် ဟာလန်းသည် ပရီးမီးယားလိဂ်၌ ပြိုင်ပွဲစုံတွင် သွင်းဂိုး ၅၂ ဂိုးထိရှိလာခဲ့ရာ သွင်းဂိုး ၄၄ ဂိုး သွင်းယူခဲ့သည့် ဆာလာဟ်နှင့် နစ္စတယ်ရှိုင်းတို့၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သည့်အပြင် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသည့် အဲဗာတန်အသင်း တိုက်စစ်မှူးဟောင်း ဒစ်ဆီ၏ သွင်းဂိုး ၆၀ စံချိန်ကိုလဲ လိုက်မီရန် ရှစ်ဂိုးသာလိုအပ်တော့ကြောင်း သိရသည်။ ML

# (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်တွင် မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်

**ရန်ကုန် မေ ၄**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်းပြိုင်ပွဲ) အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (က) အုပ်စုဒုတိယပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲက မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ကစားခဲ့ရာ မြန်မာအသင်းအနေဖြင့် ငါးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး မြန်မာအသင်းအနေဖြင့် အပိုင်ဂိုးသွင်းခွင့်ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ဦးဆောင်ဂိုးရရှိရန် နစ်နာခဲ့ရကာ ပွဲချိန်ကြာလာသည်နှင့်အင်ဒိုနီးရှားအသင်းက ဂိုးပေါက်ခြိမ်းခြောက်မှုအသာဖြင့် ပြန်လည်ဖိအားပေးနိုင်ခဲ့သဖြင့် ပွဲချိန် မိနစ် ၂၀ တွင် မာစီလီနိုက အဝေးကန်ချက်ဖြင့် အင်ဒိုနီးရှား အသင်းအတွက် ဦးဆောင်ဂိုးကိုလည်းကောင်း၊ ပွဲချိန် မိနစ် ၃၀ တွင် ပင်နယ်တီမှတစ်ဆင့် ရာမက်ဟန်က ဒုတိယသွင်းဂိုးကိုလည်းကောင်း အသီးသီးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် အင်ဒိုနီးရှားအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြန်မာအသင်းက ချေပဂိုးများအတွက် ပြန်လည်ဖိအားပေးကစားရန် ကြိုးပမ်းခဲ့သော်လည်း အင်ဒိုနီးရှားအသင်းခံစစ်ကို ကျော်ဖြတ်နိုင်ခြင်းမရှိဘဲ ပွဲချိန် ၅၉ မိနစ်တွင် ရာမက်ဟန်က လည်းကောင်း၊ ပွဲချိန် ၇၃ မိနစ်တွင် ဖာဂျာကလည်းကောင်း၊ ပွဲချိန် ၈၈ မိနစ်တွင် တီတန်ကလည်းကောင်း အင်ဒိုနီးရှားအသင်းအတွက် သွင်းဂိုးများသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

STA

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၃၁) ပွဲကြိုသုံးသပ်ချက်များ

S T A

**အော့စ်ဘတ် Vs ယူနီယံဘာလင်**

**ကစားမည့်ရက်/အချိန် ၆-၅-၂၀၂၃ (ည ၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ယူနီယံဘာလင် ၂ - ၂ အော့စ်ဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အော့စ်ဘတ်** | **-** | **ဝေး(ရှုံး)** | **အိမ်(သရေ)** | **ဝေး(သရေ)** |
| **ယူနီယံဘာလင်** | **-** | **အိမ်(သရေ)** | **ဝေး(နိုင်)** | **အိမ်(သရေ)** |

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေသေးတဲ့ ယူနီယံဘာလင်အသင်းဟာ အဝေးကွင်းဆိုပေမဲ့ ရမှတ်ပြည့်ရရှိဖို့ကြိုးစားလာမှာပါ။ အော့စ်ဘတ်အသင်းကလဲနောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ပြီး ရှုန်းကန်နေရပါတယ်။ ယူနီယံဘာလင်အသင်းကလဲ အသင်းလိုက်ကစားပုံတည်ငြိမ်မှုရှိနေလို့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ယူနီယံဘာလင်အသင်းပဲ အနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း - အော့စ်ဘတ် ၁ - ၃ ယူနီယံဘာလင်**

**ဟော့ဖန်ဟိမ်း Vs ဖရန့်ဖတ်**

**ကစားမည့်ရက်/အချိန် ၆-၅-၂၀၂၃ (ည ၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရန့်ဖတ် ၄ - ၂ ဟော့ဖန်ဟိမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဟော့ဖန်ဟိမ်း** | **-** | **ဝေး(သရေ)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **ဖရန့်ဖတ်** | **-** | **ဝေး(ရှုံး)** | **အိမ်(သရေ)** | **ဝေး(နိုင်)** |

တန်းဆင်းဇုန်ဖိအားရှိနေတဲ့ ဟော့ဖန်ဟိမ်းအသင်းဟာ အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့အတွက် ကြိုးစားလာမှာပါ။ ဖရန့်ဖတ်အသင်းကလဲ အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် မဖြစ်မနေအနိုင်ရအောင်ကြိုးစားလာမဲ့ ဟော့ဖန်ဟိမ်းအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဟော့ဖန်ဟိမ်း ၂ - ၁ ဖရန့်ဖတ်**

# ပြင်သစ်လီဂူး ပွဲစဉ် (၃၄) ပွဲကြိုသုံးသပ်ချက်များ

S T A

**ရိမ်း Vs လိုင်လီ**

**ကစားမည့်ရက်/အချိန် ၆-၅-၂၀၂၃ (ည ၁၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုင်လီ ၁ - ၁ ရိမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ရိမ်း** | **-** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **လိုင်လီ** | **-** | **အိမ်(နိုင်)** | **ဝေး(သရေ)** | **အိမ်(ရှုံး)** |

ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေတဲ့ လိုင်လီအသင်းဟာ အမှားခံမှာမဟုတ်ပါဘူး။ ရိမ်းအသင်းကလဲ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရှုံးပွဲကြုံထားပြီး ရုန်းကန်ရသလို အခုပွဲစဉ်မှာလဲ လိုင်လီအသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ လိုင်လီအသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုအပြည့်ရှိနေလို့ အဝေးကွင်းဆိုပေမဲ့ လိုင်လီအသင်းပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ရိမ်း ၀ - ၂ လိုင်လီ**

**လန်း Vs မာဆေး**

**ကစားမည့်ရက်/အချိန် ၇-၅-၂၀၂၃ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မာဆေး ၀ - ၁ လန်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လန်း** | **-** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |
| **မာဆေး** | **-** | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |

မာဆေးအသင်းဟာ ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေသလို လန်းအသင်းအတွက်လဲ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေပါတယ်။ နှစ်သင်းစလုံး နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေဆက်တိုက်ကောင်းမွန်နေပေမဲ့ လန်းအသင်းရဲ့ခံစစ်ပိုင်းက စိတ်ချလို့ရတဲ့ အနေအထားမှာမရှိလို့ တိုက်စစ်ပိုင်းပိုမိုအားကောင်းတဲ့ မာဆေးအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - လန်း ၂ - ၃ မာဆေး**

# ယူကရိန်းအရေးတွင် ကြားဝင်စေ့စပ်ရန်ကြိုးပမ်းလျက်ရှိသော တရုတ်





ယူကရိန်းနိုင်ငံတွင် ပဋိပက္ခဖြစ်ပွားမှုကာလ တစ်နှစ် နှစ်လ ကျော်လွန်လာပြီးနောက် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ယူကရိန်းသမ္မတ ဇီလန်စကီးနှင့်ဖုန်းဆက်သွယ် ပြောဆိုဆွေးနွေးခဲ့သည်။ အခြားတစ်ဖက်တွင်လည်း သမ္မတရှီကျင့်ဖျင်သည် ၂၀၂၃ ခုနှစ် မတ်လအတွင်းက နိုင်ငံတော်ခရီးစဉ်အပါအဝင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလက ယူကရိန်းပဋိပက္ခစတင်ပြီးနောက် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် လူကိုယ်တိုင်တွေ့ဆုံမှု နှစ်ကြိမ်ရှိခဲ့သည်။

သမ္မတရှီကျင့်ဖျင်အနေဖြင့် ယူကရိန်းသမ္မတ ဇီလန်စကီးနှင့်ဖုန်းဆက်သွယ်ပြောဆိုလိမ့်မည်ဆိုသော ကောလာဟလများသည် ရှီကျင့်ဖျင်၏ ရုရှားခရီးစဉ်မတိုင်မီက ဟိုးလေးတကျော်ဖြစ်ခဲ့သော်လည်း လက်တွေ့ ခေါ်ဆိုနိုင်ခြင်းမရှိခဲ့ပေ။ တရုတ်နိုင်ငံသည် အဆိုပါ ကောလာဟလများနှင့်စပ်လျဉ်း၍ ရေငုံနှုတ်ပိတ်နေခဲ့သည်။ သို့သော် ယူကရိန်းတာဝန်ရှိသူများကမူ ၎င်းတို့အနေဖြင့် နှစ်နိုင်ငံခေါင်းဆောင်များကြား ဖုန်းဆက်သွယ်ပြောဆိုနိုင်ရေးအတွက် တရုတ်နိုင်ငံနှင့်ဆက်သွယ်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ မည်သို့ပင်ဆိုစေ သမ္မတရှီကျင့်ဖျင်၏ ရုရှားခရီးစဉ်ပြီးဆုံးပြီးနောက် တစ်လအကြာတွင် ရှီကျင့်ဖျင်သည် ဇီလန်စကီးနှင့် ဖုန်းဆက်သွယ်ပြောဆိုဆွေးနွေးခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုအရ သမ္မတ ရှီကျင့်ဖျင်သည် တိုက်ပွဲများဖြစ်ပွားနေစဉ် တရုတ်-ယူကရိန်ဆက်ဆံရေးသက်ဝင်လာရေးအတွက် စတင်ကြိုးပမ်းခဲ့ကြောင်း၊ တရုတ်-ယူကရိန်း ဆက်ဆံရေးသည် သံတမန်ဆက်ဆံရေး ထူထောင်မှုကာလ ၃၁ နှစ်ပြည့်မြောက်ပြီးနောက် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ ရောက်ရှိလာခဲ့ကြောင်းနှင့် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခဲ့ကြောင်း ဖော်ပြထားသည်။ သမ္မတရှီကျင့်ဖျင်က နှစ်နိုင်ငံစလုံးအနေဖြင့် အနာဂတ်ကို မြော်တွေးသွားရန် လိုအပ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကို ရေရှည်အမြင်ဖြင့် ကြည့်ရှုကိုင်တွယ်သွားရန် လိုအပ်ကြောင်း၊ အပြန်အလှန်လေးစားမှုနှင့် သစ္စာစောင့်သိမှု အစဉ်အလာတို့ကို အနာဂတ်ထိ သယ်ဆောင်သွားသင့်ကြောင်းနှင့် တရုတ်- ယူကရိန်း မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကိုလည်း ဆက်လက်ကျင့်သုံးသွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတကာအခြေအနေများ မည်သို့ပင်ပြောင်းလဲဖြစ်ပေါ်နေစေကာမူ တရုတ်နိုင်ငံသည် အပြန်အလှန်အကျိုးဖြစ်ထွန်းသော ပူးပေါင်းဆောင်ရွက်မှုများ အဆင့်မြှင့်တင်ရန် ယူကရိန်းနိုင်ငံနှင့် အတူတကွ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က ဇီလန်စကီးကို ပြောကြားခဲ့သည်။ အလားတူ ရှီကျင့်ဖျင်အနေဖြင့် ၂၀၂၃ ခုနှစ် မတ်လခရီးစဉ်အတွင်းကလည်း ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်သွားရန် ကတိကဝတ်ပြုခဲ့သည်။ စင်စစ်အားဖြင့် ယူကရိန်းနှင့် ရုရှားနှစ်နိုင်ငံကြားတွင် ဘက်မလိုက်ဘဲ ကြားနေဝါဒကျင့်သုံးလိုသည့်သဘောတရားကို လှစ်ဟပြသသွားလိုသော်လည်း တရုတ်နိုင်ငံအနေဖြင့် ယူကရိန်းအရေးတွင် ရုရှားနိုင်ငံကို နည်းဗျူဟာကျကျ ပံ့ပိုးပေးလျက်ရှိသည်ဟု အနောက်အုပ်စုက ရှုမြင်ထားသည်။

တရုတ်နိုင်ငံအနေဖြင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းသော ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ယူကရိန်းနိုင်ငံနှင့် အတူတကွ လုပ်ဆောင်သွားရန် ဆန္ဒရှိနေကြောင်း ရှီကျင့်ဖျင်က ဇီလန်စကီးကို ပြောကြားခဲ့သလို မတ်လအတွင်းကလည်း ပူတင်ကို နိုင်ငံတကာအခြေအနေ မည်သို့ပင်ပြောင်းလဲဖြစ်ပေါ်နေစေကာမူ တရုတ်နိုင်ငံအနေဖြင့် ခေတ်သစ်တွင် တရုတ်-ရုရှား ပြီးပြည့်စုံသော မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတရှီကျင့်ဖျင်အနေဖြင့် နှစ်နိုင်ငံစလုံးနှင့် ဆက်ဆံရေး မြှင့်တင်ရန်ပြောကြားသွားသော်လည်း အသုံးအနှုန်းများမှာ မတူကွဲပြားလျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် ယူကရိန်းနှင့်ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိနေသည်ဆိုသောပြောကြားချက်သည် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုသောစကားရပ်လောက် ခိုင်မာသေချာမှုမရှိပေ။ တရုတ်နိုင်ငံအနေဖြင့် ယူကရိန်းနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သီအိုရီကျကျ ပြောဆိုလျက်ရှိသော်လည်း လက်တွေ့တွင် ယူကရိန်းနိုင်ငံကဆောင်ရွက်မှသာလျှင် အလုပ်ဖြစ်လာနိုင်မည်ဖြစ်သည်။ သာဓကမှာ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နှင့် ဆက်ဆံရေးမြှင့်တင်သွားရန် ဆန္ဒရှိနေကြောင်း တရုတ် တာဝန်ရှိသူများက အကြိမ်ကြိမ်ပြောဆိုနေသည့်တိုင်အောင် အမေရိကန်ဘက်မှ တစ်စုံတစ်ရာမျှ တုံ့ပြန်ခဲ့ခြင်းမရှိသဖြင့် လက်တွေ့ဖြစ်ပေါ်လာခဲ့ခြင်းမရှိပေ။

တရုတ်နိုင်ငံသည် ယူကရိန်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားလိုသည့် ဆန္ဒသာရှိနေပြီး အပြန်အလှန် အကျိုးဖြစ်ထွန်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် နယ်ပယ်အတိအကျ သတ်မှတ်ထားရခြင်းမရှိသေးပေ။ သို့သော် ရုရှားနိုင်ငံနှင့်ဆက်ဆံရေးတွင် နယ်ပယ်အားလုံး၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် တရုတ်-ရုရှား ဆက်ဆံရေးသည် အကန့်အသတ်မရှိသော်လည်း တရုတ်-ယူကရိန်းဆက်ဆံရေးတွင်မူ အကန့်အသတ်ဖြင့်သာ ဆောင်ရွက်လျက်ရှိသည်။

တရုတ်-ယူကရိန်း ဆက်ဆံရေးနှင့်စပ်လျဉ်း၍ သမ္မတရှီကျင့်ဖျင်၏ ထုတ်ဖော်ချီးကျူးပြောကြားမှုများတွင် လက်ရှိဖြစ်ပွားလျက်ရှိသော ယူကရိန်းအရေးကို ချန်လှပ်ထားခဲ့သည်။ သို့သော် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကိုအပြန်အလှန်လေးစားခြင်းသည် တရုတ်-ယူကရိန်း ဆက်ဆံရေး၏ နိုင်ငံရေးအခြေခံအုတ်မြစ်ဖြစ်ကြောင်း ရှီကျင့်ဖျင်က ကောက်ချက်ချပြောကြားခဲ့သည်။ ယူကရိန်းနိုင်ငံသည် တိုင်းပြည်အတွင်း လက်ရှိဖြစ်ပွားလျက်ရှိသော ပဋိပက္ခနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံက ရုရှားနိုင်ငံကို ရှုတ်ချပြောဆိုသွားစေလိုသော ဆန္ဒရှိနေသည်။ သို့သော် သမ္မတရှီကျင့်ဖျင်သည် လက်ရှိအချိန်ထိ ယူကရိန်းတို့မျှော်လင့်ထားသည့်အတိုင်းလုပ်ဆောင်ခြင်း မရှိသေးသလို ၎င်းအနေဖြင့် ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ ရုရှားနိုင်ငံအပေါ် ပြစ်တင်ဝေဖန်ခဲ့ခြင်းမရှိပေ။

အမှန်တော့ တရုတ်နိုင်ငံ၏ရပ်တည်ချက်သည် ငြိမ်းချမ်းရေးဘက်တွင်သာ ရှိကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အဆင်ပြေချောမွေ့စေရေးသည် တရုတ်နိုင်ငံ၏ခိုင်မာသောရပ်တည်ချက်ဖြစ်ကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး တာဝန်ယူစိတ်ရှိသည့်အင်အားကြီး တရုတ်နိုင်ငံအနေဖြင့် ရည်ရွယ်ချက်မဲ့ ထိုင်နေမည်မဟုတ်သလို မီးလောင်ရာလေပင့်လည်း လုပ်ဆောင်မည်မဟုတ်ကြောင်း၊ ကိုယ်ကျိုးစီးပွားအတွက်လည်း အမြတ်ထုတ် အသုံးချသွားမည်မဟုတ်ကြောင်း ရှီကျင့်ဖျင်က ထပ်လောင်းပြောကြားသွားသည်။

တရုတ်နိုင်ငံက အမေရိကန်နှင့် NATO အဖွဲ့သည် ၎င်းတို့ကိုယ်ကျိုးစီးပွားများအတွက် ယူကရိန်းအခြားသောနိုင်ငံများသို့ အထူးကိုယ်စားလှယ် စေလွှတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မည်သို့ပင်ဆိုစေ တရုတ်အရာရှိများပါဝင်သော သံတမန်ဆွေးနွေးပွဲများ၏ ရလဒ်ကိုစောင့်ကြည့်သွားရမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် အစ္စရေး-ပါလက်စတိုင်းအရေးတွင်လည်း ချဉ်းကပ်ဆောင်ရွက်ခဲ့ဖူးသည်။ အနီးစပ်ဆုံးသာဓကအနေဖြင့် မတ်လအတွင်းက ကြားဝင်စေ့စပ်ဖျန်ဖြေခဲ့သော ဆော်ဒီ-အီရန် အရေးတွင် ထွက်ပေါက်အဖြေရရှိခဲ့သည်။ ထို့ကြောင့် ယူကရိန်းအရေးတွင် တရုတ်၏ ကြားဝင်စေ့စပ်ဖျန်ဖြေမှုကို ဆက်လက်စောင့်ကြည့်သွားရတော့မည်ဖြစ်သည်။

ဇီလန်စကီးက ၎င်းအနေဖြင့် သမ္မတရှီကျင့်ဖျင်နှင့် ဖုန်းဆက်သွယ်ပြောဆိုရာတွင် များစွာအကျိုးရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံဆိုင်ရာ ယူကရိန်းသံအမတ်တစ်ဦးကို ခန့်အပ်ခဲ့ကြောင်း၊ ယူကရိန်းနှင့်တရုတ်တို့ကြား ဆက်သွယ်ရေးကွန်ရက်တစ်ခု ထူထောင်နိုင်မည်ဖြစ်ကြောင်း၊ သမ္မတရှီကျင့်ဖျင်နှင့်ဖုန်းဆက်သွယ်ပြောဆိုဆွေးနွေးနိုင်ခြင်းနှင့်တရုတ်နိုင်ငံဆိုင်ရာ ယူကရိန်းသံအမတ်တစ်ဦး ခန့်အပ်နိုင်ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဟု ယုံကြည်မိပါကြောင်း ပြောဆိုသွားသည်။

စင်စစ်အားဖြင့် ယူကရိန်းခေါင်းဆောင်သည် ၎င်း၏တိုင်းပြည်အတွင်း ဖြစ်ပျက်လျက်ရှိသော ပဋိပက္ခအကြောင်းကို သမ္မတရှီကျင့်ဖျင်အားကိုယ်တိုင်ရှင်းပြနိုင်ရေး စောင့်ဆိုင်းနေသည်မှာ ကာလအတန်ကြာနေပြီဖြစ်သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ခေါင်းဆောင်နှစ်ဦး၏ ဖုန်းပြောဆိုမှုနှင့်စပ်လျဉ်း၍

❖ အမှန်တော့ တရုတ်နိုင်ငံ၏ရပ်တည်ချက်သည် ငြိမ်းချမ်းရေးဘက်တွင်သာရှိကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အဆင်ပြေချောမွေ့စေရေးသည် တရုတ်နိုင်ငံ၏ခိုင်မာသောရပ်တည်ချက်ဖြစ်ကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး တာဝန်ယူစိတ်ရှိသည့် အင်အားကြီး တရုတ်နိုင်ငံအနေဖြင့် ရည်ရွယ်ချက်မဲ့ထိုင်နေမည်မဟုတ်သလို မီးလောင်ရာလေပင့်လည်း လုပ်ဆောင်မည်မဟုတ်ကြောင်း၊ ကိုယ်ကျိုးစီးပွားအတွက်လည်း အမြတ်ထုတ် အသုံးချသွားမည်မဟုတ်ကြောင်း ရှီကျင့်ဖျင်က ထပ်လောင်းပြောကြားသွားသည်။ ❖

ပဋိပက္ခမှ အမြတ်ထုတ်အသုံးချနေကြောင်း ပြောဆိုလျက်ရှိသော်လည်း တရုတ်နိုင်ငံအနေဖြင့် အဓိပ္ပာယ်မဲ့ထိုင်နေမည်မဟုတ်ကြောင်း ရှီကျင့်ဖျင်၏ကတိကဝတ်ပြုပြောကြားမှုသည် တရုတ်နိုင်ငံအနေဖြင့် ယူကရိန်းပဋိပက္ခအတွက် လုပ်ဆောင်စရာရှိသည်များကို အတိအကျလုပ်ဆောင်နေသည်ဟု သုံးသပ်ယူဆသွားရမည်ဖြစ်ပေသည်။

သမ္မတရှီကျင့်ဖျင်သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် အခွင့်အလမ်းတံခါးပေါက်ကို တွေ့ရှိထားဖွယ်ရာရှိနေသည်။ ရှီကျင့်ဖျင်က လက်ရှိအချိန်တွင် လက်တွေ့ကျသော အတွေးအခေါ်နှင့်အသံများထွက်ပေါ်လာပြီဖြစ်ကြောင်း၊ အခွင့်အလမ်းကို အမိအရ ဆုပ်ကိုင်နိုင်ရေးသည် များစွာအရေးပါလျက်ရှိကြောင်း၊ ပဋိပက္ခကို နိုင်ငံရေးအရဖြေရှင်းနိုင်ရေးအတွက် လုပ်သာကိုင်သာရှိသော အခြေအနေများဖန်တီးသွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံသည် ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ အဖြေရှာဖွေနိုင်ရန်အတွက် သက်ဆိုင်သူအားလုံးနှင့် ထဲထဲဝင်ဝင် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ယူကရိန်းနှင့်ဇီလန်စကီးသည် လက်ရှိဖြစ်ပျက်နေသော ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ ၎င်း၏အမြင်ကို မျှဝေခဲ့သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ သို့သော် ယူကရိန်းခေါင်းဆောင်ကမူ ၎င်းတို့၏ဖုန်းဆက်ပြောဆိုဆွေးနွေးမှုသည် ပဋိပက္ခအဆုံးသတ်ရေးအတွက် ကြီးမားသည့်တွန်းအားတစ်ရပ်ဖြစ်လာနိုင်ကြောင်း အပြုသဘောဆောင်သောအမြင်ကိုမှု ထုတ်ဖော်ပြောဆိုခဲ့ခြင်းမရှိသဖြင့် ယူကရိန်းငြိမ်းချမ်းရေးရရှိရန်အတွက် တရုတ်နိုင်ငံ၏ ကြားဝင်စေ့စပ်ဖျန်ဖြေမှုလုပ်ငန်းစဉ် အောင်မြင်မှုရရှိနိုင်မည်လားဆိုသောအချက်ကို ဆက်လက်စောင့်ကြည့်သွားရတော့မည်ဖြစ်ပေသည်။

**ကိုးကား**

- **Xi Just Soke With Zelenskyy. What Does This Mean for China's Ukraine Approach? by The Diplomat.**

မောင်စိန်အိ (နဘဲမြေ)

# မြောက်ဦးယဉ်ကျေးမှုနယ်မြေအကြောင်းရိုက်ကူးထားသော My Hidden City က ပြင်သစ်၌ကျင်းပသည့်ရုပ်ရှင်ပွဲတော်တွင် အကောင်းဆုံးမှတ်တမ်းရုပ်ရှင်ဇာတ်လမ်းတိုဆု ရရှိ



**မြောက်ဦး မေ ၄**

ရခိုင်ပြည်နယ် မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အကြောင်း မှတ်တမ်းတင်ရိုက်ကူးထားသည့် My Hidden City မှတ်တမ်းရုပ်ရှင်သည် ပြင်သစ်နိုင်ငံ၌ ကျင်းပသည့် ရုပ်ရှင်ပွဲတော်တွင် အကောင်းဆုံးမှတ်တမ်း ရုပ်ရှင်ဇာတ်လမ်းတိုဆု ရရှိခဲ့ကြောင်း မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်သန်းက ပြောပြ၍ သိရသည်။

My Hidden City မှတ်တမ်းရုပ်ရှင်သည် ပြင်သစ်နိုင်ငံ Nice မြို့တွင် ပြီးခဲ့သည့် မတ်လနှင့် ဧပြီလအတွင်းက ကျင်းပခဲ့သည့် Giraffe Film Festival ရုပ်ရှင်ပွဲတော်တွင် အကောင်းဆုံးမှတ်တမ်း ရုပ်ရှင်ဇာတ်လမ်းတိုဆု (Best Short Documentary)ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“မေ ၁ ရက် မနက်က အဲဒီ ပြင်သစ်က ရုပ်ရှင်ပွဲတော်တာဝန်ရှိသူတွေက အီးမေးလ်ပို့ပြီးအကြောင်း ကြားလာပါတယ်။ အကောင်းဆုံး ရုပ်ရှင်ဇာတ်လမ်းတိုဆုရတယ်ဆိုပြီးတော့ပါ။ အရင်ပြခဲ့တဲ့ နိုင်ငံတကာရုပ်ရှင်ပွဲတော်တိုင်းမှာလဲ ဒီမှတ်တမ်းရုပ်ရှင်က ဆန်ခါတင် စာရင်းဝင်ခဲ့တယ်။ အခုအကြိမ်က အကောင်းဆုံးဆုရရှိတဲ့အတွက် ပိုဝမ်းသာမိတယ်။ ဒီရုပ်ရှင်ကို ရိုက်ကူးဖြစ်တာက မြောက်ဦးကို ကမ္ဘာက သိစေချင်တယ်။ နောက်တစ်ခုကတော့ မြောက်ဦးမှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းချင်တဲ့ဆန္ဒနဲ့ ရိုက်ကူးခဲ့ပါတယ်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့ အထောက်အကူဖြစ်ဖို့အတွက်လဲ ရည်ရွယ်ခဲ့တယ်”ဟု ဒေါ်ခင်သန်းက ပြောပြသည်။

My Hidden City မှတ်တမ်းရုပ်ရှင်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလက ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင် ပြသရန် ရွေးချယ်ခံရပြီးနောက် ဆက်တိုက်ပြသလာခဲ့ရာ ယခုအကြိမ်တွင် အကောင်းဆုံးမှတ်တမ်းရုပ်ရှင် ဇာတ်လမ်းတိုဆုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ASH

# Cliffhanger ဇာတ်ကားတွင် ဆီဗက်စတာစတားလုန်း ပြန်လည်ပါဝင်မည်

**နယူးယောက် မေ ၄**

ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် Cliffhanger ဇာတ်ကား၌ ကမ္ဘာကျော်အက်ရှင်မင်းသားကြီး ဆီဗက်စတာစတားလုန်း ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က မေ ၃ ရက်တွင် ရေးသားတင်ပြထားသည်။


မူလ Cliffhanger ဇာတ်ကား (1993) လျှို့ဝှက်သည်းဖို့အက်ရှင်ဇာတ်ကားတွင် မင်းသားကြီး စတားလုန်းသည် တောင်တက်သမားဟောင်း ဂါဘရီယယ်ဝေါ့ကားအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။

Cliffhanger ဇာတ်ကားကို ဒါရိုက်တာ ရစ်ရှိမန်ဝေါ့က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မာ့ဘိုင်ယန်ကူလီက တာဝန်ယူရေးသားမည်ဖြစ်သည်။

မူလ Cliffhanger (1993) ကိုမူ ဒါရိုက်တာ ရန်ဟာလင်က ရိုက်ကူးပေးခဲ့ပြီး မင်းသား စတားလုန်းနှင့် ဇာတ်ညွှန်းရေးဆရာ မိုက်ကယ်ဖရင့်တို့က ဝတ္ထုဇာတ်ညွှန်းရေးသားပေးခဲ့သည်။

လက်ရှိတွင် Cliffhanger ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO




# ရွှေတိဂုံစေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အောင်ပွဲအထိမ်းအမှတ် ရုပ်ရှင်၊ သဘင်၊ ဂီတ ပူးပေါင်းဖျော်ဖြေပွဲပြုလုပ်

**ရန်ကုန် မေ ၄**

ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင်အခမ်းအနားနှင့် သံဃာတော် ၁၁၁၁၁ ပါးတို့အား ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူပွဲ အောင်ပွဲအထိမ်းအမှတ် ရုပ်ရှင်၊ သဘင်၊ ဂီတ ပူးပေါင်းဖျော်ဖြေပွဲကို မေ ၃ ရက် ညနေပိုင်းက ဒဂုံမြို့နယ်ရှိ ပြည်သူ့ဥယျာဉ်တွင် ပြုလုပ်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးမိုးက ပြောပြ၍ သိရသည်။

ရွှေတိဂုံစေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင်အခမ်းအနားနှင့် သံဃာတော် ၁၁၁၁၁ ပါးတို့အား ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူပွဲ အောင်ပွဲအထိမ်းအမှတ် ရုပ်ရှင်၊ သဘင်၊ ဂီတ ပူးပေါင်းဖျော်ဖြေပွဲတွင် ဟားစတိုင် အငြိမ့်အဖွဲ့နှင့်အတူ သဘင်အနုပညာ မင်းသမီးကြီး နန်းခင်မွေးက ဖျော်ဖြေတင်ဆက်ပေးခဲ့ကြောင်း သိရသည်။

“ရွှေတိဂုံစေတီတော်ရဲ့ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနဲ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အောင်ပွဲအထိမ်းအမှတ်အနေနဲ့ ပြည်သူ့ဥယျာဉ်မှာ ပြည်သူတွေကို အခမဲ့ဖျော်ဖြေတင်ဆက်ပေးတာ ဖြစ်ပါတယ်။ ဟားစတိုင်အငြိမ့်အဖွဲ့နဲ့အတူ သဘင်အနုပညာရှင် မင်းသမီးကြီး နန်းခင်မွေးက ဖျော်ဖြေပေးသလို ရုပ်ရှင်သရုပ်ဆောင် ရဲအောင်နဲ့ ရုပ်ရှင်အနုပညာရှင်တွေ၊ တေးသံရှင် မေသက်ထားဆွေနဲ့ ဂီတအနုပညာရှင်တွေကလဲ လာရောက်ဖျော်ဖြေပေးကြပါတယ်”ဟု ဦးကျော်စိုးမိုးက ပြောပြသည်။



အဆိုပါ ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲတွင် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးမှ သဘင်အနုပညာရှင် မင်းသားကြီး ချမ်းသာနှင့် သဘင်အနုပညာရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်( ရန်ကုန်) သဘင်ပညာဌာနမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ဓမ္မပူဇာတေးများဖြင့် လာရောက် ဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။ ASH

# Juror# 2 ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး ဇိုယေးဒတ် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မေ ၄**

ကမ္ဘာကျော်ဒါရိုက်တာနှင့် ရုပ်ရှင်မင်းသား ကလင့်အီစ်ဝုဒ်၏ Juror# 2 အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး ဇိုယေးဒတ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၃ ရက်တွင် ရေးသားတင်ပြထားသည်။

Juror# 2 ဇာတ်ကားတွင် မင်းသမီး ဇိုယေးဒတ်သည် မင်းသား နီကိုလပ်ဟော့၊ မင်းသမီး တိုနီကောလတ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ဒါရိုက်တာ ကလင့်အီစ်ဝုဒ် နောက်ဆုံးရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားဖြစ်သလို ဇိုယေးဒတ်နှင့် နီကိုလပ်ဟော့တို့ အတူပါဝင်မည့် ဒုတိယမြောက် ဇာတ်ကားလည်းဖြစ်သည်။

မင်းသမီး ဇိုယေးဒတ်နှင့် နီကိုလပ်ဟော့တို့သည် Rebel in the Rye ဇာတ်ကား (2017) ၌ အတူတွဲသရုပ်ဆောင်ခဲ့ဖူးသည်။

Juror# 2 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျိုနာသန်အေဘရမ်က တာဝန်ယူရေးသားပေးထားသည်။

လက်ရှိတွင် Juror# 2 ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO



# ပဲခူးမြို့နယ် ရင်ခွင်မဲ့သူများဆုံစည်းရာ ဘက်စုံလူငယ်ဖွံ့ဖြိုးရေးဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ သရုပ်ဆောင် ရန်ကျော်နှင့် အဆိုတော် မေခလာတို့က ငွေလှူဒါန်း

**ရန်ကုန် မေ ၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရင်ခွင်မဲ့သူများဆုံစည်းရာ ဘက်စုံလူငယ်ဖွံ့ဖြိုးရေး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ သရုပ်ဆောင် ရန်ကျော်နှင့် အဆိုတော် မေခလာတို့က ငွေလှူဒါန်းခြင်းကို မေ ၃ ရက်က အဆိုပါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပဲခူးမြို့နယ်ရှိ ရင်ခွင်မဲ့သူများ ဆုံစည်းရာ ဘက်စုံလူငယ်ဖွံ့ဖြိုးရေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဆောက်လုပ်ဆဲကျောင်းဆောင်သစ်အတွက် ငွေကျပ် ၃၅၀၀၀၀ ကို သရုပ်ဆောင် ရန်ကျော်နှင့် အဆိုတော် မေခလာတို့က ဆရာတော် အရှင်ကုသလထံသို့ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

“ချစ်ငယ်တို့ မိသားစုရဲ့ မြန်မာနှစ်ဦးအလှူလေးပါ။ ချစ်ငယ်ရဲ့ မွေးနေ့ရက်နဲ့လဲ တိုင်ဆိုင်နေတဲ့အတွက် လှူဖြစ်သွားပါတယ်။ ဒီကျောင်းမှာက ဆောက်လုပ်လက်စ ပေ ၁၈၀ အကျယ် ကျောင်းဆောင်သစ် အမိုးအတွက် သွပ် ၁၀ ချပ်စာ လှူဒါန်းတာဖြစ်ပါတယ်”ဟု အဆိုတော် မေခလာက ပြောပြသည်။

သရုပ်ဆောင် ရန်ကျော်နှင့် အဆိုတော် မေခလာတို့သည် မေခလာ၏ မွေးနေ့အလှူအဖြစ် သရုပ်ဆောင်အေးသီတာ၏ စီစဉ်မှုဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင်လည်း ဝင်ငွေနည်း အခက်အခဲရှိ လူဦးရေ ၁၀၀ ကို ညနေစာထမင်းနှင့် ကြက်သားဟင်း အာဟာရဒါနပြုလှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives delegation led by Orthodox Metropolitan of Singapore and South-East Asia His Eminence Sergiy



Chairman of State Administration Council

Prime Minister Senior General Min Aung Hlaing

receives His Eminence Sergiy.

**Nay Pyi Taw May 4**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing received a delegation led by Orthodox Metropolitan of Singapore and South-East Asia His Eminence Sergiy of Russian Federation at his office here this morning.

At the meeting matters relating to good diplomatic relations between the two countries and programs to further enhance them, exchange of cultural and religious programs, further enhancement of government to government and people to people relations through cordial religious ties, Orthodox church erection project in Myanmar, Buddha Center and replica pagoda of Shwezigon Pagoda in Russia, progress in erecting Maravijaya Buddha Image, which will become the largest marble Buddha statue in the world were cordially discussed. His Eminence Sergiy prayed for peace and development in Myanmar.

After the meeting, the Senior General and His Eminence Sergiy exchanged commemorative gifts and posed for documentary photo together with attendees.

Present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, Union Minister for Religious Affairs and Culture U Ko Ko and officials. His Eminence Sergiy was accompanied by Orthodox priests and Russian Ambassador to Myanmar H.E. Mr. Dr. Nikolay Listopadov. 100



Senior General Min Aung Hlaing

poses for documentary photo together with

His Eminence Sergiy and delegation.

# 13th Anniversary of Khami National Day marked in Sittway Township

**Sittway May 4**

The 13th Anniversary of Khami National Day was marked at Khema Mandaing Monastery in Block 4 of Hsinkulan Ward in Sittway on 27 April morning, said Chairman of Khami National Literature and Culture Association U Lay Kyaw Aung.

The commemorative day aims to enhance fraternity among Rakhine ethnic nationals.

"The day aims to forge the unity among Khami ethnic people residing across the nation. Moreover, the commemorative day will uplift the literature and culture as well as customs of Khami ethnic people," said U Lay Kyaw Aung.

The ceremony was attended by more than 100 people including representatives of Maramagyi, Daingnet (a) Thekkama, Thet and Chin ethnics including Rakhine nationals and the Rakhine State Ministers for Ethnic Affairs and the Economic Affairs.

The ceremony comprised traditional dances of Rakhine ethnics, Khami traditional dances, Daingnet (a) Thekkama ethnic dances. Moreover, an exhibition was organized to showcase traditional dances, customs, documentary photos and ancient objects of Khami ethnic people.

More than 80,000 Khami ethnic people are residing in An, Kyauktaw, MraukU, Ponnagyun, Buthidaung, Pauktaw and Yathedaung townships of Rakhine State.

ASH



The 13th Anniversary of Khami National Day celebration in progress.

# More than US$820 million of foreign investment flows into electrical power sector in 2022-23 FY


Photo shows a power generation facility.

**Nay Pyi Taw May 4**

Foreign investment amounting to more than US$820 million flowed into the electric power sector of Myanmar in 2022-23 fiscal year, said director Daw May Myo Zaw of the Directorate of Investment and Company Administration.

During the period from April 2022 to March 2023 of the 2022-23 fiscal year, the electrical power sector stood first with more than US$820 million of foreign investment, followed by US$504.123 million of service sector and US$271.806 million of manufacturing sector.

The director revealed, "Foreign investment is invited to the electrical power sector. As it is an important sector, some restrictions were eased for investment of investors. Plans are underway to invite national level tenders for the electrical power sector soon."

With regard to inflow of foreign investments to the electric power sector, US$93.28 million was invested in 2018-19 FY, $1,026.89 million in 2019-20 FY, $3,121.323 million in 2020-21 FY, $20.584 million in 2021-22 FY and 820.27 million in 2022-23 FY.

During the period from April 2022 to March 2023 in the 2022-23 FY, more than US$1.64 billion of foreign investment flowed into Myanmar, more than $1.158 billion of which came from Singapore. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Black bean, green gram, pigeon pea exported to earn more than US$130 million in March 2023

**Nay Pyi Taw May 4**

The Ministry of Commerce on 25 April stated that the country earned more than US$130 million in export of black bean, green gram and pigeon pea in March 2023.


Among 20 kinds of pulses and beans exported to foreign countries, black bean, green gram and pigeon pea are exported in large volume to foreign countries.

In March, the aforesaid beans were exported to earn US$138.331 million comprising US$33.891 million from export of black bean, US$72.056 million from green gram and US$32.384 million from pigeon pea.

Myanmar regularly exports these beans to China and Thailand through land borders and India, Singapore, Malaysia, Indonesia, Vietnam, US, Malaysia, UAE and EU member countries in shipping.

In 2022-23 FY, export of black bean secured US$531.797 million, green gram US$489.089 million and pigeon pea US$187.393 million. Hence, export of these three beans pocketed US$1,208.279 million in 2022-23 fiscal year.

During the period from 1 to 14 April 2023, export of black bean, green gram and pigeon pea bagged US$34.389 million. In this regard, earnings from black bean reached US$14.937 million, green gram US$11.895 million and pigeon pea US$7.757 million. 336


Samples of black bean.

# Myanmar exports Seintalone mango to China on test with more offers from Singapore

**Mandalay May 4**

Myanmar's Seintalone mango is exported through border trade to China on test and Myanmar exporters receives orders from Singapore to send such a mango, said CEC member U Soe Hlaing of Mandalay Region Mango Group.

Currently, Seintalone mango fetches 110-140 yuan per 100-fruit carton in exportation to China. Myanmar sends Seintalone weighing 40 tons to 100 tons per year to Singapore yearly. As from May, offers from Singapore arrived in Myanmar for purchasing the fruits.

"Myanmar's Seintalone grasps the market of fruits in Singopore four years ago. As Myanmar businesspersons can control quality of fruits, they can send fruits to Singapore on a yearly basis. They can export 40-100 tons of Seintalone mango per year to Singapore. As from early May this year, they plan to export some 40 tons of fruits. Now, they start sending Seintalone fruits to Chinese market on test but fetch good prices," he explained.

Seintalone mango from Pindaya Township of Shan State flows out to Singapore. In the market, Seintalone mango fetches K500 to K1,500. Moreover, a basket of mango is valued at K55,000 to K60,000. ASH


Seintalone mangoes.

# Myanmar plans to export frozen beef, mutton and duck to China through land border

**Yangon May 4**

A plan is underway to send frozen beef, mutton and duck to China through land border, said CEC member U Tin Tun Naing of Myanmar Livestock Breeding Federation (Yangon Region).

To do so, the federation decided to provide technical assistance to farm owners and distributes sheep, goat, cow, chicken and duck pedigree species to local farmers.

"Myanmar' Ministry of Agriculture, Livestock and Irrigation coordinates with Chinese Ministry of Agriculture and Rural Affairs in legally exporting frozen beef, mutton and duck to China through land border to China. They will cooperate with each other in exportation of frozen meat crossing the border with control of infectious diseases. Moreover, China will provide technologies and pedigree species of farming animals to Myanmar farmers so as to extend breeding of cows, sheep, goat, chicken and duck," U Tin Tun Naing continued.

Infectious animal disease control camps and laboratories will be established on Myanmar-China border area so as to export frozen meats to China. Moreover, Chinese experts will be sent to Myanmar for farming pedigree farming animals in Myanmar. ASH

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## KC-30A ဆီဖြည့်လေယာဉ်ဖြင့် F-15 ဂျက်လေယာဉ်များ ဝေဟင်ဆီဖြည့်ခြင်းစမ်းသပ်မှုပြုလုပ်



ဩစတြေးလျ KC-30A ဘက်စုံသုံး ဝေဟင်ဆီဖြည့်လေယာဉ်ဖြင့် ဂျပန်နိုင်ငံ F-15 ဂျက်လေယာဉ်များ ဝေဟင်ဆီဖြည့်တင်းရေးစမ်းသပ်မှုကို ပထမအကြိမ်ပြုလုပ်ခဲ့ကြကြောင်း မေ ၂ ရက်က www.airforce-technology.com/ နှင့် www.thedefensepost.com သတင်းရင်းမြစ်များတွင် ရေးသားဖော်ပြခဲ့ကြသည်။

စမ်းသပ်လေ့ကျင့်မှုအတွင်း တော်ဝင်ဩစတြေးလျလေတပ်မှ ဆီသယ်လေယာဉ်သည် ဂျပန်လေတပ်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ F-15J နှင့် F-15DJ ဂျက်လေယာဉ်များကို အဆင့်မြင့်လောင်စာဆီဖြည့် Refueling Boom ဖြင့် ဝေဟင်တွင် ဆီဖြည့်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

သရုပ်ပြစမ်းသပ်မှုတွင် လေယာဉ်ပျံသန်းမှုခရီးစဉ် ၁၁ ခုနှင့် အဆက်အသွယ်ပြုလုပ်ဆောင်ရွက်မှု ၃၂၅ ခုပါဝင်ပြီး အမျိုးမျိုးသောအခြေအနေများနှင့် နေ့ရောညပါ စမ်းသပ်လေ့ကျင့်မှုများပြုလုပ်ခဲ့သည်။

စမ်းသပ်မှုများမှ လေ့လာတွေ့ရှိချက်များကို အနာဂတ်ရည်မှန်းချက်တာဝန်များထမ်းဆောင်ရာတွင် F-15 ဂျက်လေယာဉ်များကို ဆီဖြည့်ပေးနိုင်ရန်အတွက် ဩစတြေးလျ KC-30A လေယာဉ်အမှုထမ်းများကို လေ့ကျင့်ပေးမည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ အဆိုပါဝေဟင်ဆီဖြည့်တင်းခြင်းစမ်းသပ်မှုသည် နိုင်ငံလေတပ်နှင့် ဂျပန်ကာကွယ်ရေးဦးစီးချုပ်တို့ကြား ဝေဟင်ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ကြောင်း သိရသည်။

လေတပ်များကြားပူးပေါင်းဆောင်ရွက်မှုသည် မတူဝေးကွာသောခရီးမိုင်များကို ကျော်လွှားနိုင်မှုပေါ်တွင်မူတည်ပြီး ဝေဟင်ဆီဖြည့်ခြင်းသည် ၎င်းအချက်ကိုအောင်မြင်စေရန်အတွက် မရှိမဖြစ်အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း လေတပ်မှ ဒုတိယဗိုလ်ချုပ်ကြီး Darren Goldie က ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်က မြောက်ပိုင်းနယ်မြေအတွင်းပြုလုပ်ခဲ့သော Exercise Pitch Black 22 တွင် ဆီဖြည့်လေယာဉ်များဖြင့် ဂျပန်လေတပ်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့(JASDF)မှ F-2A တိုက်လေယာဉ်များနှင့် အလားတူစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

နောက်ဆုံးပေါ် ဝေဟင်ဆီဖြည့်ခြင်းစမ်းသပ်မှုများအောင်မြင်ခဲ့မှုသည် ကျွန်ုပ်တို့၏ နက်နဲပြီးတည်တံ့သော နှစ်နိုင်ငံစစ်ဘက်ဆက်ဆံရေးကို တည်ဆောက်ရန်၊ နိုင်ငံများကြား အားသာချက်များကို နားလည်သိရှိလာနိုင်ပြီး အပြန်အလှန်ပူးပေါင်းလုပ်ဆောင်နိုင်စွမ်းကို မြှင့်တင်ရန် ကတိကဝတ်များ ပြုလုပ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း Darren Goldie က ပြောကြားသည်။

ဩစတြေးလျတော်ဝင်လေတပ်သည် လက်ရှိတွင် Brisbane အနီး RAAF Amberley ရှိ လေတပ်အခြေစိုက်စခန်းတွင် KC-30A ခုနစ်စင်းကို တပ်ဖြန့်အသုံးပြုလျက်ရှိသည်။ ဝေဟင်ဆီဖြည့်လေယာဉ်တစ်စင်းစီသည် လောင်စာတန်ချိန် ၁၀၀ ကျော် သယ်ဆောင်ပျံသန်းနိုင်သည်။

ဩစတြေးလျလေတပ်သည် KC-30A လေယာဉ်များကို ၂၀၁၁ ခုနှစ်က စတင်တပ်တော်ဝင်အသုံးပြုနိုင်ခဲ့ပြီး ဩစတြေးလျနှင့် နိုင်ငံတကာဝေဟင်ပိုင်နက်များတွင် ပျံသန်းလည်ပတ်လျက်ရှိသော လေယာဉ်များအတွက် လောင်စာဆီပြန်လည်ဖြည့်တင်းရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

**Australian KC-30A Tanker, Japanese F-15 Jets Conduct First Air Refueling Trials ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန် General Atomics Aeronautical Systems က တရုတ်(တိုင်ပေ)ကို MQ-9B SkyGuardian RPAS များ ရောင်းချပေးသွားမည်

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ပိုဝေးမြို့အခြေစိုက် General Atomics Aeronautical Systems သည် တရုတ်(တိုင်ပေ)ကို MQ-9B SkyGuardian RPAS များရောင်းချပေးနိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၂၁၇၆၁၅၃၄၃ ဒေါ်လာထက်မပိုသော သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသေးသည့် စာချုပ်တစ်ရပ်ချုပ်ဆိုနိုင်ခဲ့ပြီး စာချုပ်အရ MQ-9B ဒရုန်းလေးစင်း၊ မြေပြင်ထိန်းချုပ်ရေးစခန်းနှစ်ခု၊ အပိုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများပေးပို့မည်ဖြစ်ကြောင်း မေ ၂ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

ပိုဝေးမြို့တွင် လုပ်ငန်းများလုပ်ဆောင်သွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် မေ ၅ ရက်တွင် အပြီးသတ်လုပ်ဆောင်နိုင်ရန် မျှော်မှန်းထားသည်။ ဤစာချုပ်တွင် တရုတ်(တိုင်ပေ)သို့ နိုင်ငံခြားစစ်ဘက်ရောင်းချမှုများပါဝင်ပြီး ကုမ္ပဏီတစ်ခုတည်းမှ ရောင်းချမှုလည်းဖြစ်သည်။ စာချုပ်အတွက် နိုင်ငံခြားစစ်ဘက်ရောင်းချသည့်ရန်ပုံငွေများမှ အမေရိကန်ဒေါ်လာ ၁၀၇၄၂၆၀၀၄ ဒေါ်လာကို ခွဲဝေအသုံးပြုပေးထားသည်။ အိုဟိုင်းယိုးပြည်နယ် Wright-Patterson လေတပ်အခြေစိုက်စခန်းရှိ Air Force Life Cycle Management Center တွင်လည်း စာချုပ်ပါလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်သည်။

MQ-9B SkyGuardian သည် General Atomics Aeronautical Systems က တီထွင်ထုတ်လုပ်ထားသော နောက်ဆုံးပေါ်ဒရုန်း(UAV)ဖြစ်သည်။ ၎င်းသည် အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာ နှစ်မျိုးသုံးနိုင်ရန် ဒီဇိုင်းထုတ်ထားပြီး ရည်မှန်းချက်တာဝန်များပေးအပ်ရန်အတွက် ဘက်စုံသုံး ဒရုန်းအမျိုးအစားလည်းဖြစ်ကြောင်း သိရသည်။

SkyGuardian သည် MQ-9 စီးရီးဒရုန်းများ၏ နောက်ဆုံးဗားရှင်းဖြစ်ပြီး ပိုမိုကောင်းမွန်သော စွမ်းဆောင်ရည်နှင့် လေထဲတွင် ကြာရှည်စွာပျံသန်းချိန်မြင့်မားရန်အဆင့်မြှင့်တင်ထားသည့် MQ-9 Reaper ဗားရှင်းလည်းဖြစ်သည်။ တောင်ပံအရှည် ၇၉ ပေရှိပြီး အများဆုံးအလေးချိန်ပေါင် ၁၂၅၀၀ ရှိကာ Payload အမျိုးမျိုးကို သယ်ဆောင်ပျံသန်းနိုင်သည်။



MQ-9B SkyGuardian ၏ အဓိကအင်္ဂါရပ်များထဲမှတစ်ခုမှာ Electro-optical/Infrared(EO/IR) ကင်မရာ၊ Synthetic Aperture Radar (SAR) ရေဒါနှင့် Multi-Mode Maritime Surveillance Radar (MMR) ရေဒါတို့ပါဝင်သည့် ၎င်း၏အဆင့်မြင့်အာရုံခံကိရိယာအစုံအလင်ဖြစ်သည်။ ထိုအာရုံခံကိရိယာ၊ စနစ်များသည် SkyGuardian ၏ အော်ပရေတာများကို အချိန်နှင့်တစ်ပြေးညီ အခြေအနေဆိုင်ရာအချက်အလက်များ ကြိုတင်သတိပေးနိုင်စေမည်ဖြစ်ပြီး ထောက်လှမ်းခြင်း၊ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် ကင်းထောက်ခြင်းရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် တန်ဖိုးမဖြတ်နိုင်သော ဝိသေသလက္ခဏာများဖြစ်ကြောင်း သိရသည်။

MQ-9B SkyGuardian သည် အမြင့်ပေ ၄၀၀၀၀ ထိ နာရီပေါင်း ၄၀ ကြာ ပျံသန်းနိုင်ပြီး အော်ပရေတာများကိုကြီးမားသောဧရိယာအတွင်း လွှမ်းခြုံထောက်လှမ်းနိုင်စွမ်းရရှိစေမည်ဖြစ်သည်။ ၎င်း၏လေထဲတွင် ကြာရှည်ပျံသန်းနိုင်စွမ်းသည် ရေကြောင်းကင်းလှည့်ခြင်း၊ နယ်ခြားစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက်သာမက သဘာဝဘေးအန္တရာယ်များကို စောင့်ကြည့်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများအတွင်း ပံ့ပိုးကူညီခြင်းတို့အတွက် စံပြဒရုန်းအဖြစ် အသုံးပြုနိုင်စေမည်ဖြစ်သည်။

ထို့ပြင် MQ-9B SkyGuardian သည် ရာသီဥတုအခြေအနေအမျိုးမျိုးတွင် တပ်ဖြန့်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားပြီး အာရုံခံ၍ အန္တရာယ်ရှောင်ရှားခြင်းနည်းပညာနှင့် မလိုအပ်သောပျံသန်းမှုလမ်းကြောင်းများကို ထိန်းချုပ်လုပ်ဆောင်နိုင်စေခြင်းကဲ့သို့သော အဆင့်မြင့်လုံခြုံရေးအင်္ဂါရပ်များပါရှိသည်။ ဤလုံခြုံရေးအင်္ဂါရပ်များသည် အရပ်ဘက်နှင့်စစ်ဘက်ဆိုင်ရာအသုံးပြုမှုများတွင် ယုံကြည်စိတ်ချရပြီး ဘေးကင်းလုံခြုံသော ပျံသန်းလုပ်ဆောင်မှုများကို လုပ်ဆောင်နိုင်စေမည်လည်းဖြစ်ကြောင်း သိရသည်။

**General Atomics Aeronautical Systems to supply Taiwan with MQ-9B SkyGuardian RPAS ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ယခုနှစ် ဇန်နဝါရီလမှ ဧပြီလထိ ရန်ကုန်တိုင်းဒေသကြီးရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ကုန်တင်သင်္ဘော ၂၀၈ စီး ဝင်ရောက်ခဲ့



**ရန်ကုန် မေ ၄**

ယခုနှစ် ဇန်နဝါရီလမှ ဧပြီလထိ ရန်ကုန်တိုင်းဒေသကြီးရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ကုန်တင်သင်္ဘော ၂၀၈ စီး ဝင်ရောက်ခဲ့ပြီး ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုနှစ် ဇန်နဝါရီလ၌ ရန်ကုန်တိုင်းဒေသကြီးရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအသီးသီးသို့ နိုင်ငံတကာသင်္ဘောလိုင်း ၁၆ လိုင်းမှ ကုန်တင်သင်္ဘောနှင့် ကုန်သေတ္တာတင်သင်္ဘော ၅၂ စီး၊ ဖေဖော်ဝါရီလ၌ ရန်ကုန်တိုင်းဒေသကြီးရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအသီးသီးသို့ နိုင်ငံတကာသင်္ဘောလိုင်း ၁၉ လိုင်းမှ ကုန်တင်သင်္ဘောနှင့်ကုန်သေတ္တာတင်သင်္ဘော ၅၁ စီး၊ မတ်လ၌ ရန်ကုန်တိုင်းဒေသကြီးရှိ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းအသီးသီးသို့ နိုင်ငံတကာသင်္ဘောလိုင်း ၁၇ လိုင်းမှ ကုန်တင်သင်္ဘောနှင့်ကုန်သေတ္တာတင်သင်္ဘော ၅၅ စီး၊ ဧပြီလ၌ ရန်ကုန်တိုင်းဒေသကြီးရှိ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းအသီးသီးသို့ နိုင်ငံတကာသင်္ဘောလိုင်း ၁၈ လိုင်းမှ ကုန်တင်သင်္ဘောနှင့်ကုန်သေတ္တာတင်သင်္ဘောအစီး ၅၀ စုစုပေါင်း ၂၀၈ စီးဖြစ်ကြောင်း သိရသည်။

"ရန်ကုန်ဆိပ်ကမ်းအနေနဲ့ကတော့ အလျား မီတာ ၂၀၀ တန်ချိန် ၃၀၀၀ ရှိတဲ့ အပြည်ပြည်ဆိုင်ရာကုန်တင်သင်္ဘောကြီးတွေ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ခံတံတားပေါင်း ၂၇ စင်းရှိပါတယ်။ သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှာတော့ အလျား မီတာ ၂၅၀ တန်ချိန် ၃၅၀၀ ရှိတဲ့ အပြည်ပြည်ဆိုင်ရာကုန်တင်သင်္ဘောကြီးတွေဆိုက်ကပ်နိုင်တဲ့ တံတား ၁၉ စင်းရှိပါတယ်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနဲ့ သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတွေမှာ တံတား ၄၆ စင်းရှိပါတယ်။ ဒီဆိပ်ကမ်းတွေကို အပြည်ပြည်ဆိုင်ရာကုန်တင်သင်္ဘောနဲ့ ကုန်သေတ္တာတင်သင်္ဘော ၂၀၈ စီး ဝင်ရောက်ခဲ့ပါတယ်"ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လက်ထောက်မန်နေဂျာ ဦးစိန်လွင်ဇော်က ပြောပြ၍ သိရသည်။ ASH

# မိုင်းဆတ်မြို့နယ် ကျတီကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် စစ်ဆေး

**မိုင်းဆတ် မေ ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျတီကျေးရွာအုပ်စု ကျတီကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြေပြင်အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေ၊ မိုင်းဆတ်ခရိုင် ဦးစီးမှူး ဦးခင်မောင်တိုး၊ မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းဦးနှင့် တာဝန်ရှိသူများသည် ကျတီကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းဖြင့် နွားမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့လေးဖွဲ့က နွားတင်းကုပ် တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ဆက်လက်၍ ပြည်နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျေးရွာကော်မတီများနှင့် တွေ့ဆုံကာ RBF စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပက်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ကျတီကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း(RBF) စီမံကိန်းပံ့ပိုးရန်ပုံငွေ ကျပ် သိန်း ၃၀၀ ဖြင့် ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

ချိုသန်းညွန့်

# ဟိုပုံးမြို့နယ် လဲသက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟိုပုံး မေ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လဲသက်ကျေးရွာနှင့် ထနော့ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက လဲသက်ကျေးရွာအုပ်စု လဲသက်ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က လဲသက်ကျေးရွာနှင့် ထနော့ကျေးရွာတို့ရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂၇ သိန်းကို လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လဲသက်ကျေးရွာနှင့် ထနော့ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၈၆ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၅၂၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးစိုးလွင်မြင့်က ပြောပြ၍ သိရသည်။

မောင်နိုင်

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၄-၅-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၂၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၁၀၀၀၀ |
| **(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၈၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၁၉၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၉၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၄၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)နှင့် ၂၀၄ ခုတင်ဆံ့ ကိုဗစ်-၁၉ ရောဂါ ကုသရေးယာယီဆေးရုံတို့သို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ကြည့်ရှုစစ်ဆေး



**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အတွင်းရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)နှင့် ချမ်းမြသာစည်မြို့နယ်ရှိ ၂၀၄ ခုတင်ဆံ့ မန္တလေး-ကူမင်း ကိုဗစ်-၁၉ ရောဂါ ကုသရေး ယာယီဆေးရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိရာ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်နှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာသက်အောင်တို့က လူနာများကို အထွေထွေရောဂါစစ်ဆေးပေးနေမှုများနှင့် ဆေးဝါးကုသပေးနေမှုများ၊ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမည့်နေရာများနှင့် ကူးစက်ရောဂါလူနာထားမည့် သီးခြားအခန်းနေရာများ၊ ဆေးရုံအတွင်းရှိ ကိုဗစ်-၁၉ လူနာများအတွက် ပြုလုပ်ထားသော တန် ၆၀ ဆံ့ Liquid Oxygen Plant နှင့် ကိုဗစ်-၁၉ ရောဂါ လူနာကုသဆောင် ပြင်ဆင်ထားရှိမှုတို့ကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)သို့ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ကို ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းပပဝင်းက တက်ရောက်လူနာနှင့် ဆေးဝါးကုသပေးနေမှု အခြေအနေများ၊ ဆေးရုံကြီးနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့်အစီအမံများ၊ ကိုဗစ်-၁၉ လူနာတွေ့ရှိပါက သီးသန့်ထားရှိနိုင်ရေး စီမံဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားပြီး ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုကာ အထူးကုဆရာဝန်ကြီးများ၊ သမားတော်များ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်ဆေးဝါးကုသမှု ခံယူနေသူများကို ရင်းနှီးစွာ နှုတ်ဆက်အားပေးစကားများ ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ ၂၀၄ ခုတင်ဆံ့ မန္တလေး-ကူမင်း ကိုဗစ်-၁၉ ရောဂါ ကုသရေး ယာယီဆေးရုံသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ကို တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်နှင့် ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ရန်ပုံငွေရှာဖွေရေးကော်မတီတို့မှ တာဝန်ရှိသူများက ကြိုတင်ပြင်ဆင်ထားရှိမှုများကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## မေ ၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၅ ဦး တွေ့ရှိ

**နေပြည်တော် မေ ၄**

မေ ၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၀၈၃၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၅ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၅၄၅၂ ဦး |
| သေဆုံးသူ | ၁၉၄၉၂ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၉၉၈ ဦး |

☆ **ကျောဖုံးမှအဆက်**

ယနေ့ကျင်းပခဲ့သည့် ပြိုင်ပွဲများအပြီးတွင် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များကို ဗိုဗီနမ်အားကစားနည်းမှ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ် သုံးခုရရှိထားခြင်းဖြစ်သည်။

နိုင်ငံအလိုက်ဆုရရှိမှုစာရင်းတွင် အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံနောက်တွင် ဖိလစ်ပိုင်နိုင်ငံက ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် နှစ်ခု စုစုပေါင်း ဆုတံဆိပ် လေးခုဖြင့် အဆင့်(၂)၊ ထိုင်းနိုင်ငံက ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခု စုစုပေါင်း ဆုတံဆိပ် သုံးခုဖြင့် အဆင့်(၃)၊ လာအိုနိုင်ငံက ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် သုံးခု စုစုပေါင်း ဆုတံဆိပ် လေးခုဖြင့် အဆင့်(၄)၊ အင်ဒိုနီးရှားနိုင်ငံက ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် ငါးခု စုစုပေါင်း ဆုတံဆိပ် ခြောက်ခုဖြင့် အဆင့်(၅)၊ ဗီယက်နမ်နိုင်ငံက ကြေးတံဆိပ်သုံးခုဖြင့် အဆင့်(၇)နေရာတွင် အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။ STA

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၅ / ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်)

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ် တောင်ကြီးမြို့ ဈေးပိုင်းရပ်ကွက် အနောက်မြို့ပတ်လမ်း အမှတ်(၁၈)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ**ကို ၂၀၂၃ ခုနှစ် မေ ၄ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၁၀) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၆ / ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်)

**မြို့တိုင်းရင်းသားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ သပြေကုန်း အမှတ်(၄)ရပ်ကွက် အိမ်အမှတ်(၂၄၅)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြို့တိုင်းရင်းသားပါတီ**ကို ၂၀၂၃ ခုနှစ် မေ ၄ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်းကြေညာလိုက်သည်။

**မြို့တိုင်းရင်းသားပါတီ**၏ မှတ်ပုံတင်အမှတ်မှာ(၁၁)ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၆/၂၀၂၃)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၃ ခုနှစ် မေလ ၃ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့)အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၃၁/၂၀၂၃ ဖြင့် အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က အရ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၂၁၅၃ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကို လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ပါသည်။

၂။ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၃၂/၂၀၂၃ ဖြင့် အကျဉ်းထောင်အသီးသီးတွင် သေဒဏ်ချမှတ်ခြင်းခံထားရသော အကျဉ်းသား၊ အကျဉ်းသူ ၃၈ ဦးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က)အရ ချမှတ်ထားသည့် သေဒဏ်ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု၍ ထောင်ဒဏ် တစ်သက်သို့ ပြောင်းလဲကျခံစေခဲ့ပါသည်။

၃။ ဤဆောင်ရွက်မှုသည် လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး အကျိုးဆက်အဖြစ် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများသည် မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရကြပြီး သေဒဏ်လွတ်ငြိမ်းခွင့်ရကြသူများအနေဖြင့်လည်း အသက်ရှင်သန်ခွင့်ရရှိကြပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် သက်ဆိုင်ရာမိသားစုဝင်များနှင့်ထပ်တူ လွန်စွာဝမ်းမြောက်ပီတိဖြစ်ရပါသည်။

၄။ အလားတူ အပြုသဘောဆောင်သော ခြေလှမ်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ကော်မရှင်အနေဖြင့် မျှော်လင့်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်



ချင်းပြည်နယ်အတွင်းဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ကုသရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

**နေပြည်တော် မေ ၄**

ချင်းပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် အစည်းအဝေးတက်ရောက်လာကြသူများက ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြသည်။

➤ ➤ ➤

# ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၃) ကျင်းပပြုလုပ်

**နေပြည်တော် မေ ၄**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများနယ်မြေခံတပ်နယ်မှတာဝန်ရှိသူများတက်ရောက်ကြပြီး မြောက်ဦး၊ မောင်တော၊ကျောက်ဖြူ၊သံတွဲ၊တောင်ကုတ်နှင့်အမ်းခရိုင်တို့မှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက Video Conference ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး၊ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အလိုက် ပြင်ဆင်စုဖွဲ့ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# အင်းတော်ကြီးကန်၌ ငါးရစ်ငါးသန်ရာသီချိန်ကာလ ငါးများ မဖမ်းဆီးရန် တားမြစ်ထား

**မိုးညှင်း မေ ၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် အင်းတော်ကြီးဒေသ အင်းတော်ကြီးကန်၌ ငါးရစ်ငါးသန်ရာသီချိန်ကာလဖြစ်သော တန်ခူးလဆန်း ၁ ရက်မှ ဒုတိယဝါဆိုလပြည့်နေ့ထိ ငါးများမဖမ်းဆီးရန် တားမြစ်ထားသည်ဟု အင်းတော်ကြီးဒေသ(ရုံးခွဲ) ငါးလုပ်ငန်း ဦးစီးဌာန ဦးမျိုးညွန့်မောင်ထံမှ သိရသည်။

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လတို့တွင် မြစ်ချောင်းအင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာလာရှာ၍ ငါးရစ်တတ်ကြသည်။ ထိုငါးရစ်ငါးကြီးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကြကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံးငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်သည်။

ငါးရစ်ငါးသန် ရာသီချိန်ဖြစ်သော မေလ၊ ဇွန်လ၊ ဇူလိုင်လတို့ထိ ငါးရစ်ငါးသန်ငါးများကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ဝယ်ယူစုဆောင်းခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းများ လုံးဝမပြုလုပ်ကြရန် လိုက်လံသတိပေးတားမြစ်ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ထို့ပြင် စည်ပင်သာယာဈေးများနှင့် ကျေးရွာ၊ရပ်ကွက် ဈေးများတွင်လည်း ငါးရစ်ငါးသန်ငါးများကို ဝယ်ယူစုဆောင်းခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းများ မပြုလုပ်ကြရန် တားမြစ်ထားသည်။

ငါးရစ်၊ ငါးသန်ရာသီချိန်တွင် ငါးများကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ဝယ်ယူစုဆောင်းရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းများမပြုလုပ်ရန် ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၃၉(ဃ)အရ တားမြစ်ထားပြီး ၎င်းတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၅၀ အရ ငွေကျပ် ၃၀၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေချမှတ်ရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**ရန်ကုန် မေ ၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. က တင်သွင်းလာသော MG, MG4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၁၅ စီးနှင့် MG, MGZS အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ် ၂၅ စီး စုစုပေါင်းလျှပ်စစ်သုံးမော်တော်ယာဉ် အစီး ၄၀ သည် ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့် ဆီများစားသုံးခြင်းတို့ကြောင့်-

- ➤ နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများစွာခံစားရစေပါသည်။
- ➤ ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာထိခိုက်မှုများကိုပါတွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

**သဇင်(FM) အသံလွှင့်အစီအစဉ်**

**၅-၅-၂၀၂၃ (သောကြာနေ)**

၁။ ၀၈း၀၀ နှလုံးသားဝယ် ဘုရားတည်
၂။ ၁၁း၅၀ Keep it Nature
၃။ ၁၆း၂၀ I Music
၄။ ၁၈း၂၀ ဂုဏ်ယူအလွမ်း
၅။ ၂၁း၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

# ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပပြုလုပ်

**နေပြည်တော် မေ ၄**

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက် ပိုင်း၌ မြစ်ကြီးနားမြို့ရှိ လောကမာရ်အောင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ပြုလုပ်ရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မြစ်ကြီးနားမြို့ ခေမာ



သီဝံကျောင်းတိုက် ဒုတိယနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ အမှူးပြုသော သံဃာတော်များကြွရောက် တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက် ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့်အဖွဲ့ဝင် များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စေတနာရှင် အလှူရှင် များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး နှင့်တက်ရောက်လာကြသူများက ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ

**ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပပြုလုပ်စဉ်။**

ကေတုမာလထံမှ ငါးပါးသီးလခံယူဆောက် တည်ကြပြီး သံဃာတော်များရွတ်ပွားချီးမြှင့် တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော် များ နာယူကြသည်။ ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် စေတနာရှင် အလှူရှင်များက သံဃာတော်များကို လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရားနာယူကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေး ဝေပြီး သံဃာတော်များကို နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်မှု အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဘုရားအမှူးပြုသော သံဃာတော် ၄၅ ပါး တို့ကို ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်း များ လောင်းလှူခဲ့ကြကြောင်း သတင်း ရရှိသည်။

# ကျိုင်းတောင်းမြို့ ရွှေညောင်နှစ်ပင်ကျောင်းတိုက်၌ ကမ္မဋ္ဌာန်းကျောင်းဆောင်သစ် ဖွင့်လှစ်ခြင်းအလှူတော်မင်္ဂလာကျင်းပပြုလုပ်

**နေပြည်တော် မေ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်း မြို့ ရွှေညောင်နှစ်ပင်ကျောင်းတိုက်၌ ကမ္မဋ္ဌာန်းကျောင်းဆောင်သစ် ဖွင့်လှစ်ခြင်း အလှူတော်မင်္ဂလာကို မေ ၃ ရက်တွင် အဆိုပါကျောင်းတိုက်၌ပြုလုပ်ရာ ရွှေညောင် နှစ်ပင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိမာလ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ ရွှေညောင်နှစ်ပင်ကျောင်းတိုက် ဆရာတော်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ကမ္မဋ္ဌာန်းကျောင်းဆောင်သစ်ကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရွှေညောင် နှစ်ပင်ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါး သီလခံယူဆောက်တည်ကြပြီး သံဃာတော် များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ် တရားတော်များကို နာယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် စေတနာရှင် အလှူရှင်များက သံဃာတော်များကို လှူဖွယ်ပစ္စည်းများ၊အလှူငွေများနှင့်နေ့ဆွမ်း များ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်း ရရှိသည်။



**ညောင်နှစ်ပင် ကျောင်းတိုက် ဆရာတော်၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။**

# (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့နှင့် ကမ္ဘာ့ကြက်ခြေနီနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံခရိုင်နှင့် ပြင်ဦးလွင်တပ်နယ်တို့မှ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မေ ၄**

(၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့်မိသားစု ဝင်များက စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် နယ်မြေခံတပ်မတော်ဆေးရုံ ၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်



**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးစဉ်။**

များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိ သူများက သွားရောက်ကြည့်ရှုအားပေး ကြသည်။

ဦးစွာ တိုင်းမှူးက သွေးလှူဒါန်းပွဲကို တက်ရောက်လာကြသည့် မီးသတ်တပ်ဖွဲ့ ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် သည်။ ထို့နောက် တိုင်းမှူးက သွေးလှူဒါန်း နေသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစု ဝင်များကို တစ်ဦးချင်းလိုက်လံကြည့်ရှု အားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ် ရာများ၊ ထောက်ပံ့ငွေနှင့် ဂုဏ်ပြုမှတ်တမ်း လွှာများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

အလားတူ မေ ၅ ရက်တွင် ကျရောက် သော (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့နေ့နှင့် မေ ၈ ရက်တွင် ကျရောက် သော ကမ္ဘာ့ကြက်ခြေနီနေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ ၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက စုပေါင်း သွေးလှူကြသည်။ ထို့နောက် ကျန်းမာရေး ဝန်ထမ်းများက သွေးအလှူရှင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ကြက်ခြေနီတပ်ဖွဲ့ ဝင်များ စုစုပေါင်း ၅၁ ဦးကို သွေးလှူဒါန်း နိုင်ရေးအတွက် သွေးပေါင်ချိန်ခြင်း၊ သွေး အမျိုးအစားခွဲခြားခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက် ပေးပြီး သတ်မှတ်နေရာအသီးသီး၌ စုပေါင်း သွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင် တပ်နယ်မှ တာဝန်ရှိသူများနှင့် ခရိုင်၊မြို့နယ် မှ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံ ကြည့်ရှုအားပေးပြီး သွေးအလှူရှင်များ အတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာ များ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်းသတင်း ရရှိသည်။

# မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၄-၅-၂၀၂၃

| စဉ် | မြို့အမည် | | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ဝဇိန် | ပဲဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၀၀၀ | ၂၇၀၀ | ၁၆၀၀ | ၁၄၅၀၀ | ၂၁၀၀၀ | ၁၇၀၀-၁၉၀၀ | ၃၈၀၀-၄၈၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၈၀၀၀-၁၉၅၀၀ | ၈၉၀၀ | ၁၅၀၀၀-၁၉၀၀၀ | ၂၅၀ | ၃၀၀ |
| ၂ | ရန်ကုန် | ၄၀၀၀ | ၂၅၀၀ | ၂၀၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၁၀၀၀၀-၁၅၀၀၀ | ၁၂၅၀-၁၈၀၀ | ၅၀၀၀-၆၀၀၀ | ၂၅၀၀-၂၈၀၀ | ၁၂၀၀၀ | ၁၀၀၀၀-၁၃၀၀၀ | ၈၀၀၀-၁၀၀၀၀ | ၂၂၀၀၀-၂၃၀၀၀ | ၂၅၀-၃၀၀ | ၃၀၀-၃၅၀ |
| ၃ | မန္တလေး | ၅၀၀၀ | ၃၀၀၀ | - | ၁၃၅၀၀ | ၁၄၀၀၀ | ၁၈၀၀-၂၀၀၀ | ၅၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၁၀၀၀-၁၃၀၀၀ | ၂၇၀ | ၃၂၀ |
| ၄ | တောင်ကြီး | ၄၄၅၀ | ၂၃၅၀ | ၂၂၀၀ | ၁၂၀၀၀-၁၃၅၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၃၅၀၀-၄၀၀၀ | ၄၅၀၀-၅၀၀၀ | ၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀-၁၆၀၀၀ | ၈၅၀၀ | ၂၃၀၀၀ | ၂၅၀ | ၃၅၀ |
| ၅ | ပုသိမ် | ၃၂၀၀ | ၂၄၀၀ | ၂၃၀၀ | ၁၅၀၀၀ | ၁၃၀၀၀-၁၈၀၀၀ | ၁၇၅၀-၁၉၀၀ | ၅၀၀၀-၅၅၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၈၅၀၀ | ၂၂၀၀၀-၂၄၀၀၀ | ၂၇၀ | ၃၂၀ |
| ၆ | မြိတ် | ၄၂၀၀ | ၃၀၀၀ | ၂၄၅၀ | ၁၆၅၀၀-၁၇၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၂၀၀၀-၂၃၀၀ | ၆၅၀၀-၆၈၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၁၃၀၀၀-၁၈၀၀၀ | ၃၀၀ | ၃၅၀ |
| ၇ | ဒိုလမ် | ၄၇၀၀ | - | - | ၁၀၀၀၀-၁၂၀၀၀ | ၁၈၀၀၀-၂၁၀၀၀ | ၂၀၀၀-၂၅၀၀ | ၅၀၀၀-၆၅၀၀ | ၂၀၀၀-၂၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၁၀၀၀၀-၁၄၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၂၅၀ | ၃၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄-၅-၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၄၀၃၃၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၉၇၅၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၄၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၃၅ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၁၇၉၅ ကျပ် | ၁၈၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၈၇၅ ကျပ် | ၁၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၁၅ ကျပ် | ၁၉၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၉၀ ကျပ် | ၂၀၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၃၂၁ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၈၀ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၂ . ၀၅၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၅၉ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၁ . ၅၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၃ . ၆၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၆၆၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)




# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မင်းကျေးရွာနေ ချိုသန္တာထွန်း(ခ)ချစ်ဆုသည် ၎င်းအသုံးပြုသည့် "Chit Su" Facebook အကောင့်နှင့် မြင်းခြံမြို့နယ် အမှတ်(၁)ရပ်ကွက်နေ ကေသွယ်ဦးသည် ၎င်းအသုံးပြုသည့် "Kay Thwe Oo" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# ရဝမ်ဒါနိုင်ငံတွင် ရေကြီးမှု၊ မြေပြိုမှုများကြောင့် လူ ၁၂၇ ဦးသေဆုံး



**ကီဂါလီ မေ ၄**

ရဝမ်ဒါနိုင်ငံ မြောက်ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်ပြည်နယ်တို့တွင် မေ ၂ ရက်က မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးမှု၊ မြေပြိုမှုများဖြစ်ပွားခဲ့ပြီး လူပေါင်း ၁၂၇ ဦး သေဆုံးခဲ့ကြောင်း နိုင်ငံတော်သမ္မတရုံးက မေ ၃ ရက်တွင် အတည်ပြုသတင်းထုတ်ပြန်ခဲ့သည်ဟု စီအင်န်အင်န်သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ရဝမ်ဒါနိုင်ငံတွင် မေ ၂ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခန့်က မိုးသည်းထန်စွာစတင်ရွာသွန်းခဲ့ရာ နိုင်ငံမြောက်ပိုင်း၊ အနောက်ပိုင်းနှင့် တောင်ပိုင်းပြည်နယ်တို့တွင် ရုတ်တရက် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများဖြစ်ပွားခဲ့ပြီး ဖြစ်ပွားချိန်သည် ညအချိန်ဖြစ်သောကြောင့် လူအများ ထိခိုက်သေဆုံးမှုပိုမိုဖြစ်ပွားခဲ့ရကြောင်း သိရသည်။

သေဆုံးမှုအများစုသည် Kivu ရေကန်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် အနောက်ဘက်ပြည်နယ်တွင် ဖြစ်ပွားခဲ့ကြောင်း၊ ရေကြီးမှုကြောင့် နေအိမ်များနှင့် အခြေခံအဆောက်အအုံများ ပြိုကျမျောပါသွားကာ လမ်းများပျက်စီးခြင်း၊ ပိတ်ဆို့ခြင်းများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ရေများသည် လမ်းများပေါ်ဒလဟောစီးဆင်းမှုကြောင့် အိမ်များပြိုကျပျက်စီးခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းများကို ညလုံးပေါက်ဆောင်ရွက်ခဲ့ကြောင်း ဒေသဆိုင်ရာအစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပြီး ထိခိုက်မှုအပြင်းထန်ဆုံးဒေသများရှိ နိုင်ငံသားများကို ကယ်ဆယ်ရေးလုပ်ငန်းများ အဓိကလုပ်ဆောင်ပေးလျက်ရှိကြောင်း သမ္မတရုံးက မေ ၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ရဝမ်ဒါ မိုးလေဝသဌာနသည် ဧပြီလအတွင်းကပင် မေလအတွက် မိုးလေဝသခန့်မှန်းချက်များ ထုတ်ပြန်ရာ၌ နိုင်ငံအနှံ့အပြားမိုးရွာသွန်းမှုပိုများနိုင်သည်ဟု သတိပေးချက် ထုတ်ပြန်ခဲ့သေးကြောင်း သိရသည်။ AZH

# ထိုင်းနိုင်ငံတွင် မိုးခေါင်မှုကြောင့် စတုတ္ထအကြီးဆုံးရေချိုကန် ရေခန်းခြောက်မှုဖြစ်ပွား

**ဗန်ကောက် မေ ၄**

ထိုင်းနိုင်ငံတွင် လပေါင်းများစွာ မိုးခေါင်မှုဖြစ်ပွားလျက်ရှိပြီးနောက် နိုင်ငံ၏ စတုတ္ထအကြီးဆုံးဖြစ်သော ရေချိုကန်တစ်ကန်သည် ရေသိုလှောင်မှုပမာဏ ၅ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း Phayao ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးမှ ထုတ်ပြန်သောသတင်းများကို ကိုးကား၍ The Star သတင်းဌာနက မေ ၃ ရက်တွင် ရေးသားဖော်ပြထားသည်။

လပေါင်းများစွာ မိုးရွာသွန်းမှုမရှိခြင်းကြောင့် Phayao ပြည်နယ်ရှိ Kwan Phayao ရေကန်တွင် ယခင် ရေပမာဏ ကုဗမီတာ ၅၅ ဒသမ ၆၅ သန်းမှ ၂ ဒသမ ၈ သန်းထိကျဆင်းခဲ့ပြီး အဆိုပါကန်အနီးရှိ ရေလှောင်ကန်နှစ်ခုမှ ရေကိုသွယ်ယူ၍ ကန်ရေကို ပြန်လည်ဖြည့်ပေးနေရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး Narong Rojsothorn က ပြောကြားခဲ့သည်။

အဆိုပါရေကန်သည် ပြည်တွင်း၊ ပြည်ပခရီးသွားများအတွက် ဆွဲဆောင်လျက်ရှိသော ထိပ်တန်းခရီးသွားနယ်မြေတစ်ခုဖြစ်ရာ ရေကန်အတွင်း ရေခန်းခြောက်မှုကြောင့် ကန်အောက်ခြေတွင် ပေါင်းမြက်များထူထပ်လာပြီး ခရီးသွားလုပ်ငန်းကို ထိခိုက်လျက်ရှိရာ ဝင်ငွေရင်းမြစ်များကို ထိခိုက်စေလျက်ရှိသဖြင့် ဒေသခံများက စိတ်ပျက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးအနေဖြင့် မေ ၂ ရက်က တော်ဝင်ဆည်မြောင်းဦးစီးဌာန၊ အခြားသက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ မဲတမ်ရေလှောင်ကန်မှ ရေကုဗမီတာ နှစ်သန်းခန့်ကို Kwan Phayao ရေကန်တွင်းသို့ သွယ်ယူဖြည့်တင်းခဲ့ပြီး ဘန်စန်နွန်နိုင်ရေလှောင်ကန်မှလည်း နောက်ထပ်ရေကုဗမီတာ ၂၅၀၀၀၀ ကို ထပ်မံဖြည့်သွင်းရန် ရည်မှန်းထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရေခန်းခြောက်မှု ဖြစ်ပွားလျက်ရှိသော Kwan Phayao ရေကန်သည် ဧရိယာစတုရန်း ၂၀၅၃၀ ခန့်ကျယ်ဝန်းပြီး နိုင်ငံမြောက်ပိုင်းတွင် အလှပဆုံးရေကန်တစ်ကန်အဖြစ် သတ်မှတ်ခံထားရကြောင်း သိရသည်။ AZH

# ကိုလံဘီယာရေနံတူးဖော်ရေးကုမ္ပဏီများက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ အကောင်အထည်ဖော်ရန်အတွက် ကန်ဒေါ်လာ ၁၃၅ သန်း ရင်းနှီးမြှုပ်နှံသွားမည်

**ဘိုဂိုတာ မေ ၄**

ကိုလံဘီယာနိုင်ငံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီသွားရန် ကိုလံဘီယာရေနံတူးဖော်ရေး ကုမ္ပဏီများက စီစဉ်လာပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လည်း ပြင်ဆင်လာကြရာ ကိုလံဘီယာအမျိုးသားဟိုက်ဒရိုကာဗွန်အေဂျင်စီ၏ ထုတ်ပြန်ချက်အရ ကိုလံဘီယာရေနံတူးဖော်ရေး ကုမ္ပဏီများသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၃၅ သန်းထိ ရင်းနှီးမြှုပ်နှံသွားရန် ပြင်ဆင်နေကြောင်း SBS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတိုးတက်လာစေရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး လာမည့်လေးနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုများကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ရေနံတူးဖော်ရေး ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုကိုလည်း လာမည့်လေးနှစ်တာကာလအတွင်းအကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ကိုလံဘီယာနိုင်ငံ၏ စွမ်းအင်ကဏ္ဍအတွက် ကြီးမားသည့်အပြောင်းအလဲတစ်ရပ် ဖြစ်လာမည်ဖြစ်ကြောင်း အမျိုးသားဟိုက်ဒရိုကာဗွန်အေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"သတ္တုမိုင်းတွင်းနှင့် စွမ်းအင်ဝန်ကြီးဌာနက စွမ်းအင်အပြောင်းအလဲပြုလုပ်ဖို့အတွက် လုပ်ပိုင်ခွင့်တချို့ကို အမျိုးသားဟိုက်ဒရိုကာဗွန်အေဂျင်စီထံ လွှဲပြောင်းပေးခဲ့ပါတယ်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့အတွက်လဲ ရေနံကုမ္ပဏီတချို့က ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်သွားဖို့ပြင်ဆင်လာကြတယ်။ လေအား လျှပ်စစ်ထုတ်လုပ်ရေးနဲ့ ဘူမိအပူစွမ်းအင်၊ ဟိုက်ဒိုဂျင်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍတွေကို ဖွံ့ဖြိုးတိုးတက်လာအောင် အဓိကဆောင်ရွက်သွားမှာလဲဖြစ်ပါတယ်" ဟု ကိုလံဘီယာအမျိုးသားဟိုက်ဒရိုကာဗွန်အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဂွါတာမီက ပြောကြားခဲ့သည်။ **နိုင်းဆက်**



# နယူးမက္ကဆီကိုပြည်နယ်တွင် အပူချိန်မြင့်တက်မှုကြောင့် တောမီးအန္တရာယ် သတိပေးချက်ထုတ်ပြန်

**ဝါရှင်တန် မေ ၄**

အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ် မြောက်ဘက်ပိုင်းတွင် အပူချိန်မြင့်တက်နေပြီး မြစ်ရေပမာဏကျဆင်းလျက်ရှိရာ ပူပြင်းခြောက်သွေ့သော ရာသီဥတုကြောင့် တောမီးအလွယ်တကူလောင်ကျွမ်းနိုင်သည့်အခြေအနေဖြစ်ကြောင်း နယူးမက္ကဆီကိုပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ST သတင်းဌာနက မေ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မြစ်ရေပမာဏ ကျဆင်းမှုကြောင့် နယူးမက္ကဆီကို မြောက်ဘက်ပိုင်းရှိ ရေသွင်းစိုက်ပျိုးသည့် စိုက်ခင်းများမှာလည်း ရေလုံလုံလောက်လောက်မရသည့်အတွက် ရေသွင်းစိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် အခက်အခဲများရှိလာကြောင်း၊ အပူချိန်မြင့်တက်နေသည့်အချိန်တွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေနေရာများ မီးရှို့ရှင်းလင်းခြင်းကိုလည်း တားမြစ်ထားကြောင်း နယူးမက္ကဆီကိုပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"နယူးမက္ကဆီကိုပြည်နယ်မြောက်ဘက်ပိုင်းမှာ အပူချိန်မြင့်တက်နေသလို မြစ်ချောင်းတွေမှာ ရေပမာဏတွေလဲ ကျဆင်းနေတယ်။ အပူချိန်ကြောင့် တောမီးတွေလဲ အလွယ်တကူလောင်ကျွမ်းနိုင်တဲ့အခြေအနေ ဖြစ်ပါတယ်။ အရင်တောမီးလောင်ကျွမ်းမှုတွေဖြစ်ပေါ်ခဲ့ရာကနေ သစ်ပင်ကြီးတွေဟာ မြစ်ချောင်းတွေထဲမျောပါပြီး ရေစီးကို ဟန့်တားထားသလိုဖြစ်နေတဲ့အတွက် စိုက်ပျိုးရေးနဲ့မွေးမြူရေးသမားတွေ အခက်အခဲတွေ့နေပါတယ်။ နစ်နာနေရတဲ့ ပြည်သူတွေအတွက် နစ်နာကြေးပေးသွားဖို့လဲ စီစဉ်နေပါတယ်"ဟု ဖက်ဒရယ်အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင် မြစ်ချောင်းများအတွင်း ရေပမာဏကျဆင်းမှုဖြစ်ပေါ်နေသည့်အခြေအနေတွင် ရွံ့ညွန်နှင့်အမှိုက်သရိုက်များကြောင့်လည်း ရေစီးရေလာမကောင်းသဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသမားများအတွက် အခက်တွေ့လျက်ရှိကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအတွက် လုံလောက်သောရေရရှိရန် ဖက်ဒရယ်အစိုးရက တာဝန်ယူဆောင်ရွက်ပေးသွားရန် စီစဉ်လျက်ရှိနေသကဲ့သို့ တောင်သူများကိုလည်း နစ်နာကြေးပေးရန်စီစဉ်နေကြောင်း ဖက်ဒရယ်အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။ **နိုင်းဆက်**

# တရုတ်နိုင်ငံက ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးကိစ္စရပ်အတွက် အမေရိကန်ရာသီဥတုဖောက်ပြန်မှုဆိုင်ရာ အထူးသံတမန်ဂျွန်ကာရီကို ဖိတ်ကြားထား

**ပေကျင်း မေ ၄**

ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံက အမေရိကန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ပြင်ဆင်လျက်ရှိပြီး တရုတ်နိုင်ငံ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးလုပ်ငန်းများအတွက် အမေရိကန်နိုင်ငံနှင့်ဆွေးနွေးရန် အမေရိကန်ရာသီဥတု ဖောက်ပြန်မှုဆိုင်ရာ အထူးသံတမန်ဖြစ်သူ ဂျွန်ကာရီကို တရုတ်နိုင်ငံသို့ ဖိတ်ကြားထားကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု The Nation သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ကမ္ဘာ့နိုင်ငံများအနက် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု အမြင့်ဆုံးနိုင်ငံများဖြစ်ပြီး ၎င်းတို့ကြား ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ထိန်းချုပ်နိုင်ပါက ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးအတွက် အဓိကကျသည့် ခြေလှမ်းတစ်လှမ်းဖြစ်လာမည်ဖြစ်သည်။

"ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးအတွက် တရုတ်နိုင်ငံက ကျွန်တော့်ကို ဖိတ်ကြားထားပါတယ်။ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးအတွက် တရုတ်နိုင်ငံနဲ့ ဆွေးနွေးဖို့အတွက် တရုတ်နိုင်ငံကို သွားရောက်မှာဖြစ်ပြီးတော့ တာဝန်ရှိသူတွေနဲ့ ဆွေးနွေးသွားမယ်။ ရာသီဥတုဖောက်ပြန်မှု တိုက်ဖျက်ရေးလုပ်ငန်းတွေဟာ အမေရိကန်နိုင်ငံနဲ့ တရုတ်နိုင်ငံအတွက်ပဲ ပြဿနာမဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးရဲ့ ပြဿနာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတိုင်း ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းတွေ ဆောင်ရွက်သွားဖို့တော့ လိုအပ်ပါတယ်"ဟု ဂျွန်ကာရီက ပြောကြားခဲ့သည်။ **နိုင်းဆက်**

0w Mfw M @

# လင်ချစ်ဆေး

လွန်းနှင်းအိမ်ခိုင်




(၁)

"မမ အောက်မှာ ကိုသက်အမေရောက်နေတယ်"

အိမ်အကူ မြရီကပြောပြီးပြီးချင်း ပြန်ထွက်သွားတယ်။

လက်သည်းဆိုးဆေးမခြောက်သေးတဲ့ ကျွန်မရဲ့ လက်ချောင်းလေးတွေကို ကျွန်မ အသာအယာလေး မှုတ်လိုက်တယ်။ မှန်ထဲမှာပေါ်နေတဲ့ မိမိရဲ့အလှကို ပြန်ကြည့်လိုက်သေးတယ်။

အသက်က ၃၅၊ ကလေးနှစ်ယောက်အမေဆိုတာ တော်ရုံလူတွေ မယုံနိုင်လောက်အောင် ကျွန်မနုပျိုနေတယ်လို့တွေးနေမိတယ်။ ဝင်ငွေကောင်းတဲ့ ခင်ပွန်းသည်ကြောင့် ပေါ်သမျှအဆင်ဆန်းတွေ ကျွန်မကိုယ်ပေါ်ကိုရောက်တယ်။ အကောင်းစားအလှကုန်တွေသုံးပြီး အမြဲတမ်းလှနေအောင် ကျွန်မနေတယ်။

"မမစိမ်းခက်က သိပ်လှတာပဲ"

"မမက အရွယ်တင်တယ်နော်။ ကလေးနှစ်ယောက်အမေဆိုပေမဲ့ အသက် ၂၀ကျော်လေးလားထင်ရတယ်"

ဒီစကားတွေက မကြာခဏ ကျွန်မကြားနေကျစကားတွေပါပဲ။ အခုလိုအပြောခံရဖို့ တစ်နေ့ တစ်နေ့ စိမ်းခက်ဘယ်လောက်တောင် ငွေကုန်ခံ၊ အချိန်ကုန်ခံခဲ့ရသလဲ။

"စိမ်းခက် ညည်းအဲဒီလောက်အလှတွေမက်မနေနဲ့။ မိဘတွေကတော့ ဈေးရောင်းထွက်ရတာ မိုးမလင်းခင်ကတည်းက။ ညည်းက အိမ်မှာအကြီးဖြစ်ပြီး အစ်မကြီးအမိရာဆိုသလို ချက်ပြုတ်လျှော်ဖွပ်ကာ အငယ်လေးတွေကို ထိန်းကျောင်းသွန်သင်တယ်လို့မရှိဘူး။ တစ်နေ့တစ်နေ့ အလှပဲပြင်နေတယ်။ ရုပ်လှဖို့ထက် စိတ်လှဖို့က ပိုအရေးကြီးတာပါအေ။ မိန်းကလေးဆိုတာ အိမ်မှုကိစ္စနိုင်နင်းရတယ်။ ညည်းဒီလိုသာနေ လင်ရရင် မျက်ရည်နှင့်မျက်ခွက်ဖြစ်လိမ့်မယ်"

ကျွန်မကို အိမ်ထောင်မကျခင်က အမေပြောဖူးတဲ့စကားတချို့ပါ။ အခုလို ကျွန်မအလှကြောင့် လင်ကောင်းသားကောင်းရခဲ့တာ။ လင်သားကငွေရှာနိုင်တော့ အမေပြောခဲ့ဖူးတဲ့ "မိန်းကလေးဆိုတာအိမ်မှုကိစ္စနိုင်နင်းရမယ်"ဆိုတာကြီးက ကျွန်မအတွက်မလိုအပ်တော့ဘူးလေ။ အိမ်အကူကောင်းကောင်းတစ်ယောက်ကိုခေါ်ထားရင် ဘာလုပ်ဖို့လိုသလဲ။

ကျွန်မအခု အလှထိုင်ပြင်နေနိုင်ခဲ့ပြီလေ။ အလကားပါ။ အမေတို့ကလေ ကိုယ်ကသာစီးပွားရေးကမပြေလည်တာ။ ကလေးတွေကို နှစ်နှစ်ခြားတစ်ယောက်လောက် မွေးခဲ့တယ်။ ကျွန်မအောက်မှာတင် မောင်လေးသုံးယောက်နဲ့ ညီမလေးနှစ်ယောက်ရှိတယ်။ သားသမီးတွေများတော့ အကျိုးဆက်က ပညာကောင်းကောင်း မသင်ရတော့ဘူး။ ကျွန်မနဲ့ကျွန်မအောက်က မောင်လေးဟာ အလယ်တန်းလောက်နဲ့ကျောင်းထွက်ခဲ့ရတယ်။ ကျွန်မကို အိမ်ရှိအလုပ်တွေ ထောင့်စေ့အောင်ခိုင်းချင်တယ်။ စိတ်တိုင်းမကျရင် ဈေးရောင်းပြန်တာနဲ့ပြောဆိုနေတော့တာပဲ။ ဒါကြောင့် ကျွန်မကို မေတ္တာရှိနေတဲ့ ကျွန်မခင်ပွန်းဖြစ်လာမဲ့ ကိုသက်ခေါ်ရာနောက် လိုက်ခဲ့တယ်။ ညားခါစက စီးပွားရေးက သိပ်အဆင်မပြေခဲ့ဘူး။ ကိုသက်က ကျောင်းပြီးခါစ၊ လုပ်ငန်းခွင်ဝင်စဆိုတော့ ယောက္ခမအိမ်မှာကပ်နေ၊ ကပ်စားရတာပေါ့။ ကိုသက်လစာထုတ်တဲ့အခါကျတော့ လင်မယားနှစ်ယောက် စားစရိတ်လေး ပေးရတာပေါ့။ ဒါကို ယောက္ခမက ငြိုငြင်ချင်တယ်။ ကျွန်မက ခိုင်းမှလုပ်တတ်၊ နေတတ်တယ်။ နေဆိတ်တယ်။ အို. . . စုံနေတာပဲ။ ကိုယ့်လင်က လစာမကောင်းသေးတော့ သည်းခံနေရတယ်။

အိမ်ခွဲပြီးနေရင် အိမ်လစာပေးရမယ်လေ။ စားစရိတ်ကလဲ အခုထက်မကပိုကုန်နိုင်တယ်။ ဒါကြောင့် မျက်နှာအငယ်ခံပြီး ကျွန်မနေခဲ့တယ်။ နှစ်နှစ်လောက်နေတော့ ကိုသက်က လစာကောင်းနေပြီ။ အပိုကြားပေါက်တွေလဲ ရလာနေပြီ။ ဒီတော့ ကျွန်မက လင်ကို ပတ်ချွဲနပ်ချွဲလုပ်ပြီး အိမ်ခွဲနေကြဖို့နားချရတယ်။ ကျွန်မစကားက အောင်တယ်လေ။ ကိုသက်ဆိုတဲ့ ကျွန်မခင်ပွန်းက ကျွန်မကိုဘယ်တော့မှ အပြစ်မမြင်သလို စိတ်ချမ်းသာအောင်လဲထားတဲ့သူမို့လို့လေ။

ကျွန်မခင်ပွန်းရဲ့ စီးပွားအရှာကောင်းမှုကြောင့် ကျွန်မတို့စီးပွားရေးတွေ ကောင်းခဲ့တယ်။ တိုက်နဲ့ကားနဲ့၊ အခြွေအရံနဲ့။ ကျွန်မပြေလည်တော့ ကျွန်မမိဘတွေက နည်းနည်းလေးခက်ခဲရင် ပြေးလာချင်တယ်။ လာပေမဲ့ လာမောကြီးပါပဲ။ ကိုသက်က ပေးစေချင်တာတောင် ကျွန်မကမပေးဘူး။ ကျွန်မမိဘကိုမှ မဟုတ်ဘူး။ ကျွန်မယောက္ခမတွေကိုလဲ ကျွန်မဘာမှပြန်မကြည့်ဘူး။ ဘာလို့လဲဆိုတော့ ကျွန်မက တစ်ဖက်တစ်လမ်းက ဝင်ငွေမရှိဘူး။ ကျွန်မယောကျ်ားရဲ့ ဝင်ငွေတစ်ခုပဲရှိတယ်။ ဒီတော့ ကျွန်မ ဘယ်ဆွေမျိုးကိုမှ မပံ့ပိုးခဲ့ဘူး။

"စိမ်းခက်ရယ် ညည်းတို့မိသားစုက အဆင်ပြေနေတာပဲ အခုဆိုညည်းအဖေကြီးကလဲ ကျန်းမာရေးမကောင်းဘူး။ သမီးအကြီးမို့ အားကိုးချင်တာ။ ညည်းတို့ နေဆိတ်လိုက်တာအေ"တဲ့လေ။

ကျွန်မကို မွေးပေးခဲ့တဲ့မိဘတွေမို့ မွေးကျေးဇူးရှိတာကိုလက်ခံပါတယ်။ ဒါပေမဲ့ မိဘတွေလက်ထဲမှာ ကျွန်မပညာလဲ ကောင်းကောင်းမသင်ခဲ့ရသလို လူတန်းစေ့မီအောင်လဲ အမေတို့ ကျွန်မကိုမထားပေးနိုင်ခဲ့ဘူး။ ကျွန်မကုသိုလ်ကံနဲ့ကျွန်မပြေလည်နေတာကို မပံ့ပိုးရကောင်းလားဆိုပြီး စကားနာတွေ လာထိုးနေတော့ ကျွန်မခွန်းတုံ့ပြန်ချင်လိုက်တာမှ တော်တော်ပဲ။ မိဘပြစ်မှား ငရဲလားဆိုတဲ့အသိကြောင့်သာ ငြိမ်ခံနေလိုက်တာ။ ကျွန်မသာ သူတို့လိုအပ်သမျှ အမြင်မတော်လို့ကူညီနေရင် လူမွေးသူမွေးတောင်ပြောင်မှာမဟုတ်ဘူး။ ကျွန်မယောက္ခမတွေလဲ ထူးမခြားနားပဲ လိုချင်တပ်မက်စိတ်တွေ ကြီးလိုက်ကြတာမပြောပါနဲ့။ ကျွန်မကို မသိတတ်သူပဲပြောပြော၊ မလိမ္မာတဲ့သမီးပဲဆိုဆို ကျွန်မမျက်နှာလွှဲနေနိုင်ခဲ့တယ်။ ဒါကြောင့် အခုချိန်မှာ ကျွန်မတို့မိသားစု မပူမပင်မတောင့်မတနဲ့ နေနိုင်ခဲ့တာပေါ့။ အလှကြိုက်တဲ့ ကျွန်မ အချိန်ပြည့်အလှတွေပြင်ပြီး လူတကာအားကျခံရတဲ့ဘဝနဲ့ နေနေရတာပေါ့ ရှင်။

"မမ ကိုသက် အမေရောက်နေတာကြာပြီနော်"

"အေးပါဟယ် အခုပဲဆင်းလာခဲ့မယ်။ သူတို့ကလဲ အလကားနေဒီအိမ်ကိုပဲလာနေကြတယ်။ စိတ်ပျက်စရာတွေဟယ်"

ကျွန်မ နှုတ်ကမကျေမချမ်းရေရွတ်ပြီး အောက်ထပ်ကိုဆင်းလာခဲ့တော့တယ်။

(၂)

"နောက်ဖေးရေကပြင်က ပြုံကျသွားလို့ပါ သမီးရယ်"

ယောက္ခမနှုတ်က ထွက်လာတဲ့စကားကြောင့် နှုတ်ခမ်းကို မဲ့ပစ်လိုက်မိတယ်။

"အဒေါ်တို့ကလဲ တစ်ခုခုဆို စိမ်းခက်တို့အိမ်ကို ပြေးလာတော့တာပဲ။ ပြီးခဲ့တဲ့နှစ်လလောက်က အဒေါ်နေမကောင်းဘူးဆိုလို့ စိမ်းခက် ငွေ ၂၀၀၀၀ ပေးခဲ့သေးတယ်လေ။ အဒေါ့်သားသမီးတွေက ကိုသက်တစ်ယောက်တည်းမို့လို့လား။ အခြားသားသမီးတွေလဲ ရှိသေးတဲ့အပြင် အဒေါ်နဲ့အတူနေတဲ့ အဒေါ့်သမီး ချယ်ရီတို့လင်မယားတွေကကော ကိုယ်နေတဲ့အိမ်တောင် ကိုယ်မပြင်နိုင်ဘူးလား။ တော်ပြီ တော်ပြီ ညည်းချင်းတွေဆိုမပြန်နဲ့တော့ စိမ်းခက်အခု ငွေ ၂၀၀၀၀ ပေးလိုက်မယ်။ ပြင်လို့လောက်တာ၊ မလောက်တာ အဒေါ်တို့အပိုင်းပဲ။ ကိုသက်ဆီလဲ ဖုန်းဆက်ပြီး ငိုပြမနေနဲ့နော်"

ကျွန်မပေးတဲ့ ငွေ ၂၀၀၀၀ ကိုယူပြီး မျက်နှာငယ်လေးနဲ့ ကျွန်မယောက္ခမ ပြန်သွားပါတော့တယ်။

အခုရက်ပိုင်း ကိုသက်တစ်ယောက်အိမ်အပြန်နောက်ကျလွန်းနေပါတယ်။ နာရီက ည ၁၁ နာရီကျော်နေပြီမို့ ဖုန်းခေါ်တော့လဲ ဆက်သွယ်မှုဧရိယာပြင်ပသို့ရောက်နေတယ်တဲ့။ ပြီးခဲ့တဲ့ ရက်ပိုင်းက ခွန်းကြီးခွန်းငယ်စကားများခဲ့သေးတယ်။ အကြောင်းက ကိုသက်ရဲ့ဖုန်း Message ထဲမှာ ကိုသက်ညီမ ချယ်ရီဖုန်းနံပတ်ကို ကိုသက်က ငွေ ၃၀၀၀၀ Wavemoney နဲ့ လွှဲထားတာတွေ့ရှိရာက စကားများကြတာဖြစ်တယ်။ ကိုသက်အမေ နေမကောင်းတဲ့အကြောင်း ချယ်ရီက ဖုန်းဆက်ပြောလာပြီး ဆေးခန်းပြဖို့ ငွေလွှဲပေးခဲ့ကြောင်းပြောလာတယ်။ နည်းအမျိုးမျိုးနဲ့ သားသမီးဆီက မျှော်ကိုးစားသောက်နေတဲ့အတွက် စိတ်လဲတိုမိတယ်။ ထုံးစံအတိုင်း ကျွန်မက အနိုင်ရနေကျ လင်သားကိုမကျေနပ်လေသမျှ ပြောဆိုမဆုံးဖြစ်နေတော့တယ်။ အရင်ကလဲ ကျွန်မဒီလိုပြောနေကျပါ။ အခုတစ်ခေါက်မှာတော့ ကိုသက်က စိတ်မဆိုးစဖူးဆိုးနေတော့တယ်။

"စိမ်း ငါ့အမေနေမကောင်းလို့ ငါပေးလိုက်တာနော်။ ငါ့ကိုစိတ်တိုအောင် ထပ်မပြောနဲ့တော့။ မင်းလောက် အသိတရား၊ အကြင်နာတရားမရှိတဲ့မိန်းမကို မမြင်ဖူးဘူး"

ကိုသက် တကယ်ဒေါသထွက်လာတော့ ကျွန်မငြိမ်ပေးလိုက်ရတယ်။ စိတ်ထဲမှာတော့ တစ်ခုခုဆို ကိုသက်ဆီဖုန်းလှမ်းဆက်နေတဲ့ ယောက်မဖြစ်သူကိုလဲ မကျေနပ်မိတာအမှန်ပဲ။ အဲဒီနေ့ကစပြီး ကျွန်မကို ကိုသက် စကားကောင်းကောင်း မပြောတော့ဘူး။ ဒါပေမဲ့ မယားပြောတစ်ညဆိုတဲ့စကားကရှိနေတာပဲ။ ကျွန်မလင်တော်မောင်ကို ပြန်ချော့ရမယ်လို့ တွေးထားမိတယ်။ အဲဒီအတွေးက အခုထိအသုံးမဝင်သေးပါဘူး။ ကိုသက်မှာ အလုပ်တွေများပြီး အမြဲနောက်ကျနေတာမို့ပါ။ တဖြည်းဖြည်းနဲ့ ည ၁၂ နာရီထိုးလုနီးလာပြီ။ ဖုန်းကိုထပ်ခေါ်လိုက်တယ်။ ဒီတစ်ခါတော့ ဖုန်းကဝင်သွားတယ်။ တစ်ဖက်ကနေ ဖုန်းကိုင်တယ်။

"အေး စိမ်းရေ ကိုသက်အလုပ်တွေမနိုင်လို့ စာရင်းတွေလုပ်နေရတယ်။ မနက်ဖြန်ညနေမှပြန်လာမယ်။ ခုနက ဖုန်းခေါ်မလို့ပဲ။ ဖုန်းလိုင်းတွေမကောင်းလို့"

ဖုန်းလိုင်းတွေမကောင်းလို့သာဆိုပေမဲ့ ကျွန်မနားထဲမှာ မိန်းမတစ်ယောက်ရဲ့အသံကို သေချာကြားလိုက်ရတယ်။

"ကိုကြီး ရေအိမ်ဝင်တာ ကြာလှချေလား။ အိပ်များပျော်နေတာလား"တဲ့လေ။

ဖုန်းကလဲ ပြန်ကျသွားလိုက်တာ ဘယ်လိုခေါ်ခေါ် ခေါ်မရတော့တာပါပဲ။

(၃)

ကျွန်မယောကျ်ား ဖောက်ပြန်နေခဲ့ပါပြီ။ စုံစမ်းစရာမလို၊ အစ်အောက်မေးစရာပင်မလိုခဲ့ပေ။ ကိုသက်က ဘယ်အချိန်ကတည်းကဝန်ခံချင်နေမှန်းမသိပါဘူး။ ကျွန်မစိတ်တွေ ပူလောင်လိုက်တာရှင်။ ကျွန်မယောကျ်ားကိုသက်က အပျော်ရှာတာမဟုတ်ဘူး။ ကျွန်မကိုစိတ်ပျက်လွန်းလို့ ဘဝသစ်ရှာတာတဲ့။ တစ်သက်လုံးက ကျွန်မအပေါ် အပြစ်မမြင်ခဲ့တဲ့ယောကျ်ားက ကျွန်မကိုလမ်းခွဲချင်တော့ ကျွန်မရဲ့အပြစ်တွေကိုဆွဲထုတ်လာလိုက်တာ မနည်းမနောရယ်။ အိမ်မှုကိစ္စမလုပ်တာတွေ။ လင်ကို ပြုစုရမှန်းမသိတာတွေ။ အသုံးနဲ့အဖြုန်းမခွဲခြားဘဲ အလှအပတွေကို ကြိုက်နှစ်သက်လွန်းတာတွေ။ ကိုယ့်မိဘအပေါ်လဲ မသိတတ်သလို ယောက္ခမတွေအပေါ်လဲ စေတနာယုတ်လျော့သူတဲ့လေ။ ကျွန်မကိုပစ်ချင်တော့ အသေးအဖွဲ့ကနေ အစဆွဲထုတ်လိုက်တာ ကောင်းကွက်

စာမျက်နှာ ၂၅ သို့➤

# မြောင်းမြမြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နွေစပါး ၁၁၃၁၁၅ ဧက ပြန်လည်ရိတ်သိမ်းပြီးစီး



**မြောင်းမြ မေ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နွေစပါး ၁၁၃၁၁၅ ဧက ပြန်လည်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီက နွေစပါး ၁၁၃၁၁၅ ဧက စိုက်ပျိုးခဲ့ပြီး အဆိုပါစိုက်ပျိုးခဲ့သည့် နွေစပါး ၁၁၃၁၁၅ ဧကကို ယခုနှစ် မတ်လ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ပြန်လည်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခုနှစ် နွေစပါးစိုက်ပျိုးရာသီက နွေစပါးလျာထား ၁၁၃၁၁၅ ဧကကို စိုက်ပျိုးခဲ့ပါတယ်။ နွေစပါး လျာထားချက် ပြည့်မီဖို့အတွက် မျိုးစေ့နဲ့နည်းပညာပိုင်းကိုပံ့ပိုးပေးခဲ့ပါတယ်။ တောင်သူတွေအခက်အခဲဖြစ်နေတဲ့ သွင်းအားစုတွေကိုလဲ ပံ့ပိုးပေးခဲ့ပါတယ်။ တောင်သူတွေ ရွှေခရုနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိစေဖို့အတွက် အသိပညာပေး ဆိုင်းဘုတ်တွေကို စိုက်ထူပေးခဲ့ပါတယ်။ ဒါ့ပြင် ရွှေခရုနှိမ်နင်းရေးလုပ်ငန်းတွေကိုလဲ လက်တွေ့လုပ်ပေးခဲ့ပါတယ်။ တောင်သူတွေဘက်ကလဲ စိုက်ပျိုးရေးနည်းပညာတွေကို တောင်းခံတာရှိလို့ တောင်သူပညာပေးလုပ်ငန်းတွေကိုလဲ အဆက်မပြတ်လုပ်နေပါတယ်။ ဒီလိုလုပ်ပေးခဲ့တာကြောင့် ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ပြီး စပါးလဲအထွက်နှုန်းကောင်းတာပါ။ ပြန်လည်ရိတ်သိမ်းပြီးသွားတော့လဲ စပါးတွေကအရည်အသွေး ကောင်းပါတယ်"ဟု မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အဆိုပါ စိုက်ပျိုးရိတ်သိမ်းခဲ့သည့် နွေစပါးများမှာ တစ်ဧကလျှင် ပျမ်းမျှ ၉၂ တင်းထွက်ရှိကြောင်း၊ မြောင်းမြမြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ရက် ၉၀၊ ဆင်းသုခ၊ GW11၊ GW1 စသည့် စပါးမျိုးများ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းတုန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မင်းတုန်း မေ ၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးတောကျေးရွာနှင့်အင်းလည်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုဝင်းအောင်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာမြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

မင်းတုန်းမြို့နယ် ဇီးတောကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၄ သန်း၊ အင်းလည်ကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၄ သန်းထုတ်ချေးထားပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုညို**

## နွေသရုပ်

\- ဥဩဥဩ တွန်သံကျူး
ဂိမှာန် အလှထူး၊
ပုရစ်ဖူးတို့ ဝေဝေဆာ
မြင်တွေ့နေရတာ။

\- ကြည်နူးစရာ သာပုံဆန်း
ကံ့ကော်ရနံ့လွှမ်း၊
သရဖီပန်း ပွင့်ကာဝေ
မွှေးပျံ့သင်းထုံနေ။

\- တို့ရေတို့မြေ အလှတရား
မြင်သူငေးမောသွား၊
နှလုံးသားကို အေးရိပ်ဆင်
စမ်းရေစီးသံလွင်။

\- ပျော်ရွှင်စရာ ဂီတသစ်
ရင်ထဲထင်ကျန်ရစ်၊
အလှစစ်တဲ့ နွေရာသီ
ကြည့်လို့မဝပြီ။

\- ဘုတ်မအီသံ ကြားနေရ
နွေသရုပ်ကိုပြ။
ပန်းချီလက်မှုိင်ချ။ ။

**မောင်လူစိုး**

# ချောင်းဦးမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၈၇၅၀ စိုက်ပျိုးပြီးစီး

**ချောင်းဦး မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၈၇၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်း ၁၂၉၁၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်းဧက ၈၇၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ချောင်းဦးမြို့နယ်အတွင်း ပဲတီစိမ်းဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ နွေပဲတီစိမ်းဧက ၈၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မနှစ်ကဆိုရင် ပဲတီစိမ်းဧက ၅၀၀၀ ကျော်ပဲစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုကတော့ မနှစ်ကထက် ဧက ၃၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အထွက်နှုန်း ကောင်းဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ချောင်းဦးမြို့နယ်တွင် နွေပဲတီစိမ်းဧက ၅၂၅၈ ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ချောင်းဦးမြို့နယ်၌ ပဲတီစိမ်းစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်းသီးနှံစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ပဲတီစိမ်း ၂၂၄၈ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

➤စာမျက်နှာ ၂၄ မှအဆက်

တစ်ခုမှကိုမရှိတော့တာပါပဲ။ ကျွန်မ နည်းမျိုးစုံနဲ့ ကိုသက်ကို ပြန်မြူဆွယ်တယ်။ ဗေဒင်တွေမေး၊ ယတြာတွေချေနဲ့။ နောက်ဆုံးတော့လဲ ကျန်ရစ်ခဲ့ရတာပါပဲ။ ကျွန်မနဲ့ကလေးနှစ်ယောက်ကို အိမ်တွေ၊ ခြံတွေ၊ ကားတွေပါပေးပြီး ကိုယ်လွတ်ရုန်းကာ အိမ်ပေါ်ကနေဆင်းသွားခဲ့တယ်။ ကျွန်မမှာ အားကိုးတကြီးနဲ့တိုင်ပင်ရမဲ့ လူတစ်ယောက်မှမရှိခဲ့ဘူး။ ကျွန်မက ယောက္ခမအသိုင်းအဝိုင်းကိုလဲ ဘယ်တုန်းကမှ မကောင်းခဲ့သူလေ။ ကျွန်မရဲ့မိဘအပေါ်လဲ မသိတတ်ခဲ့တဲ့ သမီးဆိုးတစ်ယောက်ပဲမဟုတ်လား။ စည်းစိမ်ဥစ္စာနဲ့ထားခဲ့ပေမဲ့ ကျွန်မကိုယ် ကျွန်မ ယုံကြည်မှုမရှိဘူး။ ပညာနည်းပါးတဲ့ကျွန်မ။ အလှအပကလွဲရင် အိမ်ထောင်ထိန်းသိမ်းမှုမတတ်တဲ့ကျွန်မ။ သားသမီးနှစ်ယောက်ကိုလဲ မထိန်းသိမ်းတတ်တဲ့ကျွန်မ။ အခုတော့ အပူလုံးတွေကြားပြီး သောကတွေဝေနေရပါပြီ။ တစ်နေ့တော့ ကျွန်မခင်ပွန်းပြန်လာလိမ့်နိုးနဲ့ ကျွန်မမျှော်နေမိတယ်။ တိခနဲပြတ်တောက်သွားတဲ့အလား ကိုသက်ကတော့ စိမ်းကားရက်တယ်။ အိမ်ထောင်သစ်နဲ့ အပျော်ကြီးပျော်နေခဲ့ပြီလေ။ ခံစားရတာတွေများလာတော့ ကျွန်မအမှားတွေ ကျွန်မမြင်လာတယ်။ အားကိုးစရာ ကောက်ရိုးတစ်မျှင်အဖြစ်နဲ့ ကျွန်မခင်ပွန်းရဲ့အမေအိမ်ကို သွားဖို့ဆုံးဖြတ်လိုက်တယ်။ ကိုသက်ကို ပြန်လာစေချင်တယ်။ ယောက္ခမကိုနားချခိုင်းရမယ်။ ကျွန်မအဲဒီစိတ်နဲ့ ယောက္ခမအိမ်ကိုရောက်ချလာတယ်။ ကျွန်မယောက္ခမအိမ်ဟာ အရင်ကလို ဟောင်းနွမ်းစုတ်ပြတ်မနေတော့ဘူး။ ပြုပြင်ထားပုံရပြီး သပ်ရပ်သန့်ရှင်းနေတယ်။ ယောက်မဖြစ်သူ ချယ်ရီက ကျွန်မကိုမြင်သွားတယ်။

"မစိမ်း အိမ်ထဲဝင်လေ"

ကျွန်မ အိမ်ပေါ်ရောက်တဲ့ထိ ယောက္ခမကိုမတွေ့ရသေးဘူး။

"အမေကော ချယ်ရီ"

အဒေါ်လို့အမြဲခေါ်ခဲ့ပေမဲ့ အမေလို့ မဝံ့မရဲသုံးနှုန်းလိုက်တယ်။

"အမေကျန်းမာရေးမကောင်းဘူး မစိမ်း။ အခုဆေးခန်းသွားတာ၊ မနက်ကတည်းက သွားပါဆိုတာပြောမရဘူး။ မနွယ်က အမေစားဖို့ဟင်းလာပို့ရင်း အမေနေမကောင်းမှန်းသိလို့ ဆေးခန်းကိုအတင်းခေါ်သွားတာလေ"

"မနွယ် ဆိုတာက"

ကျွန်မ တကယ်မသိလို့ မေးလိုက်မိတာပါ။

"ဟိုလေ ဟို မနွယ်ဆိုတာက ကိုသက်အခုလက်ထပ်လိုက်တဲ့ အစ်မနာမည်ပါ"

ကျွန်မ ချယ်ရီကို နှုတ်ဆက်ပြီးပြန်လာခဲ့ပါတယ်။ ကျွန်မသိလိုက်ပြီ။ ကျွန်မ အမှားတွေအများကြီးမှားခဲ့ပြီ။ ကျွန်မကိုယ်ကျွန်မ ဟုတ်လှပြီလို့ထင်ခဲ့တာ။ ငါ့လင် ငါ့ယောကျ်ားက ငါ့အလှကို သာယာတာ။ ငါလှနေရင် ငါ့ယောကျ်ားရဲ့စိတ်ကိုအခြားမလွင့်အောင် ထိန်းနိုင်တယ်။ လင်ကလွဲရင် လင်အသိုင်းအဝိုင်းလဲ ဂရုစိုက်စရာမလိုဘူး။ ငွေကြေးပြည့်စုံရင် အိမ်ထောင်ထိန်းသိမ်းမှုမတတ်လဲ အဆင်ပြေတယ်ဆိုတဲ့ မမှန်ကန်တဲ့ အတွေးတွေနဲ့မှားယွင်းခဲ့တယ်။ အခုတော့ ကျွန်မအနားမှာဖေးမမဲ့သူလဲ မရှိဘူး။ ကျွန်မက လင်ချစ်ဆေးကို မဖော်တတ်ခဲ့သူတစ်ယောက်ပါ။ ဆေးဖော်တတ်သူလက်ထဲကနေ ပြန်လုယူလို့မရတော့တာကို နားလည်ရင်း ကျွန်မကိုယ်ကျွန်မ ရှေ့ခရီးလမ်းတွေဆက်ဖို့ ယုံကြည်မှုမဲ့စွာနဲ့ပဲ အိမ်ပြန်လာခဲ့ရပါတော့တယ်လေ။

**ခရီးသွားဆောင်းပါး**

# စစ်ကိုင်းတောင်ပေါ်က ရှင်ဖြူရှင်လှစေတီတော်

**သက်နိုင်(ပြင်ဦးလွင်)**

ရန်ကင်းတောင်နဲ့ မန္တလေးတောင်တို့ကို တက်ရောက်အပြီး စစ်ကိုင်းတောင်ကို တက်ရောက်ကြဖို့အတွက် ရတနာပုံရောဝတီမြစ်ကူးတံတားကြီးပေါ်ကနေ ဖြတ်သန်းနေကြပါပြီ။ ကြီးမားကျယ်ပြန့်တဲ့ ရောဝတီမြစ်ပြင်ကျယ်၊ ရှင်းလင်းရှည်လျားတဲ့ မြစ်ကူးတံတားကြီးကို ဖြတ်သန်းအပြီးမှာ စစ်ကိုင်းမြို့အဝင်ကို ရောက်လာကြတယ်။ စစ်ဆေးရေးဂိတ်ကိုကျော်ဖြတ်အပြီး စစ်ကိုင်းတောင်သွားရာလမ်းကို ချိုးကွေ့လိုက်တာနဲ့ စောစောကမြင်တွေ့ခဲ့ရတဲ့ ရောဝတီမြစ်ပြင်ကျယ်မြင်ကွင်း၊ တံတားရှည်ရှည်ရှင်းရှင်းမြင်ကွင်းတွေနဲ့ လုံးဝကွဲပြားခြားနားသွားတဲ့ လမ်းကျဉ်းကျဉ်း၊ လမ်းရှုပ်ရှုပ်မြင်ကွင်းတွေက ဆီးကြိုနေတော့တယ်။ မုံရွာမြို့နဲ့ ရွှေဘိုမြို့တွေကို ဆက်သွယ်ထားတဲ့ စစ်ကိုင်းလမ်းမကြီးက ကောင်းမွန်ကျယ်ဝန်းနေပေမဲ့ စစ်ကိုင်းမြို့မှာ အခြားလမ်းတွေက ကျဉ်းမြောင်းနေကြပါသေးတယ်။ ဖွံ့ဖြိုးတိုးတက်လာတဲ့ခေတ်၊ တိုးပွားများပြားလာတဲ့ယာဉ်တွေ၊ လူတွေ၊ အသွားအလာတွေနဲ့ လမ်းတွေက ရှုပ်ထွေးနေကြတယ်။

သွားရောက်ကြမဲ့ခရီးစဉ်က စစ်ကိုင်းတောင်ဖြစ်တာနဲ့အညီ စစ်ကိုင်းတောင်လမ်းအတိုင်း ကားကိုမောင်းနှင်လာခဲ့ပေမဲ့ လမ်းဆုံတစ်ခုအရောက်မှာ ဆရာတော်က ဘယ်ဘက်တောင်တက်လမ်းကို မလိုက်နဲ့ ညာဘက်လမ်းအတိုင်းလိုက်ဆိုတာနဲ့ ညာဘက်ကို ချိုးကွေ့လိုက်ရတယ်။ ဘယ်ဘက်လမ်းက စစ်ကိုင်းတောင်ပေါ်ကို တက်တဲ့လမ်းဖြစ်ပြီး ညာဘက်လမ်းက ရောဝတီမြစ်ရိုးအတိုင်း မင်းကွန်းရှိရာကိုသွားတဲ့လမ်းပါ။ ကားရှေ့ခန်းမှာလိုက်ပါလာတဲ့ ဆရာတော်မြွက်ကြားတဲ့အတိုင်း ညာဘက်လမ်းကိုချိုးကွေ့လိုက်တာနဲ့ ကားနောက်က ခရီးဖော်တွေအားလုံးက လမ်းမှားနေပြီ။ စစ်ကိုင်းတောင်တက်လမ်းက ဘယ်ဘက်လမ်းဆိုပြီး ဝိုင်းဝန်းအော်ဟစ်ပြောဆိုကြတော့တယ်။ ဒီခရီးစဉ်မှာ ဆရာတော်ကလမ်းပြပါ။ သွားရောက်ကြမဲ့နေရာက စစ်ကိုင်းတောင်ပေါ်က အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့တဲ့ ရှင်ဖြူရှင်လှစေတီတော်ကြီးရှိရာကိုဖြစ်ပါတယ်။ ဒါကြောင့် ကားကို လမ်းဘေးချရပ်လိုက်ရပြီး ကားနောက်ခန်းက ခရီးဖော်တွေကို အခုသွားရောက်မှာက ဆွမ်းဦးပုညရှင်၊ ဥမင်သုံးဆယ်တွေမဟုတ်တော့ကြောင်း၊ ရှင်ဖြူရှင်လှစေတီတော်ကြီးရှိရာကို သွားကြမှာဖြစ်ကြောင်းနဲ့ ရောက်ဖူးကြသူရှိလားလို့ မေးမြန်းကြည့်တဲ့အခါ အားလုံးက မရောက်ဖူး၊ မကြားဖူးသေးကြောင်း ပြန်လည်ပြောကြားခဲ့ကြပြီး ဝမ်းသာပျော်ရွှင်သွားကြတာကို တွေ့မြင်လိုက်ရတယ်။

ရှင်ဖြူရှင်လှစေတီတော်ကြီးရှိရာကို ဆရာတော် လမ်းညွှန်ပြသခဲ့တဲ့ မင်းကွန်းသွားကားလမ်းအတိုင်း မောင်းနှင်လာခဲ့ပြီး မကြာခင်မှာ ရောဝတီမြစ်ကြီးရှိရာကို ရောက်လာခဲ့တယ်။ အချိန်ရာသီကာလအနေအထားအရ ရောဝတီမြစ်ရေက မနည်းမများပါ။ မိနစ်အနည်းငယ် မောင်းနှင်လာသည်ထိ ဆရာတော်က ဘာမှ မပြောသေးဘဲ ဘုရားစေတီတော်ကြီးတစ်ဆူ၊ ဘုရားဖူးကားတွေနဲ့ ဘုရားဖူးညေ့သည်တွေ၊ ဈေးဆိုင်တန်းနဲ့ ဈေးသည်တွေစည်စည်ကားကားရှိနေတဲ့ နေရာတစ်ခုကိုရောက်လာတဲ့အခါ ဘယ်ဘက်လမ်းအတိုင်း ချိုးကွေ့ဖို့ လမ်းညွှန်ပါတယ်။ ရောက်ပြီလားဘုရား၊ ဒီစေတီတော်ကြီးလားလို့ မေးမြန်းလျှောက်ထားလိုက်တဲ့အခါ မဟုတ်သေးကြောင်းနဲ့ တောင်တက်ကားလမ်းအတိုင်း ဆက်လက်မောင်းနှင်တက်ရောက်ဖို့ မြွက်ကြားပါတယ်။ ဒါကြောင့် ကျဉ်းမြောင်းသေးငယ် မတ်စောက်တဲ့ တောင်တက်ကားလမ်းအတိုင်း ဆက်လက်မောင်းနှင်တက်ရောက်လာခဲ့ရတယ်။

လမ်းအခြေအနေက တကယ့်ကိုကျဉ်းမြောင်းသေးငယ်နေသလို အတော်အတန်မတ်စောက်နေပါတယ်။ ကားတစ်စီးနဲ့တစ်စီး မျက်နှာချင်းဆိုင်တွေ့ရင် ရှောင်တိမ်းဖို့မလွယ်လှပါဘူး။ ဒါပေမဲ့ ကားတွေ၊ လူတွေမရှိအောင် ရှင်းလင်းနေတာကလဲ ထူးခြားနေတယ်။ တစ်ကွေ့ပြီးတစ်ကွေ့၊ တစ်တက်ပြီးတစ်တက် ချိုးကွေ့တက်ရောက်မောင်းနှင်နေရပေမဲ့ ကားတစ်စီးတလေ၊ လူတစ်ယောက်တလေကိုမှ မတွေ့မမြင်ရသေးပါဘူး။ ဒါကြောင့်လဲ လမ်းပြဆရာတော်မျက်စိလည် လမ်းမှားသွားတဲ့အခါ စုံစမ်းမေးမြန်းကြဖို့ လူတွေမရှိဘဲ စေတီတော်ကြီးရှိရာကိုရောက်တဲ့အထိ တစ်လမ်းဝင် တစ်လမ်းထွက်နဲ့ စမ်းတဝါးဝါးလာခဲ့ကြရတယ်။

စေတီတော်ခြေရင်းကိုရောက်ရောက်ချင်း တအံ့တသြအပြင် ဝမ်းမြောက်ဝမ်းသာမြင်တွေ့လိုက်ရတာက ရှေးဟောင်းပန်းပုအနုပညာလက်ရာမြောက် ရှပ်စုံပြာသာဒ်ကြီးပါ။ ပြာသာဒ်ကြီးက မြင့်မားသလောက် ဗုဒ္ဓဝင်ပန်းပုလက်ရာတွေကလဲ အများအပြား အစုံအလင်ရှိနေတယ်။ တချို့အမြင့်ပိုင်းက ပန်းပုလက်ရာတွေကို သဲသဲကွဲကွဲမမြင်ရလို့ ကင်မရာမှန်ဘီလူးအားနဲ့ ဆွဲယူကြည့်ရှုနေရတယ်။ စလေရှပ်စုံကျောင်း၊



စလင်းရှပ်စုံကျောင်း စသဖြင့် ရှပ်စုံကျောင်းပေါင်းများစွာကို ရောက်ရှိလေ့လာကြည့်ရှုခဲ့ပြီးဖြစ်သလို ရှပ်စုံကျောင်းအားလုံးက သူ့နေရာ၊ သူ့အတိုင်းအတာနဲ့သူ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းအနုပညာလက်ရာတွေ ရှိနေကြပါတယ်။ အခုလဲ ရှင်ဖြူရှင်လှစေတီတော်ကြီးအနီးရှေ့မှာရှိနေတဲ့ ပြာသာဒ်ကြီးက ရှေးဟောင်းအနုပညာ ပန်းပုရုပ်လုံးရုပ်ကြွလက်ရာတွေက အလွန်အဖိုးထိုက်တန်နေပါတယ်။ ပြာသာဒ်ကြီးရှေ့မှာ အချိန်အတန်ကြာအောင် လေ့လာကြည့်ရှုပြီး မှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူကြရတယ်။

ပြာသာဒ်ကြီးကို လေ့လာပြီးတာနဲ့ စေတီတော်ကြီးပေါ်ကို စောင်းတန်းနှစ်သွယ်အတိုင်း မိမိတို့ကြိုက်နှစ်သက်တဲ့ လှေကားထစ်တွေကနေ တက်ရောက်ကြရတယ်။ စောင်းတန်းနှစ်သွယ်က ဂူပုံသဏ္ဌာန်အင်္ဂတေအမိုးအကာတွေပါရှိနေပြီး အလွန်မြင့်မားခြင်းမရှိပါဘူး။ အပေါ်ဆင့်စေတီတော်ကြီးရှိရာကို တစ်ခဏအတွင်း မပင်မပန်းနဲ့ရောက်ရှိလာကြတယ်။ ဒါပေမဲ့ အပေါ်ဆုံးဆင့်စေတီတော်ကြီးရဲ့ အာရုံခံတန်ဆောင်းကို သံတံခါးတွေနဲ့ သော့ပိတ်ခတ်ထားတာကြောင့် အထဲကိုဝင်မရဖြစ်ကြရတယ်။ စေတီတော်ကြီးပေါ်ကို ရောက်ရင် စေတီတော်ကြီးကို ဖူးမြော်အပြီး ရောဝတီမြစ်နဲ့ ပတ်ဝန်းကျင်က ရှုခင်းအလှတွေကို ကြည့်ရှုခံစားရတော့မယ်ဆိုတဲ့ တွေးတောထင်မြင်ထားချက်တွေအားလုံး ပျောက်ကွယ်ဆုံးရှုံးသွားခဲ့ရပါပြီ။ သော့ခတ်ထားတဲ့ အာရုံခံတန်ဆောင်းထဲမှာ ဗုဒ္ဓရုပ်ပွားတော်တွေရှိနေပေမဲ့ သံတံခါးကြားထဲကနေပဲ ဖူးမြော်ကန်တော့ခဲ့ရတယ်။ စေတီတော်ကြီးကို သက္ကရာဇ် ၄၇၈ ခုနှစ်က အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့ကြောင်းနဲ့ အဓိဋ္ဌာန်အောင် ရှင်ဖြူရှင်လှစေတီတော်ကြီးဖြစ်ကြောင်း ရေးသားဖော်ပြထားတာတွေကို တွေ့မြင်နေရတယ်။

စေတီတော်ကြီးပေါ်ကို တက်ရောက်ခဲ့ကြပြီးမှ ဖူးမြော်ခွင့်မရရှိခဲ့ကြလို့ အောက်ကိုပြန်ဆင်းလာခဲ့ကြပြီး စေတီတော်ခြေရင်းကနေ ဖူးမြော်ကန်တော့ကြရတော့တယ်။ စေတီတော်ရှိရာကို တောင်တက်ကားလမ်းအတိုင်း အတော်အတန်မောင်းနှင်တက်ရောက်ခဲ့ရပေမဲ့ ဘေးပတ်လည်မှာ ကျောင်းဆောင်ဇရပ်တွေ တည်ရှိကာရံနေတာကြောင့် တောင်အောက်က မြင်ကွင်းတွေကို မတွေ့မမြင်ကြရတော့ပါဘူး။ ဒီလိုနဲ့ စေတီတော်ကြီးပေါ်မှာလဲ ဘာမှမတွေ့ရ၊ စေတီတော်ခြေရင်းမှာလဲ ဘာမှမမြင်ရနဲ့ တောင်အောက်ကို ပြန်ဆင်းလာခဲ့ကြတယ်။ ဒါပေမဲ့ တောင်ဆင်းလမ်းအတိုင်း ပြန်ဆင်းလာချိန်မှာ အတက်ခရီးတုန်းက မြင်သာမြင်တွေ့ခဲ့ရပြီး ဘာမှန်းမသိခဲ့တဲ့ ရှေးဟောင်းသစ်လုံး၊ သစ်သားစောင်းတန်းကြီးတွေအကြောင်းကို သိရှိလိုက်ရတယ်။

ရှင်ဖြူရှင်လှစေတီတော်ကြီးရှိရာကို တောင်အောက်ကနေ စောင်းတန်းလှေကားထစ်တွေအတိုင်း တက်ရောက်လို့ရအောင် စီမံတည်ဆောက်ထားတာပါ။ စောင်းတန်းပုံစံနဲ့ တည်ဆောက်ထားပုံစနစ်၊ တွေ့မြင်နေရတဲ့သစ်လုံးကြီးတွေအရ အလွန်ရှေးကျနေပြီဖြစ်တဲ့ စောင်းတန်းတစ်ခုဆိုပြီး ပြောလို့ရနေပါပြီ။ ဒါပေမဲ့ စောင်းတန်းကြီးက တစ်ဆက်တစ်စပ်တည်း မရှိတော့ဘဲ တောင်တက်ကားလမ်းဖောက်လုပ်ထားတဲ့နေရာတချို့မှာ ဖြိုဖျက်လိုက်ရတာတွေကို တွေ့မြင်နေရတယ်။ ကားလမ်းဖြတ်သန်းသွားတဲ့နေရာတိုင်းမှာ အပိုင်းပိုင်းပြတ်နေမှာပါ။ စေတီတော်ကြီးခြေရင်းကို စတင်ရောက်ရောက်ချင်း မြင်တွေ့ခဲ့ရတဲ့ပြာသာဒ်ကြီးက စောင်းတန်းထိပ် ပြာသာဒ်ကြီးဆိုတာကိုလဲ ချိတ်ဆက်တွေးမြင်သိရှိလိုက်ရတယ်။ စစ်ကိုင်းတောင်ပေါ်ကို တက်ရောက်ခဲ့တဲ့အချိန်တိုင်း ရောဝတီမြစ်နဲ့ ပတ်ဝန်းကျင်တစ်ခွင်ကရှုခင်းတွေကို လှလှပပ သာသာယာယာတွေ့မြင်ခဲ့ရပေမဲ့ အခုတစ်ခါမှာ မတွေ့မမြင်ခဲ့ရတာကြောင့် စိတ်ထဲမှာတစ်ခုခုလိုနေသလို ခံစားနေရတဲ့အချိန်မှာ ရှင်ဖြူရှင်လှစေတီတော်ကြီးပေါ်ကိုတက်ရောက်တဲ့ ရှေးဟောင်းစောင်းတန်းကြီးတွေ၊ အနုပညာလက်ရာမြောက်ရှေးဟောင်းပြာသာဒ်ကြီးတွေကို တွေ့လိုက်ရလို့ ကျေနပ်ပီတိဖြစ်သွားခဲ့ရတယ်။

တောင်ပေါ်ကနေပြန်ဆင်းလာပြီး ရောဝတီမြစ်ကူးတံတားကြီးကို ဖြတ်သန်းတဲ့အခါ စစ်ကိုင်းတောင်ကို ထပ်မံကြည့်ခွင့်ရပါတယ်။ စစ်ကိုင်းတောင်ဆိုတာ မြန်မာနိုင်ငံမှာ မသိသူမရှိသလောက် ထင်ရှားကျော်ကြားတဲ့ တောင်ကြီးတစ်တောင်ဖြစ်ပြီး စစ်ကိုင်းတောင်ရိုးမှာ တောင်ပေါင်း ၃၇ လုံးရှိနေတယ်။ တောင်တိုင်းမှာလဲ များပြားလှတဲ့စေတီပုထိုးတွေကို ဖူးတွေ့ရမှာဖြစ်ပါတယ်။ တောင်ရိုးပေါ်က တောင် ၃၇ လုံးထဲမှာ ဖားပုံသဏ္ဌာန်နဲ့တူတဲ့ တောင်ကြီးတစ်တောင်ရှိနေပြီး အဲဒီတောင်ကြီးကို ဖားတောင်လို့ခေါ်ဆိုသမုတ်ခဲ့ကြတယ်။ ဖားတောင်ထိပ်မှာ ပင်းယခေတ်တစ်စီးရှင် သီဟသူလက်ထက် ခရစ်နှစ် ၁၃၁၂ ခုနှစ်က ပညာရှိအမတ်ဦးပုည တည်ထားကိုးကွယ်ခဲ့တဲ့ ပုညရှင်စေတီတည်ရှိနေတယ်။ တော်တော်ကို ဆွမ်းဦးတင်ဖို့ကြိုးစားတဲ့အခါတိုင်း နတ်ဖြပ်တွေကသာ ဦးစွာကပ်လှူထားပြီးဖြစ်တဲ့အတွက်ကြောင့် ဆွမ်းဦးပုညရှင်စေတီတော်ဆိုပြီး အမည်တွင်ထင်ရှားပါတယ်။ ဆွမ်းဦးပုညရှင်စေတီတော်က ဖားတောင်ထက်မှာ တည်ထားတဲ့အတွက်ကြောင့် စေတီတော်အာရုံခံတန်ဆောင်းအတွင်းမှာ ဖားရုပ်ကြီးကို တွေ့မြင်ကြရမှာပါ။ တောင် ၃၇ လုံးအနက် အမြင့်ဆုံးတောင်က ပတ္တမြားတောင်ဖြစ်ပြီး တောင်ထိပ်ပေါ်မှာ ပတ္တမြားစေတီရှိနေတယ်။

စစ်ကိုင်းဆိုတာကတော့ မြန်မာရာဇဝင်တွေမှာ ဇေယျာပူရလို့ အမည်ထင်ရှားခဲ့တဲ့ မင်းနေပြည်တော်တစ်ခုပါ။ "သာယာဂိုင်း၊ စစ်ကိုင်းတည်"ဆိုတဲ့ ရှေးတုန်းကအဆိုအမိန့်အရ စစ်ကိုင်းမြို့ကို မြန်မာသက္ကရာဇ် ၆၈၄ ခုနှစ် (ခရစ်နှစ် ၁၃၂၂)ခုနှစ်မှာ အသင်္ခယာစောယွန်းက တည်ထားခဲ့တယ်။ စစ်ကိုင်းဆိုတဲ့စကားလုံးက မြန်မာဘာသာမဟုတ်ဘဲ ရှမ်းတိုင်းရင်းသားဘာသာစကားသာဖြစ်ပြီး ရေစီးသန်သောမြစ်လို့ အဓိပ္ပာယ်ရကြောင်း ဆရာကြီးဒေါက်တာသန်းထွန်းက ဆိုခဲ့ပါတယ်။ ပုဂံပြည်ကြီးပျက်သုဉ်းပြီးတဲ့နောက် ထပ်မံပေါ်ပေါက်လာတဲ့စစ်ကိုင်း၊ မြင်စိုင်း၊ ပင်းယ တိုင်းငယ်ပြည်ငယ်သုံးခုမှာ မြန်မာ့ယဉ်ကျေးမှုကို ချစ်သက်မြတ်နိုးတဲ့ ရှမ်းညီနောင်သုံးဦးက မင်းလုပ်အုပ်ချုပ်ခဲ့တယ်လို့လဲ မြန်မာ့သမိုင်းတွေထဲမှာ ပါဝင်နေတယ်။ စစ်ကိုင်းမှာတော့ မင်းဆက်ခုနစ်ဆက် စိုးစံခဲ့ပါတယ်။

စစ်ကိုင်းတောင်ကနေ ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ကို ဆက်လက်တက်ရောက်ကြမှာမို့ စစ်ကိုင်းမြို့ဖြတ်လမ်းအတိုင်း ရန်ကုန်-မန္တလေးလမ်းဟောင်းရှိရာကို မောင်းနှင်လာခဲ့ရတယ်။ လမ်းမှာ ကျောက်စိမ်းစေတီတော်ကြီးကို အဝေးကနေ ဖူးမြော်တွေ့မြင်နေရပေမဲ့ ခရီးနှောင့်နှေးမှာစိုးရိမ်တာကြောင့် ဝင်ရောက်ဖူးမြော်ခြင်း မလုပ်နိုင်ကြတော့ပါဘူး။ ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း မြစ်ငယ်မြစ်ခေါ် ဒုဋ္ဌဝတီမြစ်ကိုဖြတ်ကျော်ပြီးတာနဲ့ ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ထဲကို ရောက်ရှိလာပါပြီ။ မကြာခင်မှာ ဆုတောင်းပြည့်မြွေဘုရားကြီးဆိုင်းဘုတ်ကို လမ်းရဲ့ညာဘက်အနီးမှာ တွေ့မြင်နေရပြီး မြွေဘုရားကိုလဲ ဝင်ရောက်နိုင်ခြင်းမရှိတော့ပါဘူး။ ပလိပ်မြို့ကိုကျော်လွန်လာတာနဲ့ လမ်းအခြေအနေက ပိုမိုကျယ်ဝန်းကောင်းမွန်လာတာကို တွေ့ရတယ်။ လမ်းဘေးဝဲ၊ ယာတစ်လျှောက်မှာ အပေါများဆုံးကတော့ စက်သုံးဆီအရောင်းဆိုင်တွေပါ။ အရင်တုန်းက ပဲခင်း၊ နှမ်းခင်း၊ စပါးခင်း၊ ဝါခင်း၊ ငရုတ်ခင်း၊ ကြက်သွန်ခင်းနဲ့ ကွမ်းခြံ၊ ငှက်ပျောခြံ၊ သရက်ခြံတွေကနေ ခေတ်စနစ်အရ စက်သုံးဆီအရောင်းဆိုင်တွေ ဖြစ်ကုန်ကြပါပြီ။

စဉ့်ကိုင်မြို့တွင်းကိုဖြတ်စဉ် နာမည်ကျော်စဉ့်ကိုင်မီးကုန်ပဲလှော်ကို အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ယူသွားဖို့ စဉ်းစားခဲ့သလို မဟာရွှေသိမ်တော်ဘုရားကြီးအရှေ့က ဖြတ်သန်းမောင်းနှင်လာတဲ့အချိန်မှာလဲ အပြန်ခရီးမှာ ကြက်သွန်နီအိတ်၊ အုန်းသီးစိမ်း၊ ရေဘဲကြော်၊ ငုံးကြော်တွေကို ဝယ်ယူရအုံးမယ်ဆိုတာကို တွေးတောထားလိုက်တယ်။

နောက်ထပ်မိနစ်အနည်းငယ်လောက် မောင်းနှင်လာအပြီးမှာ ခံ့ခံ့ညားညား၊ လှလှပပ ဆင်ရုပ်ကြီးတွေကို တွေ့မြင်လာရတာနဲ့အတူ ကျောက်ဆည်မြို့ကို ဝင်ရောက်လာကြပြီဖြစ်ပြီး ခရီးစဉ်အရ တက်ရောက်ကြရမဲ့ ရွှေသာလျောင်းတောင်ကြီးကိုလဲ မြင်တွေ့နေကြရပါပြီ။ ရွှေသာလျောင်းတောင်ကို ကျောက်ဆည်မြို့တွင်းကနေ သွားရောက်ရင် ပိုမိုအဆင်ပြေတာကြောင့် မြို့တွင်းကိုဝင်ရောက်ပြီးမှ တောင်ခြေကားလမ်းရှိရာကို လာခဲ့ကြတယ်။ ရွှေသာလျောင်းတောင်ပေါ်ကို တက်ရောက်လေ့လာလိုက်ပါအုံးမယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလအတွင်း ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၈၃ သန်းရရှိထား



**ရန်ကုန် မေ ၄**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလအတွင်း နိုင်ငံပေါင်း ၄၀ ကျော်သို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၈၃ သန်း ရရှိထားကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်(ရန်ကုန်တိုင်းဒေသကြီး)မှ ဇဟိုအလုပ်အမှုဆောင် ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ထိုသို့တင်ပို့ရာတွင် ယခင်နှစ်ကာလတူထက် အနည်းငယ်လျော့ကျခဲ့သော်လည်း ပင်လယ်ရေကြောင်းတင်ပို့မှုသည် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့မှုထက်တိုးတက်လာသကဲ့သို့ ရေထွက်ကုန်များတွင် ငါးသလောက်၊ ငါးမြစ်ချင်း၊ ကကတစ်၊ ငါးတန်၊ ငါးခုံးမ စသည့်ငါးအမျိုးအစား ၂၀ ကို ပိုမိုတင်ပို့နိုင်ခဲ့ပြီး ပုစွန်တင်ပို့နိုင်မှုကလည်း ယခင်ကာလများထက် များစွာမြင့်တက်ခဲ့ကြောင်း သိရသည်။

"အခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလအတွင်းမှာ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေရရှိထားမှုကတော့ အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၈၃ သန်းဖြစ်ပါတယ်။ ပြည်ပကိုရေထွက်ကုန်တွေ တင်ပို့မှုကတော့ ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့ ပင်လယ်ရေကြောင်းကနေသာမက နယ်စပ်ကုန်သွယ်ရေး စခန်းတွေကလဲ တင်ပို့နေတာဖြစ်ပါတယ်။ အခုဘဏ္ဍာနှစ်အတွင်းမှာ ပုစွန်တင်ပို့နိုင်မှုက မြင့်တက်ခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးက မွေးမြူရေးပုစွန်တွေကိုလဲ ဒီနှစ်မှာပိုမိုတင်ပို့နိုင်ခဲ့ပါတယ်"ဟု ဦးဝင်းသိန်းကပြောပြသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ယခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ နိုင်ငံပေါင်း ၄၀ ကျော်သို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၉၄ ဒသမ ၈၇ သန်း ရရှိထားကြောင်း၊ ထိုသို့တင်ပို့ရာတွင် ဂျပန်နိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ၊ မလေးရှားနိုင်ငံ၊ တရုတ်(တိုင်ပေ)နှင့် ဩစတြေးလျနိုင်ငံတို့သို့ ပုံမှန်တင်ပို့လျက်ရှိပြီး ရေထွက်ကုန်တင်ပို့မှုတိုးတက်ရေးအတွက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ASH

# နမ့်ခမ်းမြို့နယ် မန့်လွယ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး စစ်ဆေး

**နမ့်စမ်း မေ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာပို့ဆောင်နိုင်စေရန်ရည်ရွယ်၍ မန့်လွယ်ကျေးရွာအုပ်စု မန့်လွယ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပေးနိုင်ရေး ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာကော်မတီဝင်များနှင့်အတူ မန့်လွယ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်ပေးနိုင်ရေးလမ်းမြေပြင်အတိုင်းအတာအခြေအနေ၊ သတ်မှတ်အကျယ်ရရှိရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ သဲဖြူနှင်းခင်းခြင်းလုပ်ငန်းတို့ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဖောက်လုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိအိမ်ခြေ ၂၂၈ အိမ်၊ လူဦးရေ ၁၄၅၆ ဦးတို့၏လယ်ယာထုတ်ကုန် ဧက ၂၈၀ ကျော်ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**နိုးမိုးကျော်**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# ပန်းတနော်မြို့နယ် တလုပ်ထော်ကျေးရွာ၌ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**ပန်းတနော် မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရာတွင် အထောက်အကူပြုစေရန်၊ လူနေမှုဘဝ မြှင့်မားစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို မေ ၃ ရက် နံနက်ပိုင်းက ဆပ်သေကျေးရွာအုပ်စု တလုပ်ထော်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးက သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။


ထို့နောက် သင်တန်းနည်းပြဆရာ ဦးမင်းမင်းက သင်တန်းတွင်သင်ကြားပို့ချပေးမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းသားများထံသို့ သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းသို့ ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၃၀ တက်ရောက်ကြပြီး သင်တန်းတွင် 110/125 မော်တော်ဆိုင်ကယ်များ ဆီရောက်မီးရောက်၊ ကာဗျူရက်တာဆေး၊ အင်ဂျင်ရှေ့ခြမ်း ဆိုင်ကယ်အင်ဂျင်တစ်ခုလုံး ပြုပြင်ထိန်းသိမ်းနည်းများကို ကျွမ်းကျင်ဆရာနှစ်ဦးက စာတွေ့လက်တွေ့ တစ်လကြာ အဆင့်သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ငြိမ်းသူ(စလင်း)



# စနေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက တိုက်စစ်ထက်မြက်နေတဲ့ စပါး၊ လိုက်ပ်ဇစ်၊ အေစီမီလန်အသင်းတို့ကို အားပေးရမှာပါ

ML




ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ရာသီပိတ်သိမ်းဖို့နီးကပ်လာတာကြောင့် ပြိုင်ဆိုင်မှုဆက်လက်ပြင်းထန်နေဆဲဖြစ်ပါတယ်။ လက်ရှိမှာ တန်းဆင်းဇုန်ထဲရောက်ရှိနေတဲ့ အသင်းငယ်တွေကလဲ အသင်းကြီးတွေကို တန်ပြန်တိုက်စစ်နဲ့ကစားပြီး အနိုင်ကစားနိုင်သလို ဥရောပဝင်ခွင့်မျှော်လင့်ချက်ရှိနေတဲ့အသင်းတွေဟာလဲ ရမှတ်လိုအပ်ချက်ကြောင့် တိုက်စစ်မြှင့်ကစားနေတာဖြစ်ပါတယ်။ ဒါပေမဲ့ ဥရောပရဲ့ အဓိကအမှတ်ပေးပြိုင်ပွဲငါးခုမှာ စီးရီးအေက နာပိုလီနဲ့ စပိန်လာလီဂါက ဘာစီလိုနာအသင်းတို့ပဲ ရမှတ်ဖြတ်ထားနိုင်လို့ ချန်ပီယံဆုရဖို့သေချာနေပေမဲ့ ကျန်လိဂ်တွေကတော့ နောက်ဆုံးပွဲစဉ်ထိ အကြိတ်အနယ်ကစားရမှာဖြစ်ပါတယ်။ လာမဲ့ စနေနေ့ညမှာတော့ ဥရောပဝင်ခွင့်သေချာဖို့ အစွမ်းကုန်ကြိုးစားရမဲ့အသင်းတွေထဲက တိုက်စစ်ပိုင်းပုံမှန်ဂိုးသွင်းယူနိုင်တဲ့အသင်းတွေကိုပဲ အဓိကအားပေးရမှာဖြစ်ပါတယ်။

**စပါးအသင်းကို အားပေးရမှာပါ**

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ စပါးအသင်းနဲ့ ပဲလေ့စ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ စပါးအသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ ရာသီအစ ရလဒ်ကောင်းတွေပိုင်ဆိုင်ခဲ့ပေမဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးမှာတော့ ရလဒ်ဆိုးတွေနဲ့ပဲရင်ဆိုင်ခဲ့ရတာကြောင့် နည်းပြကွန်တီကို ရာထူးက ထုတ်ပယ်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ကွန်တီရဲ့နေရာမှာ စတယ်လီနီနဲ့အစားထိုးခဲ့ပေမဲ့ ပုံမှန်ခြေစွမ်းအောက်ပဲရောက်ရှိခဲ့လို့ နည်းပြ ရိုင်ယန်မေဆင်ကို ရာသီကုန်ထိ ပြောင်းလဲခန့်အပ်လိုက်တာဖြစ်ပါတယ်။ လက်ရှိမှာတော့ နည်းပြမေဆင်ကိုင်တွယ်ခဲ့တဲ့ ပရီးမီးယားလိဂ်နှစ်ပွဲဆက်မှာ သရေတစ်မှတ်ပဲရခဲ့ပေမဲ့ တိုက်စစ်ပိုင်းထက်မြက်လာတာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာတော့ နည်းပြမေဆင်ဟာ ခံစစ်အားနည်းချက်ကို သေချာပြင်ဆင်လာမှာဖြစ်ပြီး ပထမဆုံးနိုင်ပွဲရှာရမဲ့ပွဲစဉ်လဲဖြစ်နေပါတယ်။ ဒါ့ပြင် စပါးအသင်းဟာ ၃၄ ပွဲကစားအပြီးမှာ ရမှတ် ၅၄ မှတ်နဲ့ အဆင့်(၆)ရောက်ရှိနေတာကြောင့် ချန်ပီယံလိဂ်မျှော်လင့်ချက်မရှိတော့ပေမဲ့ ယူရိုပါလိဂ်ကစားခွင့်တော့ရနိုင်သေးတာကိုတွေ့ရမှာပါ။ လက်ရှိ သူတို့အသင်းတိုက်စစ်ကိုတော့ ဟယ်ရီကိန်းက ဦးဆောင်နေပြီး ၂၅ ဂိုးထိသွင်းယူထားသလို ဆွန်ဟောင်မင်၊ ရစ်ချာလီဆန်တို့လဲ သွင်းဂိုးတွေရရှိနေတာကြောင့် စပါးအသင်းတိုက်စစ်ပိုင်းကို ပဲလေ့စ်အသင်းထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။

ပဲလေ့စ်အသင်းကတော့ နည်းပြရွိုင်ဟော့ဆန်ကိုင်တွယ်ပြီးနောက်ပိုင်း ခြောက်ပွဲမှာ တစ်ပွဲပဲရှုံးခဲ့တာကြောင့် တန်းဆင်းဇုန်က လွတ်မြောက်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ နည်းပြဗီအဲရာလက်ထက်မှာ တိုက်စစ်ပိုင်းကျဆင်းခဲ့ပေမဲ့ နည်းပြရွိုင်ဟော့ဆန်ကိုင်တွယ်ချိန်မှာတော့ တိုက်စစ်ပိုင်းထက်မြက်လာတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ နောက်ဆုံးငါးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အခုအဝေးကွင်းပွဲစဉ်မှာ သူတို့အသင်းနည်းပြအနေနဲ့ လူစုံနဲ့ပွဲထွက်ပါ့မလားဆိုတာ သတိထားရမှာဖြစ်ပါတယ်။ စပါးအသင်းကတော့ ယူရိုပါလိဂ်ကစားခွင့်အတွက် တိုက်စစ်မြှင့်တင်လာမှာသေချာပြီး အခုပွဲစဉ်ကိုအနိုင်ရဖို့ အစွမ်းကုန်ကြိုးစားလာမှာဖြစ်လို့ အဝေးကွင်းခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးတဲ့ ပဲလေ့စ်အသင်း ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါ့ပြင် သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာလဲ စပါးက သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ အသာရထားတာကြောင့် အိမ်ရှင်စပါးအသင်းကိုပဲ အားပေးရမှာပါ။

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပါး | ၂ | - | ၁ | ဘရိုက်တန် |
| စပါး | ၂ | - | ၃ | ဘုန်းမောက် |
| နယူးကာဆယ် | ၆ | - | ၁ | စပါး |
| စပါး | ၂ | - | ၂ | မန်ယူ |
| လီဗာပူး | ၄ | - | ၃ | စပါး |

**ပဲလေ့စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိဒ် | ၁ | - | ၅ | ပဲလေ့စ် |
| ဆောက်သမ်တန် | ၀ | - | ၂ | ပဲလေ့စ် |
| ပဲလေ့စ် | ၀ | - | ၀ | အဲဗာတန် |
| ဝုဗ် | ၂ | - | ၀ | ပဲလေ့စ် |
| ပဲလေ့စ် | ၄ | - | ၃ | ဝက်စ်ဟမ်း |

**လိုက်ပ်ဇစ်အသင်းကို ရွေးချယ်ရမှာပါ**

စနေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဖရိုင်းဘတ်နဲ့ လိုက်ပ်ဇစ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖရိုင်းဘတ်အသင်းဟာ အခုရာသီမှာ တိုက်စစ်ပိုင်းကောင်းတဲ့အသင်းကြီးတွေကိုသာ ရှုံးနိမ့်ခဲ့ပေမဲ့ ကျန်အသင်းကိုအနိုင်ကစားခဲ့တာကြောင့် ရလဒ်ပိုင်းကောင်းမွန်နေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ဆီမီးဖိုင်နယ်မှာ လိုက်ပ်ဇစ်နဲ့တွေ့ဆုံခဲ့ရာ ကစားကွက်ပိုင်းတည်မရဘဲ ငါးဂိုးတစ်ဂိုးနဲ့ ဂိုးပြတ်ရှုံးခဲ့လို့ ပြိုင်ပွဲကထွက်ခွာခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ လက်ရှိ အဆင့်(၄)မှာရှိနေပေမဲ့ အဆင့်(၅)က လိုက်ပ်ဇစ်နဲ့ရမှတ်နှစ်မှတ်ပဲကွာဟနေတာကြောင့် အခုပွဲစဉ်ဟာ နှစ်သင်းစလုံးအတွက် အရေးကြီးနေတာကိုသတိပြုရမှာပါ။ လက်ရှိ ဖရိုင်းဘတ်အသင်းတိုက်စစ်ပိုင်းမှာ ဂရစ်ဖိုက သွင်းဂိုး ၁၃ ဂိုးနဲ့ ဂိုးသွင်းအများဆုံးနဲ့ဦးဆောင်နေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း လိုက်ပ်ဇစ်နဲ့တွေ့ဆုံခဲ့တဲ့ပွဲတွေမှာ နိုင်ပွဲမရခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ ရှုံးကန်ရဖို့များပါတယ်။

လိုက်ပ်ဇစ်အသင်းဟာ နောက်ဆုံးငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ တိုက်စစ်ပိုင်းက သွင်းဂိုး ကိုးဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ အဓိကတိုက်စစ်မှူး အန်ကူကူ ပြန်လည်ပါဝင်လာနိုင်သလို ခြေစွမ်းပြကစားသမားအားလုံး ဒဏ်ရာကင်းစင်လာတာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းထက်မြက်နေတာကိုတွေ့ရမှာပါ။ လိုက်ပ်ဇစ်အသင်းဟာ ပြီးခဲ့တဲ့ကြားရက်က ဖရိုင်းဘတ်နဲ့ပိုကယ်ဖလားပွဲစဉ်မှာလဲ ငါးဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီမှာ ခြေစွမ်းပြကစားသမားတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သလို တီမိုဝါနာ၊ ဆက်ကိုတို့လို ကစားသမားတွေကိုလဲ ခေါ်ယူအားဖြည့်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ရာသီအစမှာ အဓိက ကစားသမားတွေဒဏ်ရာပြဿနာကြုံခဲ့လို့ ရလဒ်ပိုင်းကျဆင်းခဲ့ပေမဲ့ အခုချိန်မှာတော့ ကစားသမားအားလုံးပြန်လည်ကစားနိုင်တာကြောင့် ကစားအားတိုးတက်လာပြီး ရလဒ်ပိုင်းကောင်းမွန်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် တိုက်စစ်မှူး အန်ကူကူဟာ ဖရိုင်းဘတ်နဲ့ကစားခဲ့တဲ့ နောက်ဆုံးသုံးပွဲစလုံး ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ လိုက်ပ်ဇစ်ဟာ အမှတ်ပေးဇယားအဆင့်(၅)မှာ ရောက်နေပေမဲ့ အဆင့်(၃)နဲ့ အဆင့်(၄) အသင်းတွေနဲ့ ရမှတ်နှစ်မှတ်ပဲကွာဟတာကြောင့် ချန်ပီယံလိဂ်ကစားခွင့်အတွက် အခွင့်အရေးရှိနေသလို အခုပွဲစဉ်ကိုအနိုင်ရရင် အဆင့်(၄)ထိ တက်ရောက်ဖို့ သေချာပါတယ်။ ဒါကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် တိုက်စစ်ဖွင့်ကစားပြီး ဖရိုင်းဘတ်အသင်းကို ပွဲချိန်ပြည့်ဖိအားပေးလာမဲ့ လိုက်ပ်ဇစ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ဖရိုင်းဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရိုင်းဘတ် | ၀ | - | ၁ | ဘိုင်ယန်မြူးနစ် |
| ဝါဒါဘရီမင် | ၁ | - | ၂ | ဖရိုင်းဘတ် |
| ဖရိုင်းဘတ် | ၄ | - | ၀ | ရှော့လ်ကေး |
| ကိုလုံး | ၀ | - | ၁ | ဖရိုင်းဘတ် |
| ဖရိုင်းဘတ် | ၁ | - | ၅ | လိုက်ပ်ဇစ် |

**လိုက်ပ်ဇစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟာသာဘာလင် | ၀ | - | ၁ | လိုက်ပ်ဇစ် |
| လိုက်ပ်ဇစ် | ၃ | - | ၂ | အော့စ်ဘတ် |
| လေဗာကူဆင် | ၂ | - | ၀ | လိုက်ပ်ဇစ် |
| လိုက်ပ်ဇစ် | ၁ | - | ၀ | ဟော်ဖန်ဟိမ်း |
| ဖရိုင်းဘတ် | ၁ | - | ၅ | လိုက်ပ်ဇစ် |

**အေစီမီလန်အသင်းကို အားပေးရမှာပါ**

စနေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အေစီမီလန်နဲ့လာဇီယိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အေစီမီလန်အသင်းဟာ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ နာပိုလီ၊ ရိုးမားတို့လိုအသင်းတွေနဲ့ ပွဲကျပ်ကစားခဲ့ရတာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာတော့ သူတို့အသင်းဟာ ခံစစ်ပိုင်းကောင်းမွန်ခဲ့သလို အနည်းဆုံး သရေတစ်မှတ်ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အဆင့်(၂)က လာဇီယိုအသင်းနဲ့ ရမှတ် ခြောက်မှတ်ပဲကွာဟတာကြောင့် လက်ကျန်ပွဲစဉ်တွေကို အာရုံစိုက်ကစားနိုင်ရင် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ သေချာသလောက်ရှိပါတယ်။ လက်ရှိ သူတို့အသင်းတိုက်စစ်ကိုတော့ ဂီရော့ဒ်၊ လီအို၊ ဒီယက်စ်တို့အတွဲက ဦးဆောင်နေပြီး လီအိုက သွင်းဂိုး ၁၂ ဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ လာဇီယိုအသင်းက ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ အကျဘက်ရောက်နေသလို အေစီမီလန်နဲ့ကစားခဲ့တဲ့ နောက်ဆုံးအဝေးကွင်းသုံးပွဲစလုံး ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ရမှတ်လိုအပ်နေတဲ့ ပိုင်အိုလီဟာ ခံစစ်ပိုင်းကျဆင်းနေတဲ့လာဇီယိုကိုဖိအားပေးပြီး နိုင်ပွဲရှာနိုင်မှာ သေချာပါတယ်။

လာဇီယိုအသင်းဟာ နည်းပြဆာရီလက်ထက်မှာ ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် အမှတ်ပေးပြိုင်ပွဲမှာ ရလဒ်ကောင်းခဲ့ပြီး ၃၃ ပွဲကစားအပြီးမှာ ၁၉ ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၂)မှာ ရပ်တည်နေတာကိုတွေ့ရမှာပါ။ လက်ရှိမှာတော့ သူတို့အသင်းတိုက်စစ်ကို ဇာကာနီ၊ အန်ဒါဆင်၊ အင်မိုဘိုင်းတို့ ဦးဆောင်နေပြီး ဇာကာနီက သွင်းဂိုး ၁၀ ဂိုးနဲ့ဂိုးသွင်းအများဆုံးဖြစ်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းရဲ့ထိပ်တန်းဂိုးသွင်းရှင်ဖြစ်တဲ့ အင်မိုဘိုင်းကတော့ အသက်အရွယ်ရလာတာကြောင့် ပွဲချိန်ပြည့်မကစားနိုင်တော့သလို ခံစစ်ကောင်းတဲ့အသင်းတွေဆို ဂိုးရဖို့ခက်ခဲလာတာကိုသတိပြုရမှာပါ။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့အဝေးကွင်းပွဲစဉ်မှာ အင်တာမီလန်ကိုသုံးဂိုးပြတ်ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ နည်းပြနှစ်ယောက်စလုံးက ဝါရင့်နည်းပြတွေဖြစ်နေပြီး နည်းစနစ်ပိုင်းကြွယ်ဝပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့စွမ်းဆောင်ရည်ပိုင်းမှာတော့ အေစီမီလန်က လာဇီယိုထက်အသာရနေတာဖြစ်ပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့ အေစီမီလန်အသင်းကိုပဲ အားပေးရမှာပါ။

**အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုလော့နာ | ၁ | - | ၁ | အေစီမီလန် |
| နာပိုလီ | ၁ | - | ၁ | အေစီမီလန် |
| အေစီမီလန် | ၂ | - | ၀ | အယ်ချီ |
| ရိုးမား | ၁ | - | ၁ | အေစီမီလန် |
| အေစီမီလန် | ၁ | - | ၁ | ခရီမိုနန်စီ |

**လာဇီယိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လာဇီယို | ၂ | - | ၁ | ဂျူဗင်တပ် |
| စပီဇီယာ | ၀ | - | ၃ | လာဇီယို |
| လာဇီယို | ၀ | - | ၁ | တိုရီနို |
| အင်တာမီလန် | ၃ | - | ၁ | လာဇီယို |
| လာဇီယို | ၂ | - | ၀ | ဆက်ဆူအိုလို |

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၉၃ သန်းရရှိထား



ရန်ကုန် မေ ၄

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ သစ်တောထွက်ပစ္စည်း တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၉၃ သန်း ရရှိထားကြောင်း မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းများ တင်ပို့ရောင်းချသူများအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဦးမင်းအောင်က ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှ သစ်တောထွက်ပစ္စည်းများ နိုင်ငံတကာသို့တင်ပို့နိုင်မှုမှာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလအတွင်း ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၉၃ သန်း ရရှိထားကာ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဥရောပသမဂ္ဂနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ အဓိကတင်ပို့နေခြင်း ဖြစ်ကြောင်း သိရသည်။

"၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလအတွင်း ပြည်ပနိုင်ငံတွေကို သစ်တောထွက်ပစ္စည်းတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၉၃ သန်းရရှိခဲ့ပါတယ်။ အဲဒီလို တင်ပို့ရာမှာ ကျွန်းသစ်ခွဲသား၊ သစ်မာခွဲသား၊ သစ်ပါးလွှာ၊ အထပ်သားတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၇ သန်းနဲ့ အခြားသစ်တောထွက်ပစ္စည်းတွေဖြစ်တဲ့ ဝါး၊ ကြိမ်၊ ရှားစေး၊ လျှော်၊ ပျားဖယောင်း၊ ချိပ်၊ သင်ပေါင်းသား တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၁၆ သန်း ရရှိထားတာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းများ တင်ပို့ရောင်းချသူများအသင်းမှ ဗဟို အလုပ်အမှုဆောင် ဦးမင်းအောင်က ပြောပြသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့လျက်ရှိသည့် သစ်တောထွက်ပစ္စည်းများမှာ ကျွန်းသစ်ခွဲသား၊ သစ်မာခွဲသား၊ သစ်ပါးလွှာ၊ အထပ်သားနှင့် အခြားသစ်တောထွက်ပစ္စည်းများဖြစ်သည့် ဝါး၊ ကြိမ်၊ ရှားစေး၊ လျှော်၊ သနပ်ခါး၊ ဖာလာစေ့၊ ပျားဖယောင်း၊ ချိပ်၊ သင်ပေါင်းသား၊ အင်တွဲ၊ ပွဲလျက်၊ ကညင်ဆီ၊ ထင်းရှူးဆီ၊ လင်းနို့ချေး၊ သစ်ခွ၊ သစ်စေး၊ ဘုမ္မရာဇာ၊ ငှက်သိုက်၊ ဓနိ၊ သက်ငယ်နှင့် ကရမက် စသည်တို့ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် သစ်တောထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ခြင်းကို စီစစ်ဆောင်ရွက်နေသကဲ့သို့ သစ်တောသယံဇာတများ ပြုန်းတီးလျော့နည်းမှုကို တားဆီးကာကွယ်ရန် ရည်ရွယ်၍ သစ်ထုတ်လုပ်မှုပမာဏကို နှစ်စဉ် လျှော့ချခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်နိုင်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းများ တင်ပို့ ရောင်းချသူများအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဦးမင်းအောင်ထံမှ သိရသည်။ ASH

# စလင်းမြို့နယ်၌ ဆိုလာရေတင်စနစ်ဖြင့် ရေလုံလောက်စွာရရှိမှု စစ်ဆေး

စလင်း မေ ၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်ကြင်းပင်လှ(န) ကျေးရွာ၌ ကျေးလက်နေပြည်သူများ ဆီထွက်သီးနှံများစိုက်ပျိုးရာတွင် စိုက်ပျိုးရေအထောက်အကူပြု ဆိုလာရေတင်စနစ်ဖြင့် ရေလုံလောက်စွာ ရရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ အင်ကြင်းပင်လှ(န)ကျေးရွာ၌ ဆိုလာရေတင်စနစ်အသုံးပြု၍ ဆီထွက်သီးနှံစိုက်ပျိုးထားသော တောင်သူများ၏ စိုက်ပျိုးရေလုံလောက်စွာရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ဆိုလာရေတင်စနစ် ရေရှည်အသုံးပြုနိုင်ရေးအတွက် ပိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

အင်ကြင်းပင်လှ(န)ကျေးရွာ၌ စိုက်ပျိုးရေ အထောက်အကူပြု ဆိုလာရေတင်စနစ်ဆောင်ရွက်ထားသည့်အတွက် ကျေးရွာရှိအိမ်ခြေ ၈၅ အိမ်နှင့် လူ ၃၇၈ ဦးတို့ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေလွယ်ကူစွာ ရရှိခြင်း၊ ဆိုလာစနစ်ဖြစ်သည့်အတွက် ဒီဇယ်ဆီဖိုးသက်သာခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမှ ကာကွယ်နိုင်ခြင်း၊ ရာသီအလိုက် အချိန်မီ ရေသွင်းစိုက်ပျိုးနိုင်သောကြောင့် သီးနှံများအထွက်တိုးခြင်း၊ ရာသီပေါ်သီးနှံများ ပိုမိုစိုက်ပျိုးလာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ စွာရရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

အထွေး

## စာအုပ်စာပေ လူ့မိတ်ဆွေ

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၅-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၇၅ | ၁၉၂၅ | ၁၉၂၀ | ၁၈၈၅ | ၁၉၂၅ | ၁၉၄၅ | ၁၉၃၀ | ၁၉၁၀ | ၂၀၀၅ | ၂၀၂၅ | ၁၉၁၅ | ၁၉၂၅ | ၁၉၆၀ | ၁၉၆၀ | ၁၉၆၅ | ၂၁၉၅ | ၂၈၁၀ |
| 95 Ron | ၁၉၄၅ | ၁၉၉၅ | ၁၉၉၅ | ၁၉၅၅ | ၁၉၉၅ | ၂၀၂၀ | ၂၀၀၅ | ၁၉၈၀ | ၂၀၈၀ | ၂၀၉၅ | ၁၉၈၅ | ၂၀၀၅ | ၂၀၃၅ | ၂၀၃၅ | ၂၀၃၅ | ၂၂၆၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၈၀၅ | ၁၈၅၅ | ၁၈၅၀ | ၁၈၁၅ | ၁၈၅၅ | ၁၈၇၅ | ၁၈၇၀ | ၁၈၄၀ | ၁၉၆၀ | ၁၉၅၅ | ၁၈၄၅ | ၁၈၅၅ | ၁၈၉၀ | ၁၈၉၀ | ၁၈၉၅ | ၂၁၂၅ | ၂၉၀၀ |
| HSD (50 ppm) | ၁၈၈၅ | ၁၉၃၅ | ၁၉၃၀ | ၁၈၉၅ | ၁၉၃၅ | ၁၉၅၅ | ၁၉၅၀ | ၁၉၂၀ | ၂၀၄၀ | ၂၀၃၅ | ၁၉၂၅ | ၁၉၃၅ | ၁၉၇၀ | ၁၉၇၀ | ၁၉၇၅ | ၂၂၀၅ | ၂၉၃၀ |
| HSD (10 ppm) | ၁၈၈၅ | ၁၉၃၅ | ၁၉၃၀ | ၁၈၉၅ | ၁၉၃၅ | ၁၉၅၅ | ၁၉၅၀ | ၁၉၂၀ | ၂၀၄၀ | ၂၀၃၅ | ၁၉၂၅ | ၁၉၃၅ | ၁၉၇၀ | ၁၉၇၀ | ၁၉၇၅ | ၂၂၀၅ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၇၅ | ၁၈၄၄ |
| 95 Ron | ၁၈၄၄ | ၁၉၁၅ |
| HSD (500 ppm) | ၁၇၁၁ | ၁၇၇၄ |
| HSD (50 ppm) | ၁၇၈၅ | ၁၈၅၀ |
| HSD (10 ppm) | ၁၇၈၅ | ၁၈၅၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ





## ဖခင်အမည်မှန်

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမက(၆)၊ Grade-3 (အောင်)မှ မောင်ခန့်ဘုန်းပြည့် ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးပိုင်ဖြိုးသူ ဖြစ်ပါကြောင်း။

**ဦးပိုင်ဖြိုးသူ(၁၄/ဝခမ(နိုင်)၂၈၅၇၆၉)**

## ပျောက်ဆုံးကြောင်း

တောင်သာမြို့နယ်၊ လှည်းကူးမကျေးရွာနေ မဒွေးဒွေးနွယ် (ဘ) ဦးတိုင်းကျော် (၉/တသန(နိုင်)၂၀၆၂၇၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME- 431568) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၇၂၅၁၇၆၇၃**

## ပျောက်ဆုံးကြောင်း

မလှိုင်မြို့နယ်၊ ညောင်အုပ်ရွာနေ မအိနန္ဒာ (ဘ) ဦးတင်ရွှေ (၉/မလန(နိုင်)၁၉၆၄၄၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME- 367074) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၆၈၇၄၈၉၇၀၂**

### ပျောက်ဆုံးကြောင်း

မင်းကင်းမြို့နယ်နေ ကျော်စွာဝင်း (ဘ) ဦးတင်ဝိုင် (၅/မကန(နိုင်)၀၈၅၆၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-749444)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၆၂၃၃၀၆၆

### ပျောက်ဆုံးကြောင်း

ကနီမြို့နယ်နေ သူဇာမြင့် (ဘ) ဦးမိုးလှ (၅/ကနန(နိုင်)၁၅၁၀၆၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-612071)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၄၅၀၃၀၇

## အထူးဝမ်းနည်းကြေကွဲခြင်း

လက်ပံလှ-စဉ့်ကူးမြို့နယ်နေ အိုင်ကွန် ဖုန်းနှင့်ဖုန်းပစ္စည်းဆိုင်ပိုင်ရှင် ဒေါ်ညွန့်စန်းရီ ၏ခင်ပွန်းဖြစ်သူ **ဦးဆွေတင် အသက်(၆၉)နှစ်** သည် ၃-၅-၂၀၂၃ ရက်နေ့ နံနက် ၆နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဝင်း(ရွှေစပယ်ဦး)မိဒီယို မိသားစု၊ မန္တလေး**

**ဥတ္တရာသီ တောကိုမှီ**

### ပျောက်ဆုံးကြောင်း

မော်လမြိုင်ကျွန်းမြို့နေ မင်းမင်းဇော် (ဘ) ဦးသောင်းစိန် (၁၄/မမက(နိုင်)၀၆၆၇၈၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-65425)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၆၃၂၂၁၆၅

### ပျောက်ဆုံးကြောင်း

ဇရပ်ကလေးမြို့နေ အောင်အောင် (ဘ) ဦးလှသန်း (၁၄/ဇရက(နိုင်)၀၀၈၄၂၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-325057)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၀၇၈၃၃၅၆

### ပျောက်ဆုံးကြောင်း

မအူပင်မြို့နေ သန့်ဇင်အောင်(ဘ) ဦးမောင်အေး (၁၄/မအပ(နိုင်)၃၀၉၂၃၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-606491)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၉၈၂၆၅၇၆

### ပျောက်ဆုံးကြောင်း

ဖျာပုံမြို့နေ ဆဲ့ယဉ်ရွှေ (ဘ) ဦးမြင့်နိုင် (၁၄/ဖပန(နိုင်)၂၀၉၄၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-481118)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၅၃၇၁၉၉၄၄

### ပျောက်ဆုံးကြောင်း

အင်္ဂပူမြို့နေ နေဇော်ဆင်းသား (ဘ) ဦးဖေအေး (၁၄/အဂပ(နိုင်)၁၆၀၇၈၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-831162)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၆၀၇၄၅၀၁၈

### ပျောက်ဆုံးကြောင်း

ဝါးခယ်မမြို့နေ ဆမင်းခိုင်ထက် (ဘ) ဦးခင်နိုင် (၁၄/ဝခမ(နိုင်)၂၉၀၆၉၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-917942)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၄၀၆၆၁၂၆၀

**မီး သတိပြု**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်...

❖ တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်သူ(Guardian)အဖြစ် ယင်းတာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်၏ ဓစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂.၁၂.၂၀၂၂

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုရရှိမှုစာရင်းတွင် မြန်မာနိုင်ငံက အဆင့်(၆)၌ ရပ်တည်



(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် သုံးခုရရှိခဲ့သည့် ဗိုဗီနမ်အားကစားအဖွဲ့ကို တွေ့ရစဉ်။

**ရန်ကုန် မေ ၄**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)တွင် ယနေ့ကျင်းပသည့် ပြိုင်ပွဲများအပြီး နိုင်ငံအလိုက် ဆုရရှိမှုစာရင်းတွင် မြန်မာနိုင်ငံက အဆင့်(၆)၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

ယနေ့ကျင်းပခဲ့သည့် ပြိုင်ပွဲများအပြီး နိုင်ငံအလိုက် ဆုရရှိမှုစာရင်း၌ အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံက ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် လေးခု စုစုပေါင်း ဆုတံဆိပ်ကိုးခုဖြင့် ထိပ်ဆုံးက ဦးဆောင်လျက်ရှိနေပြီး မြန်မာနိုင်ငံက ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ် သုံးခု စုစုပေါင်း ဆုတံဆိပ်လေးခုဖြင့် အဆင့်(၆)တွင် ရပ်တည်လျက်ရှိသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

**၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံ သင်တန်းများနှင့် တန်းမြင့် သင်တန်းများကို သက်ဆိုင်ရာမြို့နယ် အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ**

စာမျက်နှာ - ၁၇

**ထူးခြားသည့် နေ့အပူချိန်များ (၄-၅-၂၀၂၃)**

| | |
|---|---|
| ဘောလခဲမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| မြင်းမူမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ချောက်မြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ပြည်မြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |

